ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်

နီပွါဘိညာသဒ္ဓမ္မရံသီရိပ်သာနာယက

ဆရာတော် ဦးဥတ္တံသ

ဟောကြားအပ်သော

ဝိပဿနာရှုနည်း ပူဇော်နည်း တရားတော်

ကောစောသတ္တရာဇ် ဘုရင်ခံ နှစ်၊ ခရစ်နှစ် ၂၀၀၇ ခု၊

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်

ခိပ္ပါဘိညာသဒ္ဓမ္မရံသီရိပ်သာနာယက

ဆရာတော် ဦးဥဇ္ဇံသ

ဟောကြားအပ်သော

ဝိပဿနာဂ္ဂနယ်း ဖူသေစည်း

တရားတော်

ကောဇာသက္ကရာဇ် - ၁၃၆၃ ခု

ခရစ်နှစ် - ၂၀၀၇ ခု



ပုံနှိပ်မှတ်တမ်း

စာအုပ်အမည် ■ ၃၂၀၀ ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ ■ ၁၀၀၀

ထုတ်ဝေသူ ■ ဦးကျော်ဟင်း

ယုံကြည်ချက်စာပေ

အမှတ်(၁၁၁)၊ ၃၃-လမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ■ ဦးတင်အောင်ကျော်

စွယ်တော်ပုံနှိပ်တိုက်

အမှတ်(၈၇)၊ ၅၆-လမ်း၊

ပဌမတောင်မြို့နယ်၊ ရန်ကုန်။

တန်ဖိုး ■

ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်

ခိပ္ပါဘိညာသဒ္ဓမ္မရံသီရိပ်သာနာယက

ဆရာတော် ဦးဥက္ကံသ

(၅၇)နှစ်မြည့် မွေးနေ့ပူဇော်အဖြစ်

ဦးတင်စိုးနှင့်(သမီး) မသက်သက်ဆွေ

တို့အား ရည်စူး၍

ဒေါ်လှခင် သား၊သမီး၊မြေး မိသားစု

ကောင်းမှု

မာတိကာ

နိဒါန်း (က–ဂ)

၁■ ဝိပဿနာရှုနည်း မူသေစည်းတရားတော် ၁
(ပထမပိုင်း)

၂■ ဝိပဿနာရှုနည်း မူသေစည်းတရားတော် ၅၇
(ဒုတိယပိုင်း)

၃■ ဝိပဿနာရှုနည်း မူသေစည်းတရားတော် ၁၁၇
(တတိယပိုင်း)

ဗုဒ္ဓဘာသာဝင် အများစုကလည်းပဲ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ဖို့ရန် ရုပ်နာမ်ခပ်သိမ်း၊ ကိလေသာခပ်သိမ်းတို့မှ ကင်းငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်ဖို့ရန် ရည်သန်တောင့်တပြီးတော့ ဝိပ သနာတရားများ ကြိုးစားအားထုတ်လျက်ရှိနေကြပါသည်။

သို့ရာတွင် ဝိပဿနာတရားအားထုတ်နေကြသော တချို့တချို့ယောဂီများက ဟိုနည်းကမှန်သလိုလို၊ ဒီနည်း ကမှန်သလိုလိုနဲ့ ယုံမှားသံသယတွေဖြစ်တတ်ကြပါတယ်။ ဟိုနည်းကကောင်းတယ်၊ ဒီနည်းကမကောင်းဘူး၊ ဟိုနည်း ကပင်ပန်းတယ်၊ ဒီနည်းကသက်သာတယ် စသည်ဖြင့် ဒီလိုလည်းပဲ ဝေဖန်ပြောဆိုနေကြတာ တွေ့ရပါတယ်။

ဒါကြောင့် ဝိပဿနာတရား ရှုမှတ်ပွားများအားထုတ်နေကြတဲ့ ယောဂီပုဂ္ဂိုလ်များ မိမိတို့ရှုမှတ်အားထုတ် နေကြတဲ့ ဝိပဿနာလုပ်ငန်းစဉ် အကျင့်တရားများဟာ မှန်ကန်တဲ့အကျင့်တရား၊ မှန်ကန်တဲ့နည်းလမ်းဖြင့် ရှုမှတ် နေရတာပဲ၊ ပွားများနေရတာပဲလို့ မိမိတို့ကျင့်ကြံပွားများ နေတဲ့ တရားတွေအပေါ်မှာ ယုံမှားသံသယ ကင်းရှင်းစွာ ဖြင့် ဆက်လက်ပွားများ အားထုတ်နိုင်ကြစေရန် ရည်ရွယ် ၍ ဤဝိပဿနာရှုနည်း မူသေစည်းဆိုတဲ့ တရားဒေသနာ တော်ကို ဟောကြားပေးရခြင်း ဖြစ်ပါတယ်။

ဒီလို ဟောကြားတဲ့အခါမှာလည်းပဲ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်လာ သီလဝန္တ၊ သုတဝန္တသုတ်များနှင့် ကျေးဇူး တော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော် မူခဲ့တဲ့ သီလဝန္တသုတ္တန်တရားတော်များကို လေ့လာမှတ် သား၍ ဟောကြားပေးခြင်း ဖြစ်ပါတယ်။ ဤကဲ့သို့ ဟောကြားခဲ့သော တရားတော်များကို လိုအပ်သည်များ ထပ်မံဖြည့်စွက်၍ တရားစာအုပ်အဖြစ် ဓမ္မဒါနပြု၍ ထုတ် ဝေလိုက်ရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဤတရားတော်စာအုပ်ကို ဖတ်ရှုလေ့ လာကြရတဲ့ ယောဂီများနှင့် အားထုတ်လိုကြတဲ့ ဓမ္မမာ မကပုဂ္ဂိုလ်များအနေနဲ့ ဤစာအုပ်၌ပါရှိသော ဝိပဿနာ ရှုရမည့်တရားများ ရှုမှတ်ပုံအခြင်းအရာတို့ကို ကိုယ်တိုင် ကိုယ်ကျသိရှိ သဘောပေါက်ကြပြီးလျှင် မှန်ကန်တဲ့ရှုနည်း မှတ်နည်းတို့ဖြင့် ပွားများအားထုတ်နိုင်ကြ၍ မိမိတို့အလို ရှိအပ် တောင့်တအပ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

ဆရာတော်ဦးဥက္ကံသ

ဓိပ္ပါဘိညာသဒ္ဓမ္မရံသီရိပ်သာ



နာယကဆရာတော် ဦးဥက္ကံသ

ခိပ္ပါဘိညာ သဒ္ဓမ္မရံသီရိပ်သာ အင်းတိုင်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်
ခိပ္ပါဘိညာသဒ္ဓမ္မရံသီရိပ်သာနာယက

ဆရာတော်ဦးဥက္ကံသ

ဟောကြားအပ်သော

ဝိပဿနာဂ္ဂနည်း မူသေစည်းတရားတော်
(ပထမပိုင်း)

ယနေ့ ၁၃၆၈-ခု၊ ဝါခေါင်လဆန်း (၈)ရက်နေ့၊ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ် ခိပ္ပါဘိညာသဒ္ဓမ္မရံသီ ရပ်သာအတွင်း၌ အားထုတ်ဆယောဂများနှင့်တကွ ဥပသ်သည် ယောဂီသူတော်စင် ပရိသတ်များအတွက် ဘုန်းကြီးဟောကြားလိုတဲ့ တရားတော်ကတော့ ဝိပဿနာဂ္ဂနည်း မူသေစည်းတရားတော်။

ဘာတရားတော်ပါလဲ?

ဝိပဿနာရှုနည်း မူသေစည်းတရားတော်ပါဘုရား။

ဝိပဿနာရှုနည်း မူသေစည်းတရားတော်ကို မဟောကြားမီ၊ မနာကြားမီ ယနေ့သံဃာတော်အရှင်မြတ်များနှင့်တကွ အားလုံးသောအားထုတ်ဆဲယောဂီ၊ ဥပုသ်သည်သူတော်စင် ပရိတ်သတ်အပေါင်းတို့၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အာရုံပြု၍ အာရုံဆွမ်း၊ နေ့ဆွမ်း၊ ညနေဖျော်ရည်အစရှိသော လှူဖွယ်ပစ္စည်းအသီးသီးတို့ကို ဆက်ကပ်လှူဒါန်းပူဇော်ကြကုန်သော ကုသိုလ်ရှင်၊ စေတနာရှင်များ အစထားပြီးတော့ အားလုံးသော သုခိတ၊ဒုက္ခိတ သတ္တဝါအပေါင်းတို့အားလည်းပဲ မေတ္တာဘာဝနာပွားပြီး တရားပွဲစကြရအောင်။

ဘေးရန်ပေါလှ၊ လောကတွင်းမှာ၊ သူသူငါကို၊
ချမ်းသာပြုလတ်၊ အအေးဓာတ်မေတ္တာ၊ လရောင်
ဝါ၊ ပြောင်စွာထွန်းပပါစေသတည်း။

မေတ္တာဖွေးလျှပ်၊ အအေးဓာတ်ဆောင်၊ လရောင်
တွေလတ်၊ ဇာတ်အဖြာဖြာ၊ သတ္တဝါ၊ ချမ်းသာ
ကြပါစေ။

မေတ္တာနိသာကရော လောကေ၊ သမ္မာဘာတု သုခံကရော။

မေတ္တာသီတလ ရံသီဟိ၊ သုခဒ္ဓ ဖုသိတာပဇာ။
လောကေ၊ သတ္တဝါအလီလီ ခိုမှီပေါလတ် လောကဓာတ်ကမ္ဘာတွင်း၌။ မေတ္တာနိသာကရော၊ မေတ္တာအေးလူ ဖွေးဖြူးပဝင်း ငွေလမင်းကြီးသည်။ သမ္မာ၊ သတ္တဝါတွေ အေးမြစေဖို့ အသရေရွှန်းကာ ကောင်းမွန်စွာ။ သုခံကရော၊ သူလည်းဝမ်းသာ ငါလည်းရွှင်ပြိုး နှလုံးစိတ်ဝမ်း လန်းလာယခု ချမ်းသာကိုပြုလျက်။ ဘာတု၊ ရန်လည်းကင်းဝေး ဘေးလည်းမခ အအေးရ အောင် ရွှန်းမြအသရေ ထွန်းပနိုင်ပါစေ။

မေတ္တာသီတလ ရံသီဟိ၊ မေတ္တာဖွေးလျှပ် အအေး ဓာတ်ဆောင်သည့် အရောင်အဝါတို့သည်။ ဖုသိတာ၊ အဖုံဖုံလွှမ်း ထုံမွှမ်းမလပ် တွေ့ထိအပ်ကုန်သော။ ပဇာ၊ ကမ္ဘာခေတ်ဗွေ အပြည်ပြည်၌ တည်နေများစွာ သတ္တဝါတို့ သည်။ သုခဒ္ဓ၊ ကိုယ်စိတ်အေးကာ ဘေးရန်ကွာ၍ ဝမ်းသာတကွ ချမ်းသာကြပါစေကုန်သတည်း။

သာဓု... သာဓု...သာဓု ပါဘုရား။

ဝိပဿနာရှုနည်း မူသေစည်းတရားတော်ဆိုတဲ့ အတိုင်း ဘုန်းကြီးတို့ယောဂီများ ဝိပဿနာရှုနည်း၊မှတ်နည်းနဲ့ ပတ်သက်လို့ယုံမှားသံသယတွေ မဖြစ်ရအောင် ရှုပုံရှုနည်းတွေကိုလည်းပဲ သေသေချာချာ၊ နည်းမှန်လမ်းမှန်နားလည်ရအောင် ဟောကြားရမှာဖြစ်တဲ့အတွက် တစ်နာရီလောက်နဲ့တော့ ပြည့်စုံမှာမဟုတ်ဘူး။

ဒါကြောင့် ဒီတရားတော်ကို ဘုန်းကြီးတို့ယောဂီများ သုံးပတ်လောက်ဆက်ပြီး နာကြရလိမ့်မယ်။

ဘယ်နှစ်ပတ်လောက် နာကြားရမှာပါလိမ့်?

သုံးပတ်လောက်နာကြားရပါမယ်ဘုရား။

ဒါကြောင့် ဒီနေ့ပထမပိုင်းအနေနဲ့ ဒီတရားတော်ကို နိဒါန်းကစပြီးတော့ ဟောကြရ၊ နာကြရအောင်- အခါတစ်ပါး အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးနှင့် အရှင်မဟာကောဋ္ဌိကမထေရ်မြတ်ကြီးတို့ ဗာရာဏသီမြို့ရဲ့အနီး ဣသိပတနအမည်ရတဲ့ မိဂဒါဝုန်လို့ခေါ်တဲ့ တောရဂုံမှာ ဣရိယာပထ မျှတရှင်ပြီးသီတင်းသုံးပြီးတော့ နေတော့မူခဲ့ပါတယ်။

တစ်ချိန်တုန်းက အရှင်သာရိပုတ္တရာမထေရ်မြတ်

ကြီးနှင့် အရှင်မဟာကောဋ္ဌိကဆိုတဲ့ မထေရ်မြတ်ကြီး နှစ်ပါး ဘယ်မှာသီတင်းသုံးပြီးတော့နေပါလိမ့်?

မိဂဒါဝုန်တောမှာပါဘုရား။

မိဂဒါဝုန်တောမှာ သီတင်းသုံးပြီးတော့ တရားဓမ္မတွေ ကျင့်ကြံပွားများပြီး အားထုတ်နေကြပါတယ်။

တစ်နေ့သောအချိန်ကာလ ဆည်းဆာရောင်သန်းတဲ့ ညနေချမ်းရောက်လာတဲ့အခါ နေကလည်းဝင်တော့မည့်အချိန် ကောင်းကင်ယံမှာလည်းပဲ တိမ်တောင်တိမ်လိပ်တွေက အရောင်မျိုးစုံ ယှက်သန်းပြီးတော့ အေးချမ်းတင့်တယ်နေတဲ့ ညနေချမ်းအချိန်ကာလမှာ အရှင်မဟာကောဋ္ဌိကမထေရ်မြတ်ကြီးက တရားနှလုံးကျင့်သုံးတဲ့နေရာကနေဖဲခွါပြီးတော့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး သီတင်းသုံးပြီးနေတော်မူတဲ့ နေရာဌာနရောက်ရှိပြီး လာခဲ့ပါတယ်။

ဘယ်ကိုရောက်လာပါလိမ့်?

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးထံ ရောက်လာပါတယ်ဘုရား။

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး သီတင်းသုံးပြီးနေတဲ့နေရာဌာန ရောက်ပြီးတော့လာတယ်။ အရှင်သာရိ

ပုတ္တာရာမထေရ်မြတ်ကြီးထံမှောက် ရောက်တဲ့အခါကျတော့ ကောင်းမွန်စွာချဉ်းကပ်လို့ ရိုသေစွာရှိခိုးပြီးတော့ အရှင်သာရိပုတ္တာရာမထေရ်မြတ်ကြီးကို လျှောက်ထားပါတယ်။ သူလျှောက်ထားတဲ့ စကားလေးက ဘယ်လိုလဲဆိုတော့-

သီလဝတာဝုသော သာရိပုတ္တ ဘိက္ခုနာ ကတမေဓမ္မာ ယောနိသော မနသိကာတဗ္ဗာ။

အာဝုသောသာရိပုတ္တ၊ ငါ့ရှင်သာရိပုတ္တရာ။ သီလဝတာ၊ ပါတိမောက္ခ မြတ်သီလနှင့် ပြည့်ဝစုံလင်ဂုဏ်အင်ရှိ၍နေသော။ ဘိက္ခုနာ၊ သံသရာဘေး လာမည့်ရေးကို မျှော်တွေးဆင်ခြင် ယောဂီသူတော်စင်ပုဂ္ဂိုလ်သည်။ ကတမေဓမ္မာ၊ တကယ်မမှား အဘယ်တရားတို့ကို။ ယောနိသော၊ နည်းမှန်လမ်းမှန် အကျင့်အားဖြင့်။ မနသိကာတဗ္ဗာ၊ မဂ်ဖိုလ်နိဗ္ဗာန် စိတ်ရည်သန်၍ မှန်စွာမယွင်းနှလုံးသွင်းအပ်ပါသနည်း အရှင်ဘုရား။

သာဓု...သာဓု...သာဓု ပါဘုရား။

ဆိုလိုရင်းကတော့-ငါ့ရှင်သာရိပုတ္တရာ ပါတိမောက္ခ သံဝရသီလလို့ဆိုတဲ့ သီလနှင့်ပြည့်စုံတဲ့ ရဟန်းပဲဖြစ်စေ၊ လူပဲဖြစ်စေ တကယ့်သံသရာဘေး လာမည့်အရေးကို

မျော်တွေးဆင်ခြင်ပြီးတော့ ကျင့်ကြံပွားများ အားထုတ်နေတဲ့ ယောဂီသူတော်စင် ပုဂ္ဂိုလ်ဆိုတာ အဘယ်တရားဓမ္မတွေကို နည်းမှန်လမ်းမှန်အားဖြင့် နှလုံးသွင်းအပ်ပါသလဲ အရှင်ဘုရားလို့ အရှင်မဟာကောဋ္ဌိကမထေရ်မြတ်ကြီးက အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို လျှောက်ထားလိုက်ပါတယ်။

အရှင်မဟာကောဋ္ဌိက မထေရ်မြတ်ကြီးက နည်းမှန်လမ်းမှန်၊ ကျင့်နည်းကြံနည်း၊ ပွားများနည်းတွေကို နားမလည်လို့ ဒီလိုလျှောက်ထားတာလားဆိုတော့၊ ဒီလိုတော့မဟုတ်ဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ အရှင်မဟာကောဋ္ဌိက မထေရ်မြတ်ကြီးက သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး။ ပဋိသမ္ဘိဒါဉာဏ်အရာမှာ ဧတဒဂ်ဂုဏ်ထူးရတဲ့ မဟာသာဝက ရဟန္တာပုဂ္ဂိုလ်မြတ်ကြီးပါ။

ပဋိသမ္ဘိဒါလေးပါး နှင့်ပြည့်စုံတဲ့ ရဟန္တာမထေရ်မြတ်ကြီးဖြစ်နေတော့၊ နည်းမှန်လမ်းမှန်၊ ကျင့်နည်းကြံနည်း ရှုမှတ်နည်းတွေကို မသိလို့လည်းမဟုတ်ဘူး။ အားလုံးသိပြီးသားပါ။ သို့သော်လည်းပဲ ဤကဲ့သို့မေးလျှောက်လိုက်လို့ရှိလျှင် ပညာအရာမှာ ဧတဒဂ်ရတော်မူပြီး အဂ္ဂသာဝကဖြစ်တော်မူတဲ့ အရှင်သာရိပုတ္တရာ

မထေရ်မြတ်ကြီးက ဉာဏ်ပညာအရာမှာ ကြီးကျယ်တဲ့ အတွက်ကြောင့် နည်းမှန်လမ်းမှန်၊ ကျင့်နည်းကြံနည်း တွေ ဝိပဿနာရှုနည်း၊မှတ်နည်းတွေကို သေသေချာချာ ကျကျနန ဟောဖော်ညွှန်ပြပေးလိမ့်မယ်။

မပေးနိုင်ပါဘူးလား?

ပေးနိုင်ပါတယ်ဘုရား။

အဲဒီလို နည်းမှန်လမ်းမှန်၊ ကျင့်နည်းကြံနည်း၊ ရှုနည်းမှတ်နည်းတွေကို ဤကဲ့သို့ သေသေချာချာ ဟော ဖော်ညွှန်ကြား ပြသလိုက်မယ်ဆိုလို့ရှိလျှင်တဲ့ နောင်တစ် ချိန် သာသနာတော်မှာ အကျိုးများလိမ့်မယ်။

အကျိုးမများနိုင်ဘူးလား၊ များနိုင်သလား?

အကျိုးများနိုင်ပါတယ်ဘုရား။

ဗုဒ္ဓမြတ်စွာသာသနာတော်မှာ မြတ်စွာဘုရားညွှန် ကြားပြသတော်မူတဲ့ နည်းမှန်လမ်းမှန်၊ ရှုနည်းမှတ်နည်း တွေကို နည်းမှန်လမ်းမှန်အတိုင်း ကျင့်ကြံပွားများအား ထုတ်တတ်ဖို့တော့လိုတယ်။

မလိုဘူးလား၊ လိုသလား?

လိုပါတယ်ဘုရား။

ဒါကြောင့်မို့လို့ အရှင်မဟာကောဋ္ဌိက မထေရ်မြတ်ကြီးက ဤကဲ့သို့ရည်ရွယ်ချက်ထားပြီးတော့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးရဲ့ထံမှောက်ကို ချဉ်းကပ်ပြီးတော့ ဤကဲ့သို့ မေးလျှောက်တော်မူခဲ့ပါတယ်။

ဒီလိုမဟုတ်လား?

မှန်ပါဘုရား။

ဒီတော့ သူမေးလျှောက်တဲ့အထဲမှာ သီလဝန္ဓ သီလနှင့်ပြည့်စုံဖို့လည်း လိုတယ်။

မလိုဘူးလား၊ လိုသလား?

သီလနှင့်ပြည့်စုံဖို့ လိုပါတယ်ဘုရား။

တကယ့်သံသရာဘေး လာမည့်အရေးကို မျှော်တွေးကြောင့်ကြပြီးတော့ သံသရာဝဋ်ဆင်းရဲကနေပြီးတော့ လွတ်မြောက်ရာလွတ်မြောက်ကြောင်း တရားဓမ္မတွေကျင့်ကြံပွားများ အားထုတ်ကြတဲ့ ယောဂီသူတော်စင်ပုဂ္ဂိုလ်တွေဆိုတာ သီလနှင့်ပြည့်စုံဖို့လည်း လိုပါတယ်။ ဒါကြောင့်မို့လို့ ဘုန်းကြီးတို့ယောဂီအပေါင်း သူတော်ကောင်းတွေ နံနက်ခင်းအချိန်ကာလကစပြီးတော့ သရဏာဂုံသုံးပါးနှင့်တကွ ကိုးပါးသီလတွေမဆောက်တည်ခဲ့ဘူးလား?

ဆောက်တည်ခဲ့ပါတယ်ဘုရား။

အဲဒီလိုဆောက်တည်ခဲ့တာ သီလနှင့်ပြည့်စုံသွားအောင် ဆောက်တည်ကျင့်သုံးကြတာ။

ဒီလိုမဟုတ်လား?

မှန်ပါဘုရား။

အဲဒီလို သီလနှင့်ပြည့်စုံမှလည်းပဲ သမာဓိတရားတွေဖြစ်ပေါ်လာနိုင်တယ်။

သီလနှင့်ပြည့်စုံမှ ဘာတရားတွေ ဖြစ်ပေါ်လာနိုင်လဲ?

သမာဓိတရားတွေ ဖြစ်လာနိုင်ပါတယ်ဘုရား။

သီလမှမရှိလျှင် သမာဓိလည်းမဖြစ်လာနိုင်ဘူးတဲ့နော်။ အဲဒီလို သီလနှင့်ပြည့်စုံတော့ သမာဓိတရားတွေကောင်းစွာဖြစ်ပေါ်လာ၊ သမာဓိတရားတွေ ကောင်းစွာဖြစ်ပေါ်လာပြီလို့ဆိုလျှင် 'သမာဟိတော ယထာဘူတံ ပဇာနာတိ' လို့ဆိုတဲ့အတိုင်း စိတ်တည်ကြည်မှု သမာဓိဖြစ်လာတာနဲ့တစ်ပြိုင်နက် အမှန်သဘာဝတရားတွေကို အမှန်အတိုင်းထိုးထွင်းသိမြင်နိုင်တဲ့ ဉာဏ်ပညာလည်းဖြစ်ပေါ်လာတယ်။

မဖြစ်နိုင်ဘူးလား၊ ဖြစ်နိုင်သလား?

ဖြစ်နိုင်ပါတယ်ဘုရား။

ဒါကြောင့်မို့လို့ မြတ်စွာဘုရားရဲ့သာသနာတော်မှာ သီလကအစ သမာဓိကအလယ် ပညာကအဆုံး သီလ သာသနာ သမာဓိသာသနာ ပညာသာသနာဆိုတာ အဲဒါကိုခေါ်တာပဲ။

ဒါကြောင့် မြတ်စွာဘုရားဟောကြားတော်မူတဲ့ အဆုံးအမဒေသနာတော်တွေထဲမှာ အာဒိကလျာဏ အစ ၏ကောင်းခြင်းနဲ့လည်း ပြည့်စုံတယ်။ မဇ္ဈေကလျာဏ အလယ်၏ကောင်းခြင်းနဲ့လည်းပဲ ပြည့်စုံတယ်။ ပရိယောသာနကလျာဏ အဆုံး၏ကောင်းခြင်းနဲ့လည်း ပြည့်စုံတယ်။ အစ၊ အလယ်၊ အဆုံးသုံးပါးစလုံး ကေဝလပရိပုဏ္ဏံ အလုံးစုံပြည့်စုံတယ်။ ဘာမှပြောစရာမလိုဘူး။

အခြားအခြားသော ဘာသာအယူဝါဒတွေမှာ ဆုလျှင် အချို့အစကောင်းတယ်၊ အချို့အဆုံးမကောင်းဘူး။ အချို့အဆုံးကောင်းတယ်၊ အချို့အစမကောင်းဘူး။ အလုံးစုံမပြည့်စုံကြဘူး။ မြတ်စွာဘုရားရဲ့ အဆုံးအမသာသနာတော်မှာတော့ ဒီလိုမဟုတ်ဘူးတဲ့ အစ၏ကောင်းခြင်းနဲ့လည်း ပြည့်စုံတယ်၊ အလယ်၏ကောင်းခြင်းနဲ့

လည်း ပြည့်စုံတယ်၊ အဆုံးဇာ၏ကောင်းခြင်းနဲ့လည်း ပြည့်စုံတယ်။ အစ၊ အလယ်၊ အဆုံးသုံးပါးလုံး ပြည့်စုံတဲ့ တရားမျိုးမှ မှန်ကန်တဲ့တရားမျိုးလို့ ဒီလိုသဘောပေါက်ရမယ်။

ဒါကတော့ သီလဝန္ဓသုတ္တန်ဒေသနာတော်မှာ အရှင်မဟာကောဋ္ဌိက မထေရ်မြတ်ကြီးက အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကို မေးလျှောက်တဲ့စကားရပ်ပါ။

ထိုနည်းအတူ သုတဝန္ဓသုတ္တန်ဒေသနာတော်မှာလည်းပဲ အရှင်မဟာကောဋ္ဌိက မထေရ်မြတ်ကြီးက 'သုတဝတာဝုသော သာရိပုတ္တ ဘိက္ခုနာ ကတမေဓမ္မာ ယောနိသော မနသိကာတဗ္ဗာ' လို့မေးလျှောက်တော်မူခဲ့ပါတယ်။

အာဝုသောသာရိပုတ္တ၊ ငါ့ရှင်သာရိပုတ္တရာ။ သုတဝတာ၊ အကြားအမြင်သုတနှင့် ပြည့်စုံသော။ ဘိက္ခုနာ၊ သံသရာဘေးလာမည့်အရေးကို မျှော်တွေးဆင်ခြင် ယောဂီသူတော်စင်ပုဂ္ဂိုလ်သည်။ ကတမေဓမ္မာ၊ တကယ်မမှားအာဘယ်တရားတို့ကို။ ယောနိသော၊ နည်းမှန်လမ်းမှန်အကျင့်အားဖြင့်။ မနသိကာတဗ္ဗာ၊ မဂ်ဖိုလ်နိဗ္ဗာန်စိတ်ရည် သန်၍ မှန်စွာမယွင်း နှလုံးသွင်းအပ်ပါသနည်းအရှင်ဘုရားတဲ့။

ဆိုလိုရင်းကတော့ ငါ့ရှင်သာရိပုတ္တရာ သုတနှင့် ပြည့်စုံတဲ့ ရဟန်းပဲဖြစ်စေ၊ လူပဲဖြစ်စေ သံသရာဘေးလာမည့်အရေးကို မျှော်တွေးဆင်ခြင်ပြီးတော့ ကျင့်ကြံပွားများအားထုတ်နေတဲ့ ယောဂီသူတော်စင်ပုဂ္ဂိုလ်ဆိုတာ အဘယ်တရားဓမ္မတွေကို နည်းမှန်လမ်းမှန်အားဖြင့် နှလုံးသွင်းအပ်ပါသလဲလို့ မေးလျှောက်တာဖြစ်ပါတယ်။

ဒီတော့ ဒီသုတ္တန်နှစ်ခုမှာ သီလဝန္တသုတ္တန်အရဆိုလျှင် တကယ့်သံသရာဘေး လာမည့်အရေးကို မျှော်တွေးကြောင့်ကြပြီးတော့ တရားဓမ္မတွေ ကျင့်ကြံပွားများအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ဆိုတာ ရှေးဦးစွာသီလနှင့် ပြည့်စုံရမယ်။

ရှေးဦးစွာ ဘာနဲ့ပြည့်စုံရမှာပါလိမ့်?

သီလနှင့်ပြည့်စုံရပါမယ်ဘုရား။

သုတဝန္တသုတ္တန် ဒေသနာတော်အလိုအရဆိုလျှင်တော့ သုတနှင့်ပြည့်စုံရမယ်။ ဘာနဲ့ပြည့်စုံရမှာပါလိမ့်?

သုတနဲ့ ပြည့်စုံရပါမယ်ဘုရား။

အကြားအမြင် ဗဟုသုတနော်။ ဒီသုတ္တန်ဒေသနာတော်ကို လေ့လာပြီးတော့ တစ်ချို့ကြတော့လည်းပဲ

ဘူးတဲ့။ ရသလား၊ မရဘူးလား?

မရပါဘုရား။

အဲဒီ ဂါထာလေးတစ်ပုဒ်ကို နောင်တော်ကြီးဖြစ်တဲ့ မဟာပန္ထကမထေရ်မြတ်ကြီးထံမှာ သင်ယူပြီးတော့ ကျက်မှတ်နေလိုက်တာ၊ နေ့စဉ်နေ့တိုင်း ကျက်လိုက်တာ၊မှတ်လိုက်တာ အချိန်အားဖြင့်လေးလသာ ကုန်သွားတယ်။ အဲဒီဂါထာကမကျေဘူး၊ မရဘူး။

အဲဒီ ဂါထာလေးတစ်ပုဒ်ကို လေးလလုံးလုံးကျက်မှတ်လို့ မရနိုင်တဲ့အခါကျတော့ အရှင်မဟာပန္ထကမထေရ်မြတ်ကြီးက စူဠပန္ထ က-သင်ဟာ ဤသာသနာတော်မှာ မင်္ဂိုလ်ကိုမရထိုက်သူပဲ၊ သင်ဟာဂါထာတစ်ပုဒ်ကို လေးလတိုင်တိုင် သင်ယူတာတောင် မရနိုင်တော့၊ ရဟန်းကိစ္စအထွတ်အထိပ်ရောက်ဖို့ ဖြစ်နိုင်မှာမဟုတ်ဘူး၊ ဒီကျောင်းကထွက်သွားတော့လို့ ဆိုပြီးနှင်ထုတ်လိုက်တယ်။

အဲဒီလို နှင်ထုတ်လိုက်တော့ အကြီးအကျယ်စိတ်မကောင်းဖြစ်ပြီး၊ ဝေဠုဝန်ကျောင်းတစ်နေရာမှာသွားပြီးရှိုက်ကြီးတငင် ငိုကျွေးနေတယ်တဲ့။ ဘာလုပ်နေတာပါလိမ့်?

ရှိုက်ကြီးတင်င် ငိုနေပါတယ်ဘုရား။

ရှိုက်ကြီးတင်င် ငိုယိုပြီးနေတဲ့အခါကျတော့ မြတ်စွာဘုရားကသိတယ်။ မြတ်စွာဘုရားသိတော့ သူ့ရဲ့အနီးအနား ကြွရောက်လာပြီးတော့၊ အနီးအနားလည်းရောက်ရော ချစ်သားစူဠပန္ထက 'မငိုနဲ့၊မငိုနဲ့' ဟောဒီတရားလေးအားထုတ်ကြည့်စမ်းလို့ ဆိုပြီးတော့ မြတ်စွာဘုရားကတန်ခိုးတော်နဲ့ဖန်ဆင်းလိုက်တဲ့ ဖြူစင်နေတဲ့ပုဝါလေးကိုသူ့လက်ထဲထည့်ပြီးတော့၊ ချစ်သားစူဠပန္ထက ဤပုဝါဖြူလေးကိုပွတ်ပြီး 'ရဇောဟရဏံ ရဇောဟရဏံ' ဤအဝတ်ကား မြူကိုဆောင်တတ်စွာ၊ ဤအဝတ်ကား မြူကိုဆောင်တတ်စွာဟု တတွတ်တွတ်ရွတ်ဆိုကာ ဘာဝနာတရားပွားများ အားထုတ်လော့ဟု မိန့်တော်မူလိုက်တယ်။

အရှင်စူဠပန္ထကလည်းပဲ ဘုရားရှင်ညွှန်ကြားတဲ့အတိုင်း 'ရဇောဟရဏံ ရဇောဟရဏံ' မြူကိုဆောင်တတ်စွာတကား၊ မြူကိုဆောင်တတ်စွာတကားလို့ တတွတ်တွတ်ရွတ်ဆိုလျက် ပုဝါဖြူလေးကို လက်နှင့်ပွတ်နေလိုက်တယ်။ ဘာလုပ်နေပါလိမ့်?

လက်နှင့်ပွတ်နေပါတယ်ဘုရား။

အဲဒီလို လက်နဲ့ပွတ်နေရင်း နှလုံးသွင်းနေရင်းနဲ့ ပုဝါဖြူလေးက ပွတ်ရင်း၊ပွတ်ရင်းနဲ့ကြာလာတော့ ညစ်နွမ်းလာတယ်။ ကြာလာတော့ ဘာဖြစ်လာပါလိမ့်?

ညစ်နွမ်းလာပါတယ်ဘုရား။

အဲဒီပုဝါဖြူလေး ညစ်နွမ်းလာတော့ အနီစွဲသည်ထင်လာတယ်တဲ့။ မမြဲတဲ့သဘောတရားတွေ နဂိုတုန်းကဖြူစင်နေတဲ့ပုဝါလေးကနေပြီးတော့ တဖြည်းဖြည်းပွတ်ရင်းပွတ်ရင်း၊ ခြေရင်းခြေရင်းနဲ့ ညစ်နွမ်းပြီးတော့ လာပါပေါ့လား။ ဒီတော့ ဗဟိဒ္ဓမှာရှိတဲ့ သဘောတရားတွေကလည်း ဘယ်သဘောတရားတွေမှ မြဲတယ်ဆိုတဲ့သဘောတရားဆိုတာမရှိဘူး။ ရှိရဲ့လား?

မရှိပါဘုရား။

မရှိဘူးတဲ့။ အဲဒီလို ဗဟိဒ္ဓသန္တာန်မှာရှိနေတဲ့ပုဝါဖြူလေးရဲ့ ဖြူရာကနေပြီးတော့ ညစ်နွမ်းပြီးသွားတဲ့သဘောတရားလေးတွေ မမြဲတဲ့အခြင်းအရာလေးတွေကို ဉာဏ်သက်ဝင်သွားတဲ့အခါကျတော့ မိမိ၏အစ္ဆေတ္တာခန္ဓာကိုယ်ကို ဉာဏ်သွင်းပြီးတော့ ရှုလိုက်ပါတယ်။ ဘယ်ကို ဉာဏ်သွင်းပြီး ရှုလိုက်သလဲ?

အဋ္ဌတ္တာခန္ဓာကိုယ်ကို ဉာဏ်သွင်းပြီးရှုလိုက်ပါတယ်ဘုရား။

အဋ္ဌတ္တာခန္ဓာကိုယ်ကို ဉာဏ်သွင်းရှုလိုက်တဲ့အခါကျတော့လည်းပဲ မိမိရဲ့ခန္ဓာကိုယ်မှာ ဖြစ်တိုင်းဖြစ်တိုင်းသော ရုပ်တရားတွေလည်းပဲ တစ်ခုမျှမြဲတာမရှိကြဘူး။ မြဲတာရှိသလား၊ မရှိဘူးလား?

မြဲတာတစ်ခုမျှ မရှိပါဘုရား။

တစ်ခုမျှမြဲတာ မရှိဘူးတဲ့။ ဖြစ်ပေါ်ပြီးလျှင် ပျောက်သွားတယ်၊ ဖြစ်ပေါ်ပြီးလျှင် ပျောက်သွားတယ်။ ဒီအတိုင်းပဲမဟုတ်လား?

ဒီအတိုင်းပါဘုရား။

တော်ကြာပူတာလေးပေါ်လာ ပူတာလေးလည်း ပျောက်သွား၊ တော်ကြာတောင့်တာလေးပေါ်လာ တောင့်တာလေးလည်းပျောက်သွား၊ တော်ကြာအေးတာလေးပေါ်လာ အေးတာလေးလည်းပျောက်သွား။ မိမိရဲ့ခန္ဓာကိုယ်မှာ ဖြစ်တိုင်းဖြစ်တိုင်းသော ရုပ်တရားတွေ၊ သဘာဝအမှန်တရားတွေဆိုတာလည်းပဲ တစ်ခုမျှမြဲတာတွေမရှိဘူးတဲ့။

ခံစားတတ်တဲ့သဘောတရားတွေ၊ မှတ်သားတတ်တဲ့သဘောတရားတွေ၊ သိမှုဆိုတဲ့သဘောတရားလေးတွေ၊ အဲဒီခန္ဓာအစဉ်မှာရှိနေတဲ့ ရုပ်တရားတွေ၊နာမ်တရားတွေသဘာဝတရားတွေမှန်သမျှ အကုန်လုံးဖြစ်ပေါ်ပြီးလျှင်ပြောင်းလဲနေကြတာပဲဆိုတော့ မြဲလို့လား၊ မမြဲလို့လား ?

မမြဲလို့ပါဘုရား။

အဲဒီလို မမြဲတဲ့အခြင်းအရာလေးတွေ၊ ရုပ်နာမ်သဘာဝ အမှန်တရားလေးတွေကို ဝိပဿနာဉာဏ်ဖြင့် အမှန်အတိုင်းမြင်ပြီးသွားတဲ့အခါကျတော့ ရုပ်နာမ်တရားတို့ရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တအခြင်းအရာတို့နှင့်တကွ ရုပ်နာမ်တရားတို့၏ ဖြစ်မှုသဘော၊ ပျက်မှုသဘောကို ကိုယ်ပိုင်ဉာဏ်နှင့်သိမသွားရဘူးလား ?

ကိုယ်ပိုင်ဉာဏ်နှင့် သိသွားရပါတယ်ဘုရား။

ကိုယ်ပိုင်ဉာဏ်နှင့် သိသွားရတော့ ဝိပဿနာဉာဏ်တွေအဆင့်ဆင့်တက်သွားတယ်နော်။ ဝိပဿနာဉာဏ်တွေအဆင့်ဆင့်တက်ပြီးတော့ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ကိလေသာအာသဝေါကင်းတဲ့ ရဟန္တာပုဂ္ဂိုလ်ကြီးတစ်ဆူဖြစ်တော်မူသွားရပါတယ်။ ဘာပုဂ္ဂိုလ်ပါလိမ့် ?

ပဋိသမ္ဘိဒါလေးပါးနှင့် ပြည့်စုံတဲ့ရဟန္တာပုဂ္ဂိုလ် ဖြစ်သွားပါတယ်ဘုရား။

အဓိကလိုရင်းက ဘာလဲလို့ဆိုလျှင် နှည်းမှန်လမ်းမှန်၊ ကျင့်နည်းမှတ်နည်း၊ ကျင့်တတ်မှတ်တတ်ဖို့ပဲ လိုပါတယ်။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

ဒါကြောင့်မို့လို့ ဆရာတော့ရှိဖို့ မလိုဘူးလား?

ဆရာရှိဖို့လိုပါတယ်ဘုရား။

ဆရာတော့ရှိဖို့လိုတယ်တဲ့။

ဆရာရှိလျှင်တော့ ဆရာသမားများက နှည်းမှန်လမ်းမှန် အကျင့်တရားတွေကို မှန်ကန်တဲ့အနေအားဖြင့် ကျင့်နည်းမှတ်နည်းတွေ၊ ပွားများနည်းတွေ၊ ညွှန်ပြပေးလို့ရှိလျှင် အဲဒီညွှန်ပြပေးတဲ့နည်း အတိုင်းရိုရိုသေသေ လေးလေးစားစား တကယ်တမ်း ကြိုးစားပြီးတော့ ရှုမှတ်ပွားများအားထုတ်သွားလျှင် အဲဒါ ရဟန္တာအထိ ဖြစ်နိုင်တာပါပဲ။

ဒါကြောင့် နံပါတ်(၁) ပြည့်စုံရမယ့်တရားက သီလနှင့်ပြည့်စုံဖို့ လိုပါတယ်။ နံပါတ်(၂) ပြည့်စုံရမယ့်

တရားကသုတနဲ့ ပြည့်စုံဖို့လိုပါတယ်။ နံပါတ်(၂)ဘာနဲ့ ပြည့်စုံရမှာပါလိမ့်?

သုတနဲ့ပြည့်စုံရပါ့မယ်ဘုရား။

သုတနဲ့ပြည့်စုံရမယ်တဲ့။ အဲဒီလို သီလ၊သုတနှစ်ပါးနှင့် ပြည့်စုံပြီဆိုလျှင် မိမိတို့ရှုရမယ့်တရားတွေ၊ မှတ်ရမယ့်တရားတွေ၊ ပွားများရမယ့်တရားတွေ အမှန်အတိုင်း သိအောင်ပွားများနိုင်တယ်။ ဒီလိုမဟုတ်လား?

မှန်လှပါဘုရား။

ဒီတော့ ဒီသုတ္တန်နှစ်ခုမှာ သီလဝန်္ဓသုတ္တန်အရ ရှေးဦးစွာသီလနဲ့ပြည့်စုံရမယ်။ သုတဝန်္ဓသုတ္တန်အရ ရှေးဦးစွာသုတနဲ့ပြည့်စုံရမယ်။ ဒီလောက်ပဲ ထူးခြားပါတယ်။ ကျန်တဲ့အမေးအဖြေတွေကတော့ အတူတူပါပဲ။

ဒါကြောင့် အဲဒီအဓိပ္ပါယ်တွေကို မှတ်မိသွားရအောင် ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး စီထားတဲ့ဆောင်ပုဒ်ကလေးကို လိုက်ပြီးတော့ဆိုလိုက်ကြရအောင်-

ဆောင်ပုဒ်။ သီလသုတာ၊ စုံသူမှာ၊ ဘယ်ဟာ ရှုအပ်ပါသနည်း။။[၂]

ဒါကအမေးဆောင်ပုဒ်ပါ။ သီလနှင့်ပြည့်စုံနေပြီ၊ သုတနှင့်ပြည့်စုံနေပြီလို့ဆိုလျှင် ဘယ်တရားတွေကို ရှုမှတ်ရမှာလဲလို့ မေးလိုက်တာ။ အဲဒီအမေးကို အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက ဘယ်လိုဖြေကြားတော်မူသလဲဆိုတော့-

သီလဝတာဝုသော ကောဋ္ဌိက ဘိက္ခုနာ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော ယောနိသော မနသိကာတဗ္ဗာ။

အာဝုသောကောဋ္ဌိက၊ ငါ့ရှင်ကောဋ္ဌိက။ သီလဝတာ၊ ပါတိမောက္ခ မြတ်သီလနှင့် ပြည့်ဝစုံလင် ဂုဏ်အင်ရှိ၍နေသော။ (သုတဝတာ၊ သုတနှင့်ပြည့်စုံသော။ ဒါက သုတဝန္တသုတ်အတွက်ပါ)ဘိက္ခုနာ၊ သံသရာဘေး လာမည့်အရေးကို မျှော်တွေးဆင်ခြင် ယောဂီသူတော်စင်ပုဂ္ဂိုလ်သည်။ ပဉ္စုပါဒါနက္ခန္ဓာ၊ ငါးပါးသောဥပါဒါနက္ခန္ဓာတရားတို့ကို။ ဝါ၊ တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းနိုင်သော ခန္ဓာငါးပါးတရားတို့ကို။ ယောနိသော၊ နည်းမှန်လမ်းမှန် အကျင့်အားဖြင့်။ မနသိကာတဗ္ဗာ၊ မဂ်ဖိုလ်နိဗ္ဗာန် စိတ်ရည်သန်၍

မှန်စွာမယွင်း နှလုံးသွင်းအပ်ပါသည်အရှင်ဘုရား။

သာဓု...သာဓု...သာဓု ပါဘုရား။

ငါ့ရှင်ကောင်မိုက ပါတိမောက္ခသံဝရသီလနှင့်ပြည့်စုံပြီးတော့ (အကြားအမြင်ဗဟုသုတနှင့် ပြည့်စုံပြီးတော့) သံသရာဘေး လာမည့်အရေးကို မျှော်တွေးကြောင့်ကြပြီးတော့ တရားဓမ္မကျင့်ကြံပွားများ အားထုတ်လိုတဲ့ ယောဂီသူတော်စင်ပုဂ္ဂိုလ်ဟာ ဥပါဒါနက္ခန္ဓာတရား ငါးပါးတို့ကို နည်းမှန်လမ်းမှန်အားဖြင့် နှလုံးသွင်းရှုမှတ် ပွားများရမယ်တဲ့။ ဘယ်တရားတွေကို ရှုရမှာတဲ့လဲ?

ဥပါဒါနက္ခန္ဓာတရား ငါးပါးကိုရှုရမှာပါဘုရား။

ဥပါဒါနက္ခန္ဓာတရား ငါးပါးကိုပဲရှုရမယ်၊ နှလုံးသွင်းရမယ်၊ ပွားများရမယ်။ ဥပါဒါနက္ခန္ဓာတရား ငါးပါးကကျော်လွန်ပြီးတော့ တခြားရှုစရာ မှတ်စရာတရားအထူးအဆန်းတွေမရှိဘူးနော်။ ဒါဟာ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး ဖြေကြားပေးတဲ့၊ ညွှန်ပြပေးတဲ့ မူသေစည်းပဲ။ အဲဒီ မူသေစည်းအရ-

ဥပါဒါနက္ခန္ဓာတရား ငါးပါးကိုဝိပဿနာရှုရမယ် ဆိုတော့ ဘုန်းကြီးတို့ယောဂီများ ရှေးဦးစွာဥပါဒါနက္ခန္ဓာ

၏ အဓိပ္ပါယ်ကို နားလည်သဘောပေါက်ဖို့ လိုအပ်လာတယ်။ မလိုအပ်ဘူးလား?

လိုအပ်ပါတယ်ဘုရား။

ဒီတော့ ဥပါဒါနက္ခန္ဓာဆိုတာ ပါဠိလိုဥပါဒါန-ကတစ်ပုဒ်၊ ခန္ဓာကတစ်ပုဒ်။ ဘယ်နှစ်ပုဒ်လဲ?

နှစ်ပုဒ်ပါဘုရား။

ဥပါဒါနဆိုတာက-စွဲလမ်းတာ၊ ခန္ဓာဆိုတာက-ရုပ်နာမ်အစု။ အဲဒီတော့ စွဲလမ်းနိုင်ရာဖြစ်တဲ့ ရုပ်နာမ်အစုကိုပဲ ဥပါဒါနက္ခန္ဓာလို့ခေါ်တယ်။ ဘာလို့ခေါ်ပါလိမ့်?

ဥပါဒါနက္ခန္ဓာလို့ ခေါ်ပါတယ်ဘုရား။

အဲဒီတော့ စွဲလမ်းနိုင်တာက ဘာတွေနဲ့စွဲလမ်းနိုင်သလဲဆိုလျှင် (၁)ကာမုပါဒါန်အနေနဲ့လည်း စွဲလမ်းနိုင်တယ်။ (၂) ဒိဋ္ဌုပါဒါန်အနေနဲ့လည်း စွဲလမ်းနိုင်တယ်။
(၃) သီလဗ္ဗတုပါဒါန်အနေနဲ့လည်း စွဲလမ်းနိုင်တယ်။
(၄) အတ္တဝါဒုပါဒါန်အနေနဲ့လည်း စွဲလမ်းနိုင်တယ်။
ဥပါဒါန်ဘယ်နှစ်ပါးနဲ့ စွဲလမ်းနိုင်သလဲ?

ဥပါဒါန်(၄)ပါးနဲ့ စွဲလမ်းနိုင်ပါတယ်ဘုရား။

ကာမုပါဒါန်ဆိုတာက–လိုချင်စရာ၊ နှစ်သက်စရာ အာရုံတွေကို လိုချင်နှစ်သက်ပြီးတော့ စွဲလမ်းတဲ့တဏှာ။ အဲဒါကို ကာမုပါဒါန်လို့ခေါ်ပါတယ်။ ဘာလို့ခေါ်ပါလိမ့်? ကာမုပါဒါန်လို့ ခေါ်ပါတယ်ဘုရား။

အဲဒီတော့ မြင်စရာအာရုံတွေကိုလည်းပဲ စွဲလမ်းတယ်၊ နှစ်သက်တယ်။ ကြားစရာအာရုံတွေ၊ နံစရာအာရုံ၊ စားစရာအာရုံတွေ၊ တွေ့ထိစရာအာရုံတွေကိုလည်းပဲ စွဲလမ်းတယ်၊ နှစ်သက်တယ်။ အဲဒီလို စွဲလမ်းနှစ်သက်တာ မှန်သမျှကို ကာမုပါဒါန်တဲ့။

အဲဒီတော့ အမှန်သဘာဝအားဖြင့် ထင်ရှားရှိနေတဲ့ ရုပ်တရား၊နာမ်တရားတွေကို အမှန်အတိုင်းသိအောင် ဝိပဿနာမရှုဘူးဆိုလို့ရှိလျှင် မစွဲနိုင်ဘူးလား၊ စွဲနိုင်သလား?

စွဲနိုင်ပါတယ်ဘုရား။

အမှန်အတိုင်းဝိပဿနာမရှုနိုင်လျှင် မြင်မှု၊ကြားမှု၊ နံမှု၊စားမှု၊ တွေ့ထိမှုအပေါ်တွေမှာ အဲဒီကာမုပါဒါန်တရား ကဝင်ပြီးတော့ စွဲတယ်။ ဒီလိုနော်...

မှန်ပါတယ်ဘုရား။

ဒိဋ္ဌုပါဒါန်ကတော့ ဘယ်လိုစွဲလမ်းသလဲဆိုလျှင် မမြဲတဲ့တရားတွေကို မြဲတဲ့အနေနဲ့ ထင်မြင်စွဲလမ်းတယ်။ ဆင်းရဲတဲ့တရားတွေကို ချမ်းသာတဲ့အနေနဲ့ ထင်မြင်စွဲလမ်းတယ်။ ကိုယ်အစိုးမရတဲ့တရားတွေကို ကိုယ်ပိုင်တဲ့အနေ၊ အစိုးရတဲ့အနေနဲ့လည်းပဲ ထင်မှားပြီးတော့ စွဲလမ်းတယ်။ အဲဒီလိုစွဲလမ်းတာတွေကိုတော့ ဒိဋ္ဌုပါဒါန်နဲ့စွဲလမ်းတယ် လို့ခေါ်ပါတယ်။

သီလဗ္ဗတုပါဒါန်ဆိုတာကတော့ မဂ္ဂင်အင်္ဂဖြစ်တွေ မပါဘဲနဲ့ ခွေးတွေကိုအတုယူကျင့်၊ နွားတွေကိုအတုယူကျင့် စသည်ဖြင့် မှားယွင်းတဲ့အလေ့အကျင့်တွေကို လေ့ကျင့်ပြီးတော့ မှန်ကန်တဲ့အကျင့်ပဲလို့ ယူဆစွဲလမ်းတာကိုတော့ သီလဗ္ဗတုပါဒါန်တဲ့။ ဘာလို့ခေါ်ပါလဲ?

သီလဗ္ဗတုပါဒါန်ပါဘုရား။

အတ္တဝါဒုပါဒါန်ဆိုတာကတော့ မိမိခန္ဓာအစဉ်မှာ တကယ်ထင်ရှားရှိနေတဲ့ ရုပ်တရားတွေ၊ နာမ်တရားတွေကို အတ္တကောင်၊အသက်ကောင်အနေနဲ့ စွဲလမ်းပြီးတော့ ယူဆတယ်ဆိုလျှင်–အဲဒါအတ္တဝါဒုပါဒါန်လို့ ခေါ်ပါတယ်။

ဒီတော့ အဲဒီဥပါဒါန်တရားလေးပါးနဲ့ အချိန်မရွေး

စွဲနိုင်တယ်။ မစွဲနိုင်ဘူးလား၊ စွဲနိုင်သလား?

စွဲနိုင်ပါတယ်ဘုရား။

အဲဒီ ဥပါဒါန်တရားလေးပါးကို တရားကိုယ် အကျင့်းအားဖြင့် ကောက်ပြီးတော့ယူလိုက်မယ်ဆိုလျှင် ဒိဋ္ဌိနဲ့တဏှာ နှစ်ပါးပဲရတယ်။ ဘာနဲ့ဘာပါလိမ့်?

ဒိဋ္ဌိနဲ့တဏှာ ပါဘုရား။

ဒိဋ္ဌိကအထင်အမြင်လွဲပြီး စွဲလမ်းတယ်။ တဏှာက သာယာနှစ်သက်ပြီး စွဲလမ်းတယ်။ အကျင့်ချုပ်လိုက်တော့ ဒီနှစ်မျိုးနဲ့စွဲလမ်းတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဆောင်ပုဒ်ဆိုလိုက်ရအောင်–

ဆောင်ပုဒ်။ ထင်လွဲ,သာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်။[၂]

အဲဒီ စွဲလမ်းတတ်တဲ့တဏှာတို့၊ ဒိဋ္ဌိတို့ဆိုတဲ့ ဥပါဒါန်တရားတွေက တကယ်ဝိပဿနာဉာဏ်နဲ့ အမှန်ကိုမြင်အောင်မရှုနိုင်လျှင် အချိန်မရွေးစွဲနိုင်တယ်။ မစွဲနိုင်ဘူးလား၊ စွဲနိုင်သလား?

အချိန်မရွေးစွဲနိုင်ပါတယ်ဘုရား။

အချိန်မရွေးစွဲနိုင်တယ်တဲ့။ မြင်တဲ့နေရာမှာလည်း ဝင်ပြီးတော့စွဲနိုင်တာပဲ၊ ကြားတဲ့နေရာမှာလည်း ဝင်ပြီးတော့စွဲနိုင်တာပဲတဲ့။ တကယ်တော့ အဲဒီမြင်ရတဲ့အပေါ်မှာ ကြားရတဲ့အပေါ်မှာ တကယ်ဉာဏ်နဲ့ကြည့်လိုက်မယ်ဆိုလို့ ရှိလျှင် အထင်အရှားရှိနေတာက ရုပ်တရား၊နာမ်တရား အစုတွေပဲရှိတယ်။ ဒီလိုမဟုတ်လား ?

မှန်ပါတယ်ဘုရား။

ဒီတော့ အဆင်းရုပ်ကို မြင်လိုက်ရလို့ရှိလျှင် မျက်စိအကြည်ရုပ်လည်းပဲ ထင်ရှားရှိနေတယ်။ အဆင်းရုပ်လည်းပဲထင်ရှားရှိနေတယ်။ မရှိဘူးလား၊ ရှိသလား ?

ရှိပါတယ်ဘုရား။

အဲဒီတော့ မျက်စိအကြည်ရုပ်ဆိုတာဟာလည်းပဲ ရုပ်တရားပဲ၊ အဆင်းရုပ်ဆိုတာဟာလည်းပဲ ရုပ်တရားပဲ။ ဒီတော့ မြင်ရတဲ့နေရာမှာ ရုပ်တရားတွေပဲ အမှန်ထင်ရှားရှိနေပါတယ်။ နောက်ပြီးတော့ မြင်ရတဲ့အဆင်းရုပ်ကိုကြည့်လိုက်တဲ့အခါကျတော့ မြင်တယ်လို့မသိလိုက်ဘူးလား ?

သိလိုက်ပါတယ်ဘုရား။

သိတယ်ဆိုတဲ့သဘောတရားလေးလည်းပဲ အထင်အရှားရှိနေတယ်။ အဲဒီတော့ တကယ်ထင်ရှားရှိနေတာက ရုပ်တရားတွေပဲရှိတယ်၊ နာမ်တရားတွေပဲရှိတယ်။ ဒီလို မဟုတ်လား?

ဒီလိုပါဘုရား။

အဲဒီ တကယ်ထင်ရှားရှိနေတဲ့ ရုပ်နာမ်အမှန်တရားတွေကို အမှန်အတိုင်းသိအောင် ဝိပဿနာမရှုတဲ့အခါကျတော့မျက်စိနဲ့တစ်ကိုယ်လုံးကိုပဲ ငါကောင်အနေနဲ့ ထင်ပြီးတော့စွဲတယ်။ ဒီလိုမဟုတ်လား?

မှန်ပါ့ဘုရား။

အသက်ရှင်နေတဲ့ ငါကောင်အနေနဲ့ထင်ပြီးတော့လည်းစွဲတယ်။ မြင်သိတာကငါပဲ၊ ငါကမြင်တယ်စသည်ဖြင့်လည်းပဲ မစွဲလမ်းသွားဘူးလား?

စွဲလမ်းသွားပါတယ်ဘုရား။

မြင်ရတဲ့အဆင်းရုပ်တွေကိုလည်းပဲ အဲဒါအသက်ရှင်နေတဲ့အကောင်ပဲ၊ ပုဂ္ဂိုလ်သတ္တဝါပဲလို့ စွဲပြီးတော့သွားပြန်တယ်။ ဒီလိုနော်?

မှန်ပါ့ဘုရား။

မြင်သိရတဲ့ နာမ်တရားလေးကို ငါလို့လည်းပဲ ထင်မှားပြီးတော့စွဲတယ်။ တစ်ခါမြင်ရတဲ့အပေါ်မှာလည်းပဲ ငါကမြင်တယ်လို့လည်းပဲ အထင်မှားပြီးတော့ စွဲလမ်းသွားတယ်။ မစွဲလမ်းနိုင်ဘူးလား၊ စွဲလမ်းနိုင်သလား?

စွဲလမ်းနိုင်ပါတယ်ဘုရား။

အဲဒီလိုစွဲလမ်းသွားလျှင် ဘာနဲ့စွဲလမ်းတာပါလိမ့်?

ဒိဋ္ဌနဲ့စွဲတာပါဘုရား။

ဒိဋ္ဌနဲ့စွဲတာနော်။ တစ်ခါမျက်စိနဲ့တကွ တစ်ကိုယ်လုံးကိုပဲ သာယာတဲ့အနေနဲ့ ခင်မင်နှစ်သက်သဘောကျပြီးတော့နေတယ်၊ အဲဒါ တဏှာနဲ့စွဲတယ်။ ဘာနဲ့စွဲတာပါလိမ့်?

တဏှာနဲ့စွဲတာပါဘုရား။

ငါ့မျက်လုံးလေးကလှလိုက်တာ၊ ငါ့မျက်လုံးလေးကကြည့်လို့ကောင်းလိုက်တာ။ မသာယာဘူးလား... သာယာပါတယ်ဘုရား။ အဲဒီလို သာယာနေမယ်၊ သဘောကျနေမယ်၊ နှစ်သက်နေမယ်ဆိုလျှင် ဘယ်သူကစွဲနေပါလိမ့်?

တဏှာကစွဲနေတာပါဘုရား။

အဲဒါ ပုထုဇဉ်ပုဂ္ဂိုလ်သတ္တဝါတွေက ကိုယ့်ကိုယ်ကို စွဲလမ်းလို့စွဲမှန်း မသိကြဘူး။ မြင်ရတဲ့အဆင်းရုပ်တွေမှာ လည်း ဒီအတိုင်းပဲတဲ့၊ မြင်ရတဲ့အဆင်းရုပ်ရဲ့အပေါ်မှာ ကောင်းတဲ့အနေနဲ့လည်းပဲ သာယာပြီးတော့စွဲလမ်းကြ တယ်။ နှစ်သက်သဘောကျတဲ့အနေနဲ့လည်းပဲ သာယာ ပြီးတော့ စွဲလမ်းကြတယ်။ မစွဲလမ်းဘူးလား၊ စွဲလမ်း သလား?

စွဲလမ်းပါတယ်ဘုရား။

စွဲလမ်းတယ်တဲ့။ အဲဒီလို မြင်ရတဲ့အခါကျတော့ ကောင်းတာ၊မကောင်းတာကိုလည်း မခံစားရဘူးလား?

ခံစားရပါတယ်ဘုရား။

ခံစားတဲ့သဘောဆိုတာ တကယ်ထင်ရှားရှိတယ်။ အဲဒီ ထင်ရှားရှိတဲ့ ခံစားတတ်တဲ့ သဘာဝအမှန်တရားတွေ ကို အမှန်အတိုင်းဝိပဿနာဉာဏ်ဖြင့် မရှုနိုင်၊မသိနိုင်တဲ့ အခါကျတော့ငါခံစားနေတာပဲ၊ ငါခံစားလို့ကောင်းနေတာ ပဲလို့ သာယာပြီးတော့ မစွဲဘူးလား?

စွဲပါတယ်ဘုရား။

ထို့အတူပဲ မှတ်သားရတဲ့အပေါ်မှာ ကြောင့်ကြစိုက်ပြီး နှလုံးသွင်းရတဲ့ အပေါ်တွေမှာလည်းပဲ ငါကောင်သူကောင်အနေနဲ့ အထင်မှားပြီးတော့လည်းစွဲတယ်။ သာယာသဘောကျ နှစ်သက်ပြီးတော့လည်းပဲ စွဲလမ်းကြတယ်။ အဲဒီလိုစွဲလမ်းတာ အမှန်သိလို့စွဲလမ်းတာလား၊ အမှန်မသိလို့စွဲလမ်းတာလား?

အမှန်မသိလို့ စွဲလမ်းတာပါဘုရား။

အမှန်မသိလို့စွဲတာနော်။ အဲဒီလို ရုပ်တရား၊နာမ်တရားတွေအပေါ်မှာ ငါကောင်အနေနဲ့လည်းပဲ ယူဆပြီးတော့ စွဲလမ်းနိုင်တယ်။ ငါ့ဥစ္စာအနေနဲ့လည်း သာယာသိမ်းပိုက်ပြီးတော့ စွဲလမ်းနိုင်တဲ့တွက်ကြောင့်မို့လို့ အဲဒီရုပ်တရား၊နာမ်တရားတွေကိုပဲ၊ တနည်းအားဖြင့်ပြောတော့ ခန္ဓာငါးပါးကိုပဲ ဥပါဒါနက္ခန္ဓာလို့ ခေါ်ရတာ။ ဘာခန္ဓာလို့ ခေါ်ပါလိမ့်?

ဥပါဒါနက္ခန္ဓာလို့ ခေါ်ပါတယ်ဘုရား။

ဒါကြောင့် အဲဒီအဓိပ္ပါယ်တွေကိုလည်း မှတ်မိအောင်ဆောင်ပုဒ် လိုက်ပြီးတော့ဆိုရအောင်–

ဆောင်ပုဒ်။ ငါ,ငါ့စွာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်။ ၂

ဤသဘောအတိုင်းပဲ ကြားသိရတဲ့အပေါ်မှာ၊ နံသိရတဲ့အပေါ်မှာ၊ စားသိရတဲ့အပေါ်မှာ၊ တွေ့သိရတဲ့အပေါ်မှာ၊ ခန္ဓာငါးပါးထင်ရှား ဖြစ်ပေါ်နေခိုက် အမှန်အတိုင်းသိအောင် ဝိပဿနာမရှုနိုင်ဘူးဆိုလျှင် အဲဒီခန္ဓာငါးပါးအပေါ်မှာပဲ ငါကောင်၊သူကောင်အနေနဲ့ အထင်မှားပြီး တော့စွဲလမ်းနိုင်တယ်။ ငါဥစ္စာအနေနဲ့လည်းပဲ သာယာနှစ်သက်ပြီးတော့ စွဲလမ်းနိုင်တယ်တဲ့။ မစွဲလမ်းနိုင်ပါဘူးလား?

စွဲလမ်းနိုင်ပါတယ်ဘုရား။

ဒါကြောင့် အဲဒီလို ဒိဋ္ဌိ၊တဏှာတို့နဲ့ စွဲလမ်းနိုင်တဲ့ဥပါဒါနက္ခန္ဓာ(၅)ပါးတို့၏သရုပ်ကို ဆက်လက်ပြီးထုတ်ဖော် ဟောကြားလိုတဲ့အတွက် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက-

ကတမေပဉ္စ၊ သေယျထိဒံ ရူပုပါဒါနက္ခန္ဓော ဝေဒနုပါဒါနက္ခန္ဓော သညုပါဒါနက္ခန္ဓော သင်္ခါရုပါဒါနက္ခန္ဓော ဝိညာဏုပါဒါနက္ခန္ဓော။

ပဉ္စ၊ ငါးပါးတို့ဟူသည်။ သေယျထာကတမေ၊ အဘယ်တရားတို့ပါနည်း။ ရူပုပါဒါနက္ခန္ဓော၊ ရုပ်ဟူသော ဥပါဒါနက္ခန္ဓာကတစ်ပါး။ ဝေဒနုပါဒါနက္ခန္ဓော၊ ဝေဒနာ

ဟူသော ဥပါဒါနက္ခန္ဓာကတစ်ပါး။ သညုပါဒါနက္ခန္ဓော၊ သညာဟူသော ဥပါဒါနက္ခန္ဓာကတစ်ပါး။ သခ်ါရုပါဒါနက္ခန္ဓော၊ သခ်ါရဟူသော ဥပါဒါနက္ခန္ဓာကတစ်ပါး။ ဝိညာဏုပါဒါနက္ခန္ဓော၊ ဝိညာဏ်ဟူသော ဥပါဒါနက္ခန္ဓာကတစ်ပါး။ ကွတိ၊ ဤငါးပါးတို့ပါပေတည်း။ လို့ဥပါဒါနက္ခန္ဓာငါးပါးကို ဆက်လက်ဟောပြတော်မူလိုက်ပါတယ်။

ဒီတော့ ဥပါဒါနက္ခန္ဓာတရားငါးပါးဆိုတာဟာ ဒိဋ္ဌတဏှာတို့ဖြင့် စွဲလမ်းနိုင်တဲ့ ရုပ်ရယ်,ဝေဒနာရယ်,သညာရယ်,သခ်ါရရယ်,ဝိညာဏ်ရယ် ဒီငါးပါးပါပဲတဲ့။

ဒါကြောင့် အဲဒီငါးပါးကိုလည်း တိုတိုကျဉ်းကျဉ်းလိုရင်းမှတ်မိရအောင် ဆောင်ပုဒ်ကလေးလိုက်ဆိုရအောင်–

ဆောင်ပုဒ်။ ရုပ်,ဝေ,သညာ၊ သခ်ါရာ၊ ဝိညာ ဤငါးတန်။[၂]

ရုပ်ရယ်,ဝေဒနာရယ်, သညာရယ်, သခ်ါရရယ်, ဝိညာဏ်ရယ်, ဘယ်နှစ်ပါးလဲ?

ငါးပါးပါဘုရား။

အဲဒီ ဥပါဒါနက္ခန္ဓာငါးပါးဆိုတာ တခြားမှာခက်ခက်ခဲခဲ သွားရှာယူရမည့်တရားတွေ မဟုတ်ဘူး။ မိမိတို့သန္တာန်မှာထင်ရှားဖြစ်ပေါ်နေတဲ့ ရုပ်နာမ်တရားတွေကိုပြော

တာ။ ဘာတရားတွေကို ပြောတာပါလဲ?

ရပ်နာမ်တရားတွေကို ပြောတာပါဘုရား။

အဲဒီ ရပ်နာမ်တရားတွေဟာ မြင်တိုင်းမြင်တိုင်းမှာလည်း ထင်ရှားဖြစ်နေတယ်။ ကြားတိုင်းကြားတိုင်းမှာလည်း ထင်ရှားဖြစ်နေတယ်။ နံတိုင်း၊စားတိုင်း၊ တွေထိတိုင်း၊ ကြံစည်စိတ်ကူးစဉ်းစားတိုင်းမှာလည်း ထင်ရှားဖြစ်နေတယ်။ မဖြစ်နေဘူးလား?

ဖြစ်နေပါတယ်ဘုရား။

ဒီလို ထင်ရှားဖြစ်နေတဲ့ ရပ်နာမ်နှစ်ပါးကိုပဲ ခန္ဓာအနေနဲ့ ရေတွက်လိုက်တော့ ငါးပါးဖြစ်သွားတယ်။ ဘယ်နှစ်ပါးဖြစ်သွားသလဲ?

ငါးပါးဖြစ်သွားပါတယ်ဘုရား။

အဲဒီငါးပါးကို ထင်ရှားအောင်ထပ်ပြီး ပြောရမယ် ဆိုလျှင် အဆင်းရုပ်ကိုမြင်ဆဲခဏမှာ

၁။ မျက်စိနဲ့အဆင်းရုပ်က ရုပ်ဥပါဒါနက္ခန္ဓာ။

၂။ မြင်လို့ကောင်းတာ မကောင်းတာက ဝေဒနာ ဥပါဒါနက္ခန္ဓာ။

၃။ မြင်ရတဲ့အဆင်းကို မှတ်သားတာက သညာ ဥပါဒါနကွန္ဓာ။
၄။ မြင်မှုကိစ္စပြီးအောင် ကြောင့်ကြစိုက်တာ၊ နှလုံးသွင်းတာက သင်္ခါရဥပါဒါနကွန္ဓာ။
၅။ မြင်သိရုံမျှသဘောက ဝိညာဏ်ဥပါဒါနကွန္ဓာ။

မြင်ရတဲ့အခါမှာ ဥပါဒါနကွန္ဓာ ဘယ်နှစ်ပါးဖြစ်သွားသလဲ?

ငါးပါးဖြစ်သွားပါတယ်ဘုရား။

အဲဒီလို မြင်ရတဲ့အခါမှာ ခန္ဓာငါးပါးဖြစ်ပုံကို ဘုန်းကြီးတို့တရားနာပရိသတ်များ သဘောပေါက်တယ်ဆိုလျှင် ကြားရတဲ့အခါ၊ နံရတဲ့အခါ၊ စားရတဲ့အခါ၊ တွေ့သိရတဲ့အခါတွေမှာလည်းပဲ ခန္ဓာငါးပါးထင်ရှားဖြစ်ပုံကို သဘောပေါက်နားလည်နိုင်လောက်ပါတယ်။ နားမလည်နိုင်ပါဘူးလား?

နားလည်နိုင်ပါတယ်ဘုရား။

ဒါကြောင့် ဥပါဒါနကွန္ဓာတရားဆိုတာ တခြားသွားမရှာနဲ့၊ မိမိတို့သန္တာန်မှာ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ တွေ့သိရတိုင်း ထင်ရှားဖြစ်ပေါ်နေတဲ့

ယခုပြောခဲ့တဲ့ ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် တရားတွေပဲလို့ မှတ်သားထားလိုက်ပါ။

မှန်လှပါဘုရား။

ကဲ–မှတ်မိအောင်ဆောင်ပုဒ်လေး ထပ်ပြီးတော့ ဆိုလိုက်ပါ။

ဆောင်ပုဒ်။ ရုပ်,ဝေ,သညာ၊ သင်္ခါရာ၊ ဝိညာ ကျင်းတန်။ J

ဒါကြောင့်မို့လို့ ရုပ်၊ဝေဒနာ၊ သညာ၊သင်္ခါရ၊ ဝိညာဏ်လို့ဆိုတဲ့ ဤခန္ဓာငါးပါးကိုပဲ ဝိပဿနာရှုရပါတယ်။ ဘယ်တရားတွေကို ဝိပဿနာရှုရပါလိမ့်?

ခန္ဓာငါးပါးတရားတွေကို ဝိပဿနာရှုရပါတယ် ဘုရား။

အဲဒီ ခန္ဓာငါးပါးတရားတွေကို ဝိပဿနာရှုရတာ တဲ့။ အဲဒါမရှုလျှင်တော့ စောစောကပြောသလိုပဲ တဏှာနဲ့လည်းပဲ စွဲလမ်းမယ်၊ ဒိဋ္ဌိနဲ့လည်းပဲ စွဲလမ်းမယ်။ အဲဒီလို စွဲလမ်းလျှင်တော့ ဆင်းရဲတာတွေရမလား၊ ချမ်းသာတာတွေရမလား?

ဆင်းရဲတာတွေ ရပါမယ်ဘုရား။

ဆင်းရဲတာတွေ ရမှာသေချာတယ်နော်။ သေချာပါတယ်ဘုရား။ ဒါပေမယ့်လို့ ပုထုဇဉ်သားသတ္တဝါတွေကတော့ အဲဒီဆင်းရဲတာတွေကို ဆင်းရဲအမှန်မသိဘူး။ သိရဲ့လား?

မသိပါဘုရား။

ဆင်းရဲတဲ့သဘောတရားတွေကို ဆင်းရဲအမှန်မသိတဲ့အခါကျတော့ အဲဒီခန္ဓာငါးပါးအပေါ်မှာပဲ ဒီတဏှာဒိဋ္ဌိတွေနဲ့စွဲလမ်းပြီးတော့ မျက်စိကမြင်စရာ အဆင်းရုပ်တွေကိုလည်း လိုက်ပြီးတော့ရာ၊ မရာဘူးလား?

ရာပါတယ်ဘုရား။

ကြားစရာအာရုံတွေကိုလည်းပဲ လိုက်ပြီးတော့ရာ၊ ရာလွန်းအားကြီးလို့ တစ်ချို့ကိုယ့်အိမ်မှာ တီဗွီ၊ဗီဒီယိုမရှိလို့ သူများအိမ်မှာ လိုက်ပြီးတော့ကြည့်ကြသေးတာ။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

အဲဒါ စွဲလမ်းလို့လိုက်ကြည့်တာလား၊ မစွဲလမ်းလို့ လိုက်ကြည့်တာလား?

စွဲလမ်းလို့လိုက်ကြည့်တာပါဘုရား။

စွဲလမ်းလို့လိုက်ကြည့်နေတာ။ အဲဒါဘာတွေနဲ့ စွဲနေတာလည်းဆိုလျှင် စောစောကပြောတဲ့ တဏှာတို့ ဒိဋ္ဌိတို့နဲ့စွဲနေတာ။ အမှန်မြင်လို့လား၊ မမြင်သေးလို့လား?

အမှန်မမြင်သေးလို့ပါဘုရား။

အမှန်မမြင်သေးတော့ တဏှာကလည်းစွဲတယ်၊ ဒိဋ္ဌိကလည်းစွဲတယ်။ တချို့တချို့ ကိုယ်နေရာမှာမရှိလို့ တခြားတစ်နေရာသွား ရုပ်ရှင်ဇာတ်ပွဲတွေ လိုက်ကြည့်ကြတယ်၊ မကြည့်ကြဘူးလား?

ကြည့်ကြပါတယ်ဘုရား။

အဲဒီလို ကြည့်တဲ့အခါကျတော့ ကောင်းတယ်ထင်လို့ကြည့်ကြတာပဲ။ ဒါပေမယ့် အမှန်တကယ်ကောင်းသလားဆိုတော့ တကယ်ကောင်းတာတော့ မတွေ့ရဘူး။ တစ်ညလုံးကြည့်၊ တစ်ညလုံးအိပ်ရေးပျက်တယ်။ ဒီလို မဟုတ်လား?

အိပ်ရေးပျက်ပါတယ်ဘုရား။

နှစ်နာရီ၊သုံးနာရီ ထိုင်ကြည့်နေရတာဘယ်လောက် ပင်ပန်းလိုက်မလဲ စဉ်းစာကြည့်လျှင် မသိနိုင်ဘူးလား?

သိနိုင်ပါတယ်ဘုရား။

ယခုတရားအားထုတ်နေတဲ့ ယောဂီတွေ တစ်နာရီထိုင်ရတာတောင် တော်တော်ကလေးပင်ပန်းနေပြီ။ ဟိုမှာရပ်ရှင်ဇာတ်ပွဲတွေ နှစ်နာရီ၊သုံးနာရီ တချို့တစ်ညလုံးထိုင်ကြည့်နေကြတာ ဘယ်လောက်ထိပင်ပန်းဆင်းရဲနေကြလိမ့်မယ်ဆိုတာ စဉ်းစားကြည့်ပေါ့။ ဒါပေမယ့် သူတို့မှာပင်ပန်းလို့ပင်ပန်းမှန်း သိရဲ့လား?

မသိပါဘုရား။

အဲဒါဘာဖြစ်လို့လဲ။ အမှန်မမြင်လို့၊ အမှန်မမြင်တော့ အမှားတွေထင်၊ အမှားတွေမြင်ပြီးတော့ ကောင်းတဲ့အနေနဲ့၊ သာယာတဲ့အနေနဲ့ စွဲလမ်းကြတယ်။ ဒီလိုမဟုတ်လား?

ဒီလိုပါဘုရား။

သတ္တဝါတိုင်း၊သတ္တဝါတိုင်းဟာ အဲဒီလိုအမှန်ရှုနေတဲ့ ရုပ်နာမ်သဘာဝ အမှန်တရားတွေကို အမှန်အတိုင်း ဝိပဿနာဉာဏ်နဲ့ မရှုမိလို့ရှိလျှင် အဲဒီတဏှာဒိဋ္ဌဆိုတဲ့ဥပါဒါန်တရားတွေက ဝင်ပြီးတော့စွဲလမ်းကြတယ်။ အဲဒီလို ဥပါဒါန်တရားတွေဝင်ပြီးတော့ စွဲလမ်းပြီဆိုလျှင်– 'တသုပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ'တဲ့

တသ၊ ထိုကဲ့သို့ ဝိပသနာဉာဏ်ဖြင့် အမှန်အတိုင်းမရှု မှတ်၊ မပွားများပဲနေတဲ့ပုဂ္ဂိုလ်အား။ ဥပါဒါနပစ္စယာ၊ အဲဒီစွဲလမ်းမှု ဥပါဒါန်ဆိုတဲ့တရားကြောင့်။ ဘဝေါ၊ ကမ္မဘဝ ဥပပတ္တိဆိုတဲ့ဘဝသည်။ သမ္ဘဝတိ၊ မှန်စွာမသွေ ဖြစ်ပေါ်၍ လာရပါပေ၏။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် အရဆိုလျှင်တော့ ဥပါဒါန်တရားကြောင့် ဘာဖြစ်လာသလဲဆိုလျှင် ဘဝတွေ ဖြစ်လာတယ်။ ကမ္မဘဝတို့၊ ဥပပတ္တိဘဝတို့နော်။ ဘဝ ဖြစ်လျှင် ဇာတိ၊ပဋိသန္ဓေ မနေရဘူးလား?

ပဋိသန္ဓေနေရပါတယ်ဘုရား။

ပဋိသန္ဓေနေရလျှင် ဟိုဘက်ကိုဇရာ-အိုရမယ်။ မရဏ-သေရမယ်။ နောက်ပြီးတော့ သောက၊ပရိဒေဝ၊ ဒုက္ခ၊ဒေါမနဿ၊ ဥပါယာသ၊ စိုးရိမ်ရမယ်၊ ငိုကြွေးရမယ်၊ ပူဆွေးရမယ်၊ ကိုယ်၏ဆင်းရဲမှု၊ စိတ်၏ဆင်းရဲမှုနဲ့တွေ့ ကြုံရမယ်၊ ပြင်းထန်စွာပူပန်ရမယ်။ ဒီလိုမဟုတ်လား? မှန်ပါ့ဘုရား။

အဲဒီလို ဆင်းရဲဒုက္ခအဆက်ဆက်တွေ ဆက်စပ်ပြီး တော့ဖြစ်နေတာကိုပဲ သံသရာလည်တယ်လို့ခေါ်တာ။ ဘာလို့ခေါ်သလဲ?

သံသရာလည်တယ်လို့ ခေါ်ပါတယ်ဘုရား။

ဒီတော့ သံသရာလည်ပြီလို့ဆိုလျှင် ဆင်းရဲတာတွေ တွေ့.မလား၊ ချမ်းသာတာတွေ,တွေ့မလား?

ဆင်းရဲတာတွေပဲ တွေ့ပါမယ်ဘုရား။

ဆင်းရဲတာတွေပဲ တွေ့.မှာတဲ့။ အဲဒီဆင်းရဲတွေ မတွေ့ရအောင်၊ ဆင်းရဲတွေ ကုန်ပြီးတော့သွားရအောင်၊ အမှန်အတိုင်းသိအောင် ဝိပဿနာရှုမှတ်နေရတာ၊ ပွားများနေရတာ။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

ဒါကြောင့် အဲဒီလိုအမှန်အတိုင်းသိအောင် ဝိပဿနာမရှုနိုင်သေးဘူးဆိုလျှင်တော့ ကိုယ်ကကောင်းတယ်ထင်လျှင်ကောင်းတာတွေလည်း လုပ်မှာပဲ၊ မကောင်းတာတွေလည်းပဲ လုပ်မှာပဲ။ မလုပ်ဘူးလား၊ လုပ်သလား?

လုပ်မှာပါဘုရား။

တချို့.တချို့ အကုသိုလ်ဒုစရိုက်အမှုတွေပြုပြီးတော့ အသက်မွေးကြတယ်။ အဲဒါလည်း ကောင်းတယ်ထင်လို့လုပ်နေကြတာပဲ မဟုတ်လား?

ကောင်းတယ်ထင်လို့ လုပ်နေတာပါဘုရား။

မြတ်စွာဘုရားလက်ထက်တော်အခါက အဇာတသတ်မင်းသားက သူရဲ့ဖခင်ဗိမ္ဗိသာရမင်းကြီးကိုသတ်တယ်။ အဲဒီလို ဖခင်ကိုသတ်တဲ့ အကုသိုလ်ဒုစရိုက်အမှုကို ပြုလုပ်နိုင်တာ အဲဒါကောင်းတယ်ထင်လို့ လုပ်တာပဲ။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

ကိုယ်ကကောင်းတယ်ထင်လျှင် ဘယ်အလုပ်မဆို ကောင်းတဲ့အလုပ်ပဲဖြစ်ဖြစ်၊ မကောင်းတဲ့အလုပ်ပဲဖြစ်ဖြစ် လုပ်မိကြတာပဲ။ အရှင်ဒေဝဒတ်ကလည်းပဲ မြတ်စွာဘုရားကိုတောင် သေကြောင်းကျိုးပြီးတော့ အမျိုးမျိုးဖန်တီးလုပ်ဆောင်တာပဲ မဟုတ်လား?

ဖန်တီးလုပ်ဆောင်ပါတယ်ဘုရား။

ဒါလည်း ကောင်းတယ်ထင်လို့လုပ်တာလား၊ မကောင်းဘူးထင်လို့ လုပ်တာလား?

ကောင်းတယ်ထင်လို့ လုပ်တာပါဘုရား။

သူအနေနဲ့ကောင်းတယ်ထင်လို့ လုပ်နေတာ။ အမှန်သိလို့လား၊ အမှန်မသိလို့လား?

အမှန်မသိလို့ပါဘုရား။

အမှန်မသိလိုတဲ့။ အဲဒီလို အမှန်မသိတဲ့အခါကျ တော့ တစ်ချို့တစ်ချို့ပုဂ္ဂိုလ်တွေက အဆိပ်သောက်ပြီး တော့သေကြတယ်။ အဆိပ်သောက်ပြီး သေလိုက်ရလျှင် ငါဘဝချမ်းသာတော့မယ်၊ ကောင်းစားတော့မယ်လို့ ထင် တာ။ အမှန်ကောင်းရဲ့လား ?

မကောင်းပါဘုရား။

တစ်ချို့သူများပစ္စည်းတွေခိုးတယ်။ မတရားတာ တွေလုပ်တယ်။ လိမ်ညာပြောတယ်၊ ကုန်းချောတယ်၊ ဆဲရေးတယ်၊ အရက်သေစာ သောက်စားတယ်။ ဒီလို အကုသိုလ်ကံတွေ ပြုလုပ်ကြပြီဆိုလျှင် ဘဝတွေမရ ဘူးလား ?

ဘဝတွေရပါမယ်ဘုရား။

အဲဒီ ကမ္မဘဝအကြောင်းပြုပြီးတော့ ဇာတိ၊ပဋိ သန္ဓေနေ၊ ဇရာ၊ မရဏဆက်ပြီးတော့ ဒုက္ခတွေအကုန်လုံး ပတ်ချာလည်။ မလည်ဘူးလား၊ လည်သလား ?

ပတ်ချာလည်ပါတယ်ဘုရား။

အကုသိုလ်ဒုစရိုက်အမှုတွေ ပြုလုပ်ပြီးတော့ အဲဒီ

အကုသိုလ်အမှုတွေနဲ့ သံသရာလည်ပြီလို့ဆိုလျှင် အပါယ် သံသရာလည်သွားမှာ။ ဘယ်သံသရာလည်မှာပါလိမ့်?

အပါယ်သံသရာလည်မှာပါဘုရား။

တချို့တချို့ကြတော့ မှန်ကန်တဲ့အနေနဲ့တော့ ယူဆကြတယ်၊ စွဲလမ်းကြတယ်တဲ့။ အဲဒီလို စွဲလမ်းပြီးတော့ ဒါနကုသိုလ်ကောင်းမှုတွေပြုရင်း၊ သီလကုသိုလ်ကောင်းမှုတွေ ဆောက်တည်ရင်း ဒီဒါနသီလကုသိုလ်တွေကြောင့် နတ်ပြည်မှာသွားပြီးတော့ နတ်တွေဖြစ်မယ်ဆိုလျှင်၊ လူ့ဘဝလူတွေပြန်ပြီးတော့ ဖြစ်မယ်ဆိုလျှင်၊ ကောင်းတဲ့စည်းစိမ်ချမ်းသာတွေ ခံစားရမယ်လို့- ဒီလိုတောင့်တပြီးတော့ ဒါနကုသိုလ်ကောင်းမှုတွေပြု၊ သီလကုသိုလ်ကောင်းမှုတွေ ဆောက်တည်တော့ သူတို့လည်းပဲ ကံတွေဖြစ်မသွားဘူးလား?

ကံတွေဖြစ်သွားပါတယ်ဘုရား။

အဲဒါ စွဲလမ်းလို့တောင့်တပြီးတော့ပြုတာ။ အဲဒီလို မစွဲလမ်းလျှင် တောင့်တပါ့မလား?

မတောင့်တပါဘုရား။

လူ့ဘဝကို အကောင်းထင်လို့၊ နတ်ဘဝကို

အကောင်းထင်လို့ သာယာတယ်၊ သဘောကျတယ်။ အဲဒီလို သာယာသဘောကျ တောင့်တတောင့်ဘာဖြစ်-တဏှာဖြစ်တယ်။ အဲဒီတဏှာဆိုတဲ့ ဥပါဒါန်တရားက စွဲလမ်းလိုက်တဲ့ အခါကျတော့ လူ့ဘဝတွေသွားပြီး ပြန်မဖြစ်ရဘူးလား?

ပြန်ဖြစ်ရပါတယ်ဘုရား။

နတ်ဘဝတွေ သွားပြီးတော့လည်း မဖြစ်ရဘူးလား?

ဖြစ်ရပါတယ်ဘုရား။

အဲဒီတော့ လူ့ဘဝ၊နတ်ဘဝဆိုတာ ကောင်းမွန်မြင့်မြတ်တဲ့ဘဝတွေတော့ မှန်ပါတယ်။ ဒါပေမယ့် အိုမှုဒုက္ခတွေကင်းရဲ့လား?

မကင်းပါဘုရား။

မကင်းဘူးတဲ့။ အိုနာသေရေး ဒုက္ခဘေးတွေနဲ့ မကင်းနိုင်ကြသေးဘူး။ သောက၊ပရိဒေဝ၊ ဒုက္ခ၊ဒေါမနဿအစရှိတဲ့ စိုးရိမ်ရမှု၊ ပူဆွေးရမှု၊ ငိုကြွေးရမှုဆိုတဲ့ ဒုက္ခတရားတွေနဲ့ မကင်းနိုင်ကြဘူး။ အဲဒီတော့ ဆင်းရဲတာတွေရသလား၊ ချမ်းသာတာတွေရသလား?

ဆင်းရဲတာတွေရပါတယ်ဘုရား။

ဆင်းရဲတာတွေပဲ ရတာတဲ့။ အဲဒါ အမှန်ကိုမမြင်လျှင်၊ အမှန်ကိုမသိလျှင် စွဲလမ်းမှုဥပါဒါန်တရားတွေဝင်လာနိုင်တယ်။ ဒီလိုမဟုတ်လား?

ဝင်လာနိုင်ပါတယ်ဘုရား။

ဒါကြောင့်မို့လို့ အဲဒီစွဲလမ်းမှု ဥပါဒါန်တရားတွေကင်းအောင်ဘာလုပ်နေရတာလဲဆိုလျှင် ဝိပဿနာရှုနေရတာ။ ဝိပဿနာရှုတဲ့အခါကျတော့ မိမိရဲ့ခန္ဓာအစဉ်မှာဖြစ်ပေါ်နေတဲ့ ရုပ်တရားကိုအမှန် မသိရဘူလား၊ သိရသလား?

အမှန်သိရပါတယ်ဘုရား။

ရုပ်နာမ်အမှန်သိမှ အဲဒီစွဲလမ်းမှု ဥပါဒါန်တရားတွေလည်း ကင်းနိုင်တာနော်။ ဒါကြောင့်မို့လို့ ဝိပဿနာရှုတယ်၊ ဝိပဿနာရှုတယ်ဆိုတာ ဘယ်အတွက်ရှုရတာလည်းဆိုလျှင် အဲဒီလိုမစွဲဖို့ရန်အတွက် ရှုရတာ။ ဘယ်လိုဖြေရမှာပါလိမ့်?

မစွဲဖို့ရာ ရှုရတာပါဘုရား။

ဒီတော့ရှုတဲ့အခါမှာလည်းပဲ ဘယ်အချိန်အခါကာ

လမှာရှုရမှာလဲဆိုလျှင် ဖြစ်ခိုက်ဖြစ်ဆဲမှာပဲ ရှုရပါတယ်တဲ့။ မဖြစ်သေးခင်လည်း ကြိုတင်ပြီးတော့ မရှုရဘူး။ ဖြစ်ပြီးသွားလျှင်လည်းပဲ ပြန်လည်စဉ်းစားပြီးတော့ မရှုရတော့ဘူး။ ဒါကြောင့်မို့လို့ ရှုနည်းမှတ်နည်းလေးတွေ နားလည်သဘောပေါက်အောင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး စီထားတဲ့ဆောင်ပုဒ်လေးပဲ လိုက်ပြီးတော့ ဆိုလိုက်ပါ–

ဆောင်ပုဒ်။ ဘယ်အကျိုးငှါ၊ ထိုခန္ဓာ၊ ဘယ်ခါရှုအပ်ပါသနည်း။ ၂

မစွဲဖို့ရာ၊ ဖြစ်ဆဲမှာ၊ မှန်စွာရှုအပ်ပါသတည်း။ ၂

ဝိပဿနာရှုတယ်၊ ဝိပဿနာရှုတယ်ဆိုတာ ဘယ်အတွက်ရှုရတာပါလဲ?

မစွဲဖို့ရာအတွက် ရှုရတာပါဘုရား။

မစွဲဖို့ရာအတွက် ရှုရတာ၊ မရှုလျှင်စောစောကပြောသလို တဏှာတို့၊ဒိဋ္ဌိတို့က အချိန်မရွေး၊ကာလမရွေးဝင်ပြီးတော့ စွဲနိုင်တာပဲ။ မစွဲဘူးလား၊ စွဲသလား?

စွဲနိုင်ပါတယ်ဘုရား။

အဲဒီ ဥပါဒါန်ဆိုတဲ့ အစွဲအလမ်းတွေ ကင်းသွား

အောင် ဝိပဿနာရှုရတာ။ ဒီလိုသဘောပေါက်ထားရမယ် နော်။ အဲဒီလို ဝိပဿနာရှုတဲ့အခါကျတော့လည်းပဲ ဘယ် တရားတွေကို ဝိပဿနာရှုရမှာလည်းလို့မေးလျှင် စောစော ကပြောသွားပြီးပြီ၊ ဥပါဒါနက္ခန္ဓာတွေကို ရှုရမယ်။ အဲဒီ ဥပါဒါနက္ခန္ဓာက ဘာတွေလည်းဆိုလျှင် ရုပ်၊ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါးပဲ။ အဲဒီ ခန္ဓာငါးပါးကို ဝိပဿနာရှုတဲ့အခါကျတော့ ဘယ်အခိုက် မှာရှုရမှာလဲလို့မေးလျှင်?

ဖြစ်ဆဲဖြစ်ခိုက်မှာပါဘုရား။

ဖြစ်ခိုက်ဖြစ်ဆဲမှာ ရှုရမယ်။ ဖြစ်ပြီးသွားမှရှုလို့ ရိုလျှင်လည်း ပစ္စုပ္ပန်မတည့်တော့ဘူး။ ပစ္စုပ္ပန်မတည့်လျှင် အမှန်အတိုင်းသိနိုင်ပါ့မလား?

မသိနိုင်ပါဘုရား။

မိမိရဲ့ခန္ဓာအစဉ်မှာ ဖောင်းတာလေးပေါ်လာတယ်။ ဖောင်းခိုက်ဖောင်းဆဲလေးကို အမှန်အတိုင်းပစ္စုပ္ပန်တည့် တည့် သိနိုင်အောင်၊ နှလုံးမသွင်းလျှင် အမှန်သိပါ့မလား?

အမှန်မသိပါဘုရား။

လူပ်ရှားနေတဲ့ သဘောလေးပဲရှိတယ်ဆိုတာ အမှန်မသိရတော့ဘူး။ ဖောင်းတဲ့သဘောတရားလေး ပေါ်ခိုက်လေးမှာ ဖောင်းတယ်လို့ ပစ္စုပ္ပန်တည့်တည့်လေး ရှုလိုက်တဲ့အခါကျတော့ လူပ်ရှားလာတဲ့သဘောလေး အမှန်မသိရဘူးလား?

သိရပါတယ်ဘုရား။

ဒီတော့ ရုပ်တရားဆိုတာ ထင်ရှားနေပြီ။ အဲဒီအပေါ်မှာဖောင်းတယ်လို့ သိလိုက်တဲ့အသိစိတ် နာမ်တရားလေးလည်းပဲ ထင်ထင်ရှားရှားမတွေ့ရဘူးလား?

တွေ့ရပါတယ်ဘုရား။

ဒီတော့ ဖောင်းနေတဲ့အခိုက် ပစ္စုပ္ပန်တည့်တည့်မှာ ရုပ်တရား၊နာမ်တရား နှစ်ပါးပဲထင်ရှားရှိနေတယ်ဆိုတာ ယောဂီပုဂ္ဂိုလ်တို့ ကိုယ်တိုင်မသိလိုက်ရဘူးလား?

သိလိုက်ရပါတယ်ဘုရား။

အဲဒီလို အမှန်အတိုင်းသိလိုက်တာ ဖြစ်ခိုက်ရှုလို့လား၊ မရှုလို့လား?

ဖြစ်ခိုက်ရှုလို့ပါဘုရား။

ဖြစ်ခိုက်ရှုလိုက်တဲ့အခါကျတော့ ဖောင်းတဲ့သဘော တရားလေးရဲ့အပေါ်မှာ ငါကောင်အနေနဲ့ စွဲလမ်းသေးလား?

မစွဲလမ်းပါဘုရား။

ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ရော စွဲလမ်းသေးလား?

မစွဲလမ်းပါဘုရား။

ဒါဖြင့် သာယာနှစ်သက် သဘောကျပြီးတော့ရော စွဲလမ်းသေးလား?

မစွဲလမ်းတော့ပါဘုရား။

အဲဒါ ဥပါဒါန်တရားတွေ ကင်းသွားတာ။ ဘာတရားတွေ ကင်းသွားပါလိမ့်?

ဥပါဒါန်တရားတွေ ကင်းသွားတာပါဘုရား။

ဥပါဒါန်တရားတွေ ကင်းသွားပြီ၊ ဥပါဒါန်တရားတွေချုပ်သွားပြီဆိုတော့ ဘဝတွေမလာတော့ဘူး။ ဘဝမလာတော့လျှင် ဇာတိလည်းမရတော့ဘူး။ ဇာတိမရလျှင် ဇရာ၊မရဏတွေလည်း မဖြစ်တော့ဘူး။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

သံသရာဝဋ်ဆင်းရဲတွေ ငြိမ်းသွားတယ်။ ယောဂီပုဂ္ဂိုလ်များ တဒင်္ဂရှုနေလျှင် တဒင်္ဂဆင်းရဲတွေ ငြိမ်းသွားတယ်။ အဲဒီလို ဝိပဿနာဉာဏ်နဲ့ အမှန်ကိုသိအောင်ရှုနေလျှင် မှတ်နေလျှင် ရှုတိုင်း၊မှတ်တိုင်း တစ်ခါမှတ်လျှင် တစ်ခါဝဋ်ဆင်းရဲတွေ ကုန်သွားတယ်။ နှစ်ခါမှတ်လျှင် နှစ်ခါဝဋ်ဆင်းရဲတွေ ကုန်သွားတယ်။ တစ်နာရီမှတ်လျှင် တစ်နာရီဝဋ်ဆင်းရဲတွေ ကုန်သွားပါတယ်။မကုန်ဘူးလား?

ကုန်သွားပါတယ်ဘုရား။

အဲဒီလို မှတ်ရင်း၊မှတ်ရင်းနဲ့ မမတို့ရဲ့ခန္ဓာအစဉ်မှာ ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်ဓမ္မ သဘာဝတွေရဲ့ ရုပ်နာမ်သဘောကိုလည်း ပိုင်းခြားသိ၊ မမြဆင်းရဲ၊ အစိုးမရတဲ့သဘော၊ ရုပ်နာမ်ဖြစ်ပျက်တွေကို အမှန်အတိုင်းသိပြီးတော့ ဝိပဿနာဉာဏ်စဉ်တွေ အဆင့်ဆင့်တက်သွားကြမယ်ဆိုလို့ရှိလျှင် မိမိတို့မျှော်လင့်တောင့်တအပ်တဲ့ ဟောဒီသံသရာဆိုတဲ့ဝဋ်ဆင်းရဲတို့ရဲ့ ချုပ်ငြိမ်းရာဖြစ်တဲ့ မင်္ဂိုလ်နိဗ္ဗာန်ကိုလည်းပဲ ရနိုင်တယ်၊ မျက်မှောက်ပြုနိုင်ပါတယ်တဲ့။ အဲဒီလို မိမိတို့မျှော်လင့်အပ်တဲ့ ဝဋ်ဆင်းရဲတွေရဲ့ ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်မင်္ဂိုလ်ကို ရဖို့ရန်အတွက်၊ မျက်မှောက်ပြုဖို့ရန်အတွက် ဝိပဿနာရှုနေရတာပဲ။ ဒီလိုမဟုတ်လား?

ဒီလိုပါဘုရား။

ဤကဲ့သို့ ဝိပဿနာဉာဏ်နဲ့ အမှန်ကိုမြင်အောင် ဖြစ်ခိုက်ဖြစ်ဆဲမှာ စွဲလမ်းနိုင်ရာဖြစ်တဲ့ ဥပါဒါနက္ခန္ဓာ တရားတွေကို အမှန်အတိုင်းသိအောင် ဝိပဿနာရှုနိုင်မယ် လို့ဆိုလျှင် မိမိတို့လိုလားအပ်၊တောင့်တအပ်တဲ့ ရုပ်နာမ် ခပ်သိမ်း ကိလေသာခပ်သိမ်း၊ ဆင်းရဲခပ်သိမ်းတို့ရဲ့ ငြိမ်းရာ ဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို ဇကန်မုချဆိုက်ရောက်၍ မျက် မှောက်ပြုနိုင်မှာ ဖြစ်တဲ့အတွက် ဘုန်းကြီးတို့ဒါယကာ၊ ဒါယိကာမအပေါင်း၊ ယောဂီအပေါင်းသူတော်ကောင်းများ ကြီးစားပြီးတော့ သတိ၊ဝီရိယ၊ပညာနဲ့ ပွားများဖို့လိုတယ်။

ဒီလိုမဟုတ်လား?

ဒီလိုပါဘုရား။

အဲဒီလို သတိတို့၊ဝီရိယတို့၊ ပညာတို့နဲ့ကြိုးစား ပွားများ အားထုတ်နိုင်ကြမယ်ဆိုလျှင် မိမိတို့ရဲ့ပါရမီဉာဏ် အားလျော်စွာ အရှင်စူဠပန်မထေရ်မြတ်ကြီးတို့လို တဒင်္ဂ အခိုက်အခါကာလမှာလည်းပဲ မိမိတို့ရဲ့ဉာဏ်အမြင်တွေ ရင့်သန်ပြည့်စုံသွားလျှင် ကိလေသာကုန်ခန်းတဲ့ ရဟန္တာ ပုဂ္ဂိုလ်လည်း ဖြစ်နိုင်ပါတယ်။ မဖြစ်နိုင်ဘူးလား၊ ဖြစ်နိုင် သလား?

ဖြစ်နိုင်ပါတယ်ဘုရား။

ဖြစ်နိုင်တယ်။ ဒါကြောင့်မို့လို့ ယောဂီဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းများ နည်းမှန်လမ်းမှန် ဝိပဿနာတရားဓမ္မတွေကို ကျင့်ကြံပွားများ အားထုတ်နိုင်ဖို့ရန်အတွက် ရည်ရွယ်ပြီးတော့ ဟောကြားအပ်တဲ့ ဝိပဿနာဂ္ဂနည်း မူသေစည်းတရားတော်ကို ရိုသေစွာ နာကြားရသဖြင့် နားကြားရသောအတိုင်း လိုက်နာကျင့်ကြံပွားများ အားထုတ်နိုင်ကြပြီးလျှင် မိမိတို့လိုလားအပ်တောင့်တအပ်သော မဂ်ဖိုလ်နိဗ္ဗာန် တရားထူးတရားမြတ်တို့ကို လွယ်ကူသောအကျင့် လျင်မြန်သောအသိဉာဏ်တို့ဖြင့် လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

“ဆရာတော်ဘုရားပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏
အရှင်ဘုရား”

“သာဓု...သာဓု...သာဓု ပါဘုရား”

အရပ်ဆယ်မျက်နှာနေ၊အားလုံးသောသတ္တဝါတွေ၊
ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊
ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ
ချမ်းသာစွာဖြင့်၊ မိမိတို့ခန္ဓာဝန်ကို၊ ရွက်ဆောင်
နိုင်ကြပါစေ။

“သာဓု...သာဓု...သာဓု ပါဘုရား”

ဝိပဿနာဂ္ဂနည်း မူသေစည်းတရားတော်
(ဒုတိယပိုင်း)

ယနေ့ ၁၃ဖစ-ခု၊ ဝါခေါင်လပြည့်နေ့၊ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ် ခိပ္ပါဘိညာသဒ္ဓမ္မရံသီရိပ်သာအတွင်း၌ အားထုတ်ဆဲဖြစ်ကြတဲ့ ယောဂီသူတော်စင်ပရိသတ်များနှင့်ဟက္ခ ဥပုသ်သည်ယောဂီသူတော်စင်များအတွက် ဆက်လက်ပြီးတော့ ဟောကြားလိုတဲ့ တရားဒေသနာတော်ကတော့ ဝိပဿနာဂ္ဂနည်း မူသေစည်းတရားတော် (ဒုတိယပိုင်း)၊ ဘယ်အပိုင်းကို ဆက်ပြီး ဟောကြားရမှာပါလိမ့်?

ဒုတိယအပိုင်းပါဘုရား။

ပထမပိုင်းကိုတော့ ပြီးခဲ့တဲ့အပတ်က ဟောကြားပြီးသွားပါပြီ။ ဒါကြောင့် ဒုတိယပိုင်းအနေနဲ့ ယခုဆက်လက်ပြီး ဟောကြရာနာကြရမှာ ဖြစ်တဲ့အတွက် တရား

တော်ကိုမဟောကြားမိ၊ မနာကြားမိ ယနေ့သံဃာတော်အရှင်မြတ်များနှင့်တကွ ယောဂီအပေါင်း သူတော်ကောင်းတို့၏သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အာရုံပြု၍ အာရုံဆွမ်း၊ နေ့ဆွမ်း၊ ညနေဖျော်ရည် အစရှိတဲ့လှူဖွယ်ပစ္စည်းအသီးသီးတို့ကို ဆက်ကပ်လှူဒါန်းကြတဲ့ ကုသိုလ်ရှင် စေတနာရှင်များ အစဆားပြီးတော့ အားလုံးသောသုခိတာ၊ ဒုက္ခိတသတ္တဝါအပေါင်းတို့အားလည်းပဲ မေတ္တာ၊ဘာဝနာပွားပြီးတော့ တရားပွဲစကြရအောင်။

(မေတ္တာဘာဝနာပွားပုံ ရှေ့မှာပါပြီးပါပြီ။)

ဝိပ သနာရှုနည်း မူသေစည်းဆိုတဲ့တရားတော်ဟောရတာ မပြည့်စုံသေးဘူးနော်။ လွန်ခဲ့တဲ့အပတ်ကဟောသွားတာ ဝိပသနာရှုမည့် ပုဂ္ဂိုလ်တွေရဲ့ အင်္ဂါရုပ်ကရှေးဦးစွာသီလနှင့်ပြည့်စုံရမယ်၊ သုတနဲ့လည်းပြည့်စုံရမယ်။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

အဲဒီလို သီလနဲ့ပြည့်စုံ၊ သုတနဲ့လည်းပြည့်စုံပြီဆိုလို့ရှိလျှင် ဝိပသနာရှုတော့မယ်ဆိုတဲ့အခါကျတော့ ဘယ်အရာတွေကို ရှုရမှာလဲလို့ ဒါလည်းပဲသိဖို့လိုတယ်နော်။

ဒါကြောင့် မိမိတို့ဝိပဿနာ ရှုရမယ့်တရားတွေ လွန်ခဲ့တဲ့အပတ်က ဟောမသွားဘူးလား?

ဟောသွားပါတယ်ဘုရား။

ကဲဒါဖြင့်လျှင် ပြန်မေးကြည့်ရအောင်– ဘယ်အရာတွေကို ဝိပဿနာရှုရမှာပါလိမ့်?

ဥပါဒါနက္ခန္ဓာငါးပါးကို ဝိပဿနာရှုရပါမယ်ဘုရား။

ဥပါဒါနက္ခန္ဓာငါးပါးကိုပဲ ဝိပဿနာရှုရမယ်။ ဒါကြောင့် အဲဒီတရားလေးတွေ ပြန်ပြီးဆက်မိသွားအောင်၊ ယောဂီများလည်း မှတ်မိသွားရအောင် ဆောင်ပုဒ်လိုက်ပြီး ဆိုကြရမယ်။

ဆောင်ပုဒ်။ သီလ,သုတ၊ စုံသူမှာ၊ ဘယ်ဟာရှုအပ်ပါသနည်း။ ♩
စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာ ရှုအပ်ပါသတည်း။ ♩

ဒီတော့ သီလနဲ့လည်းပြည့်စုံ၊ သုတနဲ့လည်းပြည့်စုံတဲ့ ယောဂီပုဂ္ဂိုလ်ဟာ အဲဒီစွဲလမ်းနိုင်ရာဖြစ်တဲ့ လောကီ ဥပါဒါနက္ခန္ဓာငါးပါးကိုပဲ ဝိပဿနာရှုရပါတယ်။ ဒီလို မဟုတ်လား?

မှန်ပါတယ်ဘုရား။

ဘယ်အကျိုးငှါ ဝိပဿနာရှုရတာလဲလို့ မေးလျှင် မစွဖုံရာအတွက် ဝိပဿနာရှုရတာ၊ ဘယ်အတွက် ဝိပဿနာရှုရတာပါလိမ့်?

မစွဖုံရာအတွက် ဝိပဿနာရှုရတာပါဘုရား။

အဲဒီတော့ ဝိပဿနာတရားမမှတွေ ရှုမှတ်တော့မယ်၊ ပွားများတော့မယ်ဆိုလျှင် ရှေးဦးစွာဘာတွေနဲ့ ပြည့်စုံဖို့လိုသလဲဆိုတော့ သီလနဲ့လည်းပြည့်စုံရမယ်၊ သုတနဲ့လည်း ပြည့်စုံရမယ်။ တရားနာပရိသတ်များ သဘောပေါက်နေပါပြီ။

မှန်ပါဘုရား။

အဲဒီလို သီလနဲ့သုတနဲ့ ပြည့်စုံပြီးလို့ရှိလျှင် ဘယ်တရားတွေကို နှလုံးသွင်းပြီး ပွားများရှုမှတ်ရမှာလဲလို့မေးလျှင် စွဲလမ်းနှိုင်ရာဖြစ်တဲ့ ဥပါဒါနက္ခန္ဓာတရားငါးပါး။ ဒီလိုမဟုတ်လား?

မှန်လှပါဘုရား။

တိုတိုကျဉ်းကျဉ်း ခန္ဓာငါးပါးပါပဲ။ အဲဒီခန္ဓာငါးပါး

ကိုပဲ တဏှာဒိဋ္ဌိတို့နဲ့ စွဲလမ်းနိုင်တဲ့အတွက် ဥပါဒါနက္ခန္ဓာလို့ခေါ်တာ။ ဘုန်းကြီးတို့ယောဂီများ မှတ်မိဖို့ရာဘယ်တရားတွေကို ဝိပဿနာရှုရမှာလဲလို့မေးလျှင်?

စွဲလမ်းနိုင်ရာ ငါးခန္ဓာတရားပါဘုရား။

စွဲလမ်းနိုင်ရာငါးခန္ဓာကိုပဲ ဝိပဿနာရှုရမယ်။ တခြားရှုစရာ တရားရှိသေးလား?

မရှိပါဘုရား။

တခြားရှုစရာတရားတွေ မရှိဘူးတဲ့။ ဟိုတရားရှု ရကောင်းနိုးနိုး၊ ဒီတရားရှုရကောင်းနိုးနိုး၊ ဟိုနည်းက မှန်သလိုလို၊ ဒီနည်းကမှန်သလိုလို ယုံမှားသံသယတွေ ဖြစ်စရာမရှိနိုင်တော့ဘူးတဲ့။ ဒီလိုမဟုတ်လား?

မှန်ပါဘုရား။

တကယ် ပဋိသန္ဓေဒါပတ္တာ ဓမ္မတဒဂ်ဂုဏ်ထူးရတဲ့ရဟန္တာပုဂ္ဂိုလ်ကြီးကမေးလျှောက်လို့ ပညာအရာမှာ ဓမ္မတဒဂ်ရတဲ့ အဂ္ဂသာဝကအရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက လမ်းညွှန်ခဲ့တာ။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

မြတ်စွာဘုရားကလည်း အသိအမှတ်ပြုထားတဲ့ တရားပါ။ တပည့်သာဝကတွေ ဟောတဲ့တရားဖြစ်ပေမယ့် လို့ မြတ်စွာဘုရားက သဘောတူပြီးတော့ လက်ခံလိုက် လျှင် မြတ်စွာဘုရားဟောတဲ့တရား ဖြစ်သွားတာပဲ။ မဖြစ် သွားပါဘူးလား ?

ဖြစ်သွားပါတယ်ဘုရား။

ဒါကြောင့်မို့လို့ သီလဝန္တ၊ သုတဝန္တသုတ္တန်ဆိုပြီး တော့ မြတ်စွာဘုရားရဲ့ ပါဠိတော်၊ဒေသနာတော်မှာ အထင်အရှားရှိနေပါတယ်။ မရှိဘူးလား၊ ရှိသလား ?

ရှိပါတယ်ဘုရား။

ရှိတယ်။ ဒါကြောင့် အဲဒီလိုစွဲလမ်းနှိုင်ရာဖြစ်တဲ့ ဥပါဒါနက္ခန္ဓာတရားတွေကို ရှုရတဲ့နေရာ၊ မှတ်ရတဲ့နေရာ မှာလည်းပဲ ဘယ်အကျိုးအတွက် ရှုရတာလဲ၊ ဘယ်အချိန် အခါကာလမှာ ရှုရပါသလဲလို့ ဒီလိုမေးခဲ့လို့ရှိလျှင် မှတ်မိ သွားရအောင် လိုက်ပြီးတော့ဆိုလိုက်ပါဦး။

ဆောင်ပုဒ်။ ဘယ်အကျိုးငှါ၊ ထိုခန္ဓာ၊ ဘယ်ခါရှုအပ်ပါသနည်း။ ♩
မစွဲဖို့ရာ၊ ဖြစ်ဆဲမှာ၊ မှန်စွာ ရှုအပ်ပါသတည်း။ ♩

ဒါဖြင့် ဆောင်ပုဒ်ကလေးက ရှင်းနေပါပြီ။ ဘယ်အကျိုးငှါ ရှုရတာလဲလို့မေးလျှင် မစွဲဖို့ရာအတွက် ရှုရတာ။ အဲဒီလို ရှုတဲ့အခါကျတော့ ဘယ်အချိန်အခါ ကာလမှာရှုရတာလဲလို့မေးလျှင် ပစ္စုပ္ပန်ဖြစ်ခိုက်ဖြစ်ဆဲမှာ ရှုပါတဲ့။ ဒါလေးသဘောပေါက်ထားဖို့လိုတယ်။ ယောဂီပုဂ္ဂိုလ်များ မိမိတို့ရဲ့သန္တာန်မှာ ဖောင်းတဲ့သဘောလေး ဖောင်းနေလျှင် ဖောင်းခိုက်လေးက ပစ္စုပ္ပန်ပဲ။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

ပိန်တဲ့သဘောလေး ပိန်နေလျှင် ပိန်ခိုက်လေး သည်ပစ္စုပ္ပန်ပဲ။ ထို့အတူပဲ ပူတာလေးပေါ်နေခိုက်မှာ ပူတာလေးသည် ပစ္စုပ္ပန်ပဲ။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

နာတာလေးပေါ်နေခိုက်မှာ နာတာလေးဟာ ပစ္စုပ္ပန်ပဲ။ အဲဒီလို ယောဂီများရဲ့ခန္ဓာကိုယ်တစ်ခုလုံးမှာ ဘယ်နေရာကပဲ ရုပ်သဘာဝတွေပေါ်ပေါ်၊ နာမ်သဘာဝတွေပေါ်ပေါ် ပေါ်ခိုက်ပေါ်ခိုက်အချိန်ကာလကလေးက ပစ္စုပ္ပန်ပဲ။ အဲဒီပစ္စုပ္ပန်ပေါ်ခိုက်ပေါ်ဆဲ အချိန်ကာလမှာ အမှန်အတိုင်းသိအောင် ဝိပဿနာရှုရတာ။

ထိုနည်းတူစွာပဲ မြင်စရာအာရုံတွေ မြင်ရတဲ့အခိုက်၊ ကြားစ့ရာအာရုံတွေ ကြားရတဲ့အခိုက်၊ နံစရာအာရုံတွေ နံရတဲ့အခိုက်၊ စားစရာအာရုံတွေ စားရတဲ့အခိုက်၊ တွေ့ထိစရာအာရုံတွေ တွေ့ထိရတဲ့အခိုက်၊ ကြံစည်စိတ်ကူးစဉ်းစားစရာအာရုံတွေကို ကြံစည်စိတ်ကူးစဉ်းစားနေခိုက် အဲဒါ ပစ္စုပ္ပန်တည့်အောင် ဝိပဿနာရှုဖို့လိုတယ်။ မလိုဘူးလား၊ လိုသလား?

ရှုဖို့လိုပါတယ်ဘုရား။

ရှုဖို့လိုတယ်။ ယောဂီများစကြိုန်သွားနေတယ်၊ ဘယ်လှမ်းနေတဲ့အခိုက်မှာ ဘယ်လှမ်းတဲ့အမူအရာဖြစ်ပေါ်နေခိုက် ပစ္စုပ္ပန်တည့်အောင် ရှုဖို့မလိုဘူးလား၊ လိုသလား?

လိုအပ်ပါတယ်ဘုရား။

ညာလှမ်းနေတဲ့အခိုက်မှာ ညာလှမ်းတဲ့အမူအရာဖြစ်ပေါ်နေခိုက်၊ ပစ္စုပ္ပန်တည့်အောင်၊သိနိုင်အောင် ဝိပဿနာရှုဖို့ မလိုဘူးလား၊ လိုသလား?

လိုအပ်ပါတယ်ဘုရား။

ဘယ်ဘက်ကလှမ်းနေတယ်။ ဘယ်လှမ်းတဲ့ ရုပ်

အမှုအရာဖြစ်ပေါ်နေတာကို မသိလိုက်ဘူးဆိုလျှင် ပစ္စုပ္ပန်တည့်ပါ့မလား?

မတည့်ပါဘုရား။

ထို့အတူပဲ ညာဘက်ကလှမ်းနေခိုက်မှာ ညာလှမ်းတယ်လို့ မသိလိုက်လျှင် ပစ္စုပ္ပန်တည့်ပါ့မလား?

မတည့်ပါဘုရား။

အဲဒါကြောင့် ပစ္စုပ္ပန်တည့်အောင် ယောဂီများက သေသေချာချာ ဝိပဿနာရှုရတယ်။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

ဒါဖြင့် ယောဂီများယခုလို မြင်တာတွေ၊ ကြားတာတွေ၊ နံတာတွေ၊ စားတာတွေ၊ တွေ့ထိတာတွေ၊ စဉ်းစားတာတွေ၊ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်၊ ကွေ့တယ်၊ လှမ်းတယ်၊ ချတယ်စသည့်ဖြင့် အဲဒီလို ပစ္စုပ္ပန်တည့်အောင် ရှုနေတာ ဘယ်တရားတွေကို ရှုနေတာလဲလို့ မေးလျှင် ဘယ်လိုဖြေပါ့မလဲ?

ခန္ဓာငါးပါးတရားတွေ ရှုနေတာပါဘုရား။

ခန္ဓာငါးပါးတရားတွေ ရှုနေတာ။ ဘုန်းကြီးတို့

ယောဂီများ သဘောပေါက်ပါတယ်နော်?

သဘောပေါက်ပါတယ်ဘုရား။

ခန္ဓာငါးပါးဆိုတာ တစ်ခြားမှာသွားပြီးတော့ ရှာမနေ ကြပါနဲ့။ မိမိရဲ့ခန္ဓာထဲမှာပဲ အထင်အရှားရှိနေပါတယ်။ မရှိဘူးလား၊ ရှိသလား?

အထင်အရှားရှိနေပါတယ်ဘုရား။

အထင်အရှားရှိနေတယ်။ မြင်တဲ့နေရာမှာလည်း ခန္ဓာငါးပါးပဲ၊ ကြားတဲ့နေရာမှာလည်း ခန္ဓာငါးပါးပဲ၊ အဲဒါတွေလျှောက်ပြီးတော့ အဘိဓမ္မာနည်းအားဖြင့် ခွဲခြားပြီး၊ နာမည်တပ်ပြီး ဟောရမယ်ဆိုလျှင်တော့ (၁၀)ရက်လောက်ဟောတာဆောင် ကုန်မှာမဟုတ်ဘူး၊ မကုန်ပါဘုရား။

မကုန်နိုင်ဘူး၊ အများကြီးပဲ။ အဘိဓမ္မာနည်းအားဖြင့် ယောဂီပုဂ္ဂိုလ်များ ဒီခန္ဓာငါးပါးလုံးကို အကုန်လုံးတစ်ပြိုင်နက် အဲဒီလိုသရုပ်ခွဲပြီးတော့ ရှုရမှာလားဆိုလျှင် သရုပ်ခွဲပြီးတော့ ရှုရမှာမဟုတ်ပါဘူးတဲ့။ မဟုတ်ပါဘုရား။

ဒါဟာ ရုပ်ပဲ၊ ဒါဟာ ဝေဒနာပဲ၊ ဒါဟာသညာပဲ၊ ဒါဟာ သင်္ခါရပဲ၊ ဒါဟာ ဝိညာဏ်ပဲလို့ အဲဒီလိုနာမည်တွေ

တပ်ပြီးတော့ လိုက်ရှုနေစရာ မလိုဘူးတဲ့။ လိုပါ့မလား?

မလိုပါဘုရား။

နာမည်တွေတပ်နေရတာက ပညတ်လို့ခေါ်တယ်။ အမှန်တကယ် ယောဂီရှုရမှာက ပရမတ်ဆိုက်အောင် ရှုရမှာ။ ဘာကိုဆိုက်အောင် ရှုရမှာလဲ?

ပရမတ်ဆိုက်အောင် ရှုရမှာပါဘုရား။

ပရမတ်ဆိုက်အောင် ဝိပဿနာရှုရတယ်။ ပရမတ်ဆိုက်အောင်ဆိုတာက မြင်တဲ့အခိုက်မှာ မြင်စရာအဆင်း ရုပ်ထင်ရှားရှိနေတယ်။ အဲဒီ အဆင်းရုပ်သည် ပရမတ်ပဲ။ ဒီလိုမဟုတ်လား?

ဒီလိုပါဘုရား။

မျက်စိအကြည်ရုပ်လည်း ထင်ရှားမရှိဘူးလား?

ရှိပါတယ်ဘုရား။

မြင်သိစိတ်လည်း ထင်ရှားမရှိဘူးလား?

ရှိပါတယ်ဘုရား။

အဲဒီ အဆင်းရုပ်၊ မျက်စိရုပ်၊ မြင်သိစိတ် ပရမတ် သဘာဝထင်ရှားသိနိုင်အောင် ရှုရတာတဲ့။ ဒါပေမယ့်လို့

သမာဓိဉာဏ်နှနေသေးတဲ့ပုဂ္ဂိုလ်၊ သမာဓိဉာဏ်မပြည့်သေးတဲ့ပုဂ္ဂိုလ်ကတော့ ပစ္စုပ္ပန်တည့်အောင် မရှုနိုင်သေးပါဘူး။ ရှုနိုင်ပါ့မလား?

မရှုနိုင်သေးပါဘုရား။

မရှုနိုင်ဘူးတဲ့။ မြင်တဲ့နေရာရှုရတာ အင်မတန်ခဲယဉ်းတယ်။ ဒါကြောင့်မို့လို့ အဲဒီလို မြင်တဲ့အဆင်းရုပ်တွေ၊ မြင်သိစိတ်တွေ၊ မျက်စိရုပ်တွေဆိုတာ မိမိတို့ဝိပဿနာဉာဏ်က မထက်သန်သေးလျှင် ပစ္စုပ္ပန်တည့်အောင်၊ မိအောင်မရှုနိုင်သေးတဲ့အတွက် အဲဒီမျက်စိနဲ့ပတ်သက်လို့ မျက်စိပေါက်က ကိလေသာတွေမဝင်ရအောင် အရှင်မဟာကစ္စာယနမထေရ်က မိန့်မှာတဲ့အတိုင်း ကျေးဇူးတော်ရှင် သဒ္ဓမ္မရံသီရိပ်သာဆရာတော်ဘုရားကြီးက မျက်စိနဲ့ပတ်သက်လို့ ဘယ်လိုထိန်းသိမ်းထားခိုင်းပါသလဲဆိုလျှင်– 'မျက်စိအမြင်၊ ကောင်းသူပင်၊ မမြင်ကန်းပမာတဲ့။' မျက်စိအမြင်ကောင်းတဲ့ ပုဂ္ဂိုလ်ဖြစ်သော်လည်းပဲ မျက်စိမမြင်တဲ့လူလိုကျင့်ပါ၊ ပွားများပါ၊ နှလုံးသွင်းပါ။ ဒီလိုမဟုတ်လား?

မှန်ပါဘုရား။

ဆိုလိုရင်းကတော့ တရားအားထုတ်ခါစ ပုဂ္ဂိုလ်မှာ

သမာဓိဉာဏ်မရင့်သေးတဲ့အတွက် မြင်စိကမြင်စရာ အဆင်းရုပ်တွေကို မြင်ရပေမယ့်၊ မြင်စရာတွေမြင်တိုင်း၊ မြင်တိုင်းလိုက်ပြီးတော့ မကြည့်နဲ့။ ဘာတဲ့လဲ?

မြင်စရာတွေကို လိုက်ပြီးတော့ မကြည့်ရပါဘုရား။

လိုက်ကြည့်လျှင် အမှန်ကိုမသိနိုင်သေးလို့နော်။ ဘာဖြစ်လို့လဲဆိုလို့ရှိလျှင် သမာဓိဉာဏ်တွေမပြည့်စုံသေးလို့ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

သမာဓိဉာဏ်တွေ မပြည့်စုံသေးတဲ့အခါကျတော့ ယောဂီများကမြင်စရာအဆင်းတွေ လိုက်ပြီးတော့ကြည့် လိုက်လျှင် ဘာတွေမြင်မလဲ?

အမျိုးသားတွေမြင်မယ်၊ အမျိုးသမီးတွေမြင်မယ်၊ စသည်ဖြင့် ပညတ်အာရုံတွေ ရောက်သွားနိုင်တယ်။ အမျိုးသား၊ အမျိုးသမီးတွေမြင်လျှင် ပရမတ်ရောက်ပါ့ မလား?

မရောက်ပါဘုရား။

ပညတ်အာရုံတွေ ရောက်သွားတယ်။ ပညတ်

အာရုံတွေရောက်သွားလျှင် အစွဲဥပါဒါန်တရားတွေက လည်း ကပ်ပြီးပါသွားတာပဲ။ ဒီလိုမဟုတ်လား?

ပါ,ပါမယ်ဘုရား။

ဒါကြောင့် ပစ္စုပ္ပန်တည့်အောင် မြင်စရာအဆင်း ရုပ်တွေကို မြင်သိရုံမျှလေးပဲ နှလုံးသွင်းရမယ်။ လိုက်ပြီး တော့မကြည့်ရဘူး။ စက််သွားနေတဲ့အခါ ဘယ်လှမ်း တယ်၊ ညာလှမ်းတယ်၊ ကွေတယ်၊ လှမ်းတယ်၊ ချတယ် စသည့်ဖြင့် ရှုမှတ်နေတဲ့အခါ ကွေတဲ့အမူအရာလေးတွေ၊ လှမ်းတဲ့အမူအရာလေးတွေ၊ ချတဲ့အမူအရာလေးတွေ၊ သေသေချာချာသိအောင် မမှတ်ရပါဘူးလား?

မှတ်ရပါတယ်ဘုရား။

အဲဒီလို သေသေချာချာရှုမှတ်နေလျှင် ကွေတဲ့အခါ ပေါ့ပေါ့တက်သွားတဲ့သဘော၊ လှမ်းတဲ့အခါ ရွေ့ရွေ့သွား တဲ့သဘော၊ နင်းချတဲ့အခါ လေးလေးကျသွားတဲ့သဘော တရားတွေကို သေသေချာချာမသိရပါဘူးလား?

သေသေချာချာ သိရပါတယ်ဘုရား။

အဲဒီလို စက််သွားနေတဲ့အခါ မြင်စရာအာရုံတွေ ကိုလိုက်မကြည့်ပဲနဲ့ မိမိရှုမှတ်နေတဲ့ခြေလှမ်း အမူအရာတွေ

အပေါ်မှာ သေသေချာချာရှုမှတ်နေလျှင် ပေါ့တာ၊ ရွှေတာ၊ လေးတာသဘာဝတရားတွေကို အမှန်အတိုင်းသိမြင်တဲ့အပြင် မျက်စိပေါက်မှာထင်လာတဲ့ အဆင်းရုပ်တွေကိုလည်းပဲမြင်ပြီး၊ ရိပ်ကန် ရိပ်ကနဲ ပျောက်ပျောက်သွားတာကိုရော မသိလိုက်ရပါဘူးလား?

သိလိုက်ရပါတယ်ဘုရား။

ဘေးကတစ်ယောက်ယောက် အမျိုးသားပဲဖြတ်သွား,သွား၊ အမျိုးသမီးပဲဖြတ်သွား,သွား၊ တကယ်သမာဓိဖြစ်နေတဲ့ ယောဂီပုဂ္ဂိုလ်သည် အမျိုးသားသွားမှန်းလည်း မသိတော့ဘူး၊ အမျိုးသမီးသွားမှန်းလည်း မသိတော့ဘူး။ သိသေးလား?

မသိတော့ပါဘုရား။

ဒါဖြင့် ဖြူတာတို့၊ မဲတာတို့၊ ဝါတာတို့တော့ မမြင်လိုက်ဘူးလား၊ မြင်လိုက်သလား?

မြင်လိုက်ပါတယ်ဘုရား။

ဖြူတာတို့၊ မဲတာတို့၊ ဝါတာတို့ဆိုတာ အဆင်းရုပ်သက်သက်ပဲမဟုတ်လား။ မှန်ပါ့ဘုရား။ အမျိုးသား၊ အမျိုးသမီးဆိုတာ တကယ်ရှိတာမဟုတ်ဘူး။ သွားပြီး

တော့စွဲတာ။ ဘာဖြစ်တာပါလိမ့်?
သွားစွဲတာပါဘုရား။

အဲဒီလို မစွဲဖို့ရန်အတွက် ပစ္စုပ္ပန်ဖြစ်ခိုက်၊ဖြစ်ဆဲမှာ ဝိပဿနာရှုရပါတယ်။ ဘယ်အခိုက်မှာ ဝိပဿနာရှုရသလဲ?

ပစ္စုပ္ပန်ဖြစ်ခိုက်မှာပါဘုရား။

ပစ္စုပ္ပန်ဖြစ်ခိုက်ဖြစ်ဆဲမှာ ဝိပဿနာရှုရတယ်တဲ့။ ဒါကတော့ ဝိပဿနာရှုရမယ့် အချိန်အခါကာလ အခိုက်အတန့်ကို ညွှန်ပြနေတာ။ မှန်ပါဘုရား။

ရှုတဲ့အခါကျတော့ ဘယ်လိုရှုရမှာလဲ ဆိုလို့ရှိလျှင် အနိစ္စတော၊ မမြဲတဲ့အနေအားဖြင့်။ ဒုက္ခတော၊ ဆင်းရဲတဲ့အနေအားဖြင့်။ ရောဂတော၊ စွဲကပ်ပြီးတော့နေတဲ့ ရောဂါနှင့်တူသည့်အနေအားဖြင့်။ ဂဏ္ဍတော၊ အိုင်းအမာနှင့်တူသည့်အနေအားဖြင့်။ သလ္လတော၊ စူးဝင်နေသောငြောင့်နှင့်တူသည့်အနေအားဖြင့်။ အဃတော၊ မကောင်းမှုနှင့်တူသည့်အနေအားဖြင့်။ အာဗာဓတော၊ ဖျားနာရောဂါစွဲကပ်ပြီးနေတာနှင့် တူသည့်အနေအားဖြင့်။ ပရတော၊ ပြင်ပလူသူစိမ်းနှင့်တူသည့်အနေအားဖြင့်။ ပလောကတော၊ ပျက်စီးလွယ်သည့်အနေအားဖြင့်။ သုညတော၊ အသက်

ကောင်မှ ဆိတ်သုဉ်းပြီးတော့နေတဲ့ အနေအားဖြင့်။ အနတ္တတော၊ အစိုးရသည့်အတ္တကောင်မဟုတ်၊ သဘော တရားမျှအနေအားဖြင့်။ ယောနိသော၊ နည်းမှန်လမ်းမှန် အကျင့်အားဖြင့်။ မနသိကတဇ္ဇာ၊ နှလုံးသွင်းပွားများ အပ်ပါသည် အရှင်ဘုရား။

သာဓု... သာဓု... သာဓု ပါဘုရား။

အဲဒါကတော့ ဝိပဿနာရှုပုံရှုနည်း ရှုမြင်ပုံအခြင်း အရာ(၁၁)မျိုးပါ။ ဘယ်နှစ်မျိုးပါလိမ့်?

(၁၁)မျိုးပါဘုရား။

အဲဒီ(၁၁)မျိုးကတော့ အရှင်သာရိပုတ္တရာမထေရ် မြတ်ကြီးက ပညာအရာမှာ ဇာတဒဂ်ရတော်မူတဲ့အတွက် ဝိပဿနာရှုနေတဲ့ယောဂီများရဲ့ ဉာဏ်ထဲမှာမြင်နိုင်တဲ့ အခြင်းအရာတွေကို အကုန်လုံးပြည့်စုံအောင် ဖော်ပြပြီး တော့ဟောထားတာ။ ဒီလိုမဟုတ်လား?

ဟုတ်ပါတယ်ဘုရား။

အဲဒီလို (၁၁)မျိုးလုံးအကုန်ဟောပေမယ့်လို့ လိုရင်း အကျဉ်းချုံးပြီးတော့ တူရာတူရာပေါင်းယူလိုက်မယ် ဆိုလျှင်တော့ သုံးမျိုးပဲရတယ်။ ဘယ်နှစ်မျိုးရပါလိမ့်?

သုံးမျိုးပဲရပါတယ်ဘုရား။

အဲဒီ သုံးမျိုးကဘာတွေလဲဆိုလျှင် အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ်၊ ဒီသုံးမျိုးပါပဲ။ အနိစ္စလို့မြင်အောင် ရှုရမယ်။ အနိစ္စကပါဋ္ဌိလို မြန်မာလိုပြောတော့ မမြဲတာ၊ ဒုက္ခဆိုတာကပါဋ္ဌိလို မြန်မာလိုပြောတော့ ဆင်းရဲတာ၊ အနတ္တဆိုတာပါဋ္ဌိလို မြန်မာလိုပြောတော့ အစိုးမရတာ၊ အတ္တမဟုတ်တာ။ အဲဒီလို မိမိရဲ့ခန္ဓာအစဉ်မှာ ဖြစ်ပေါ်နေတဲ့ဥပါဒါနက္ခန္ဓာလို့ဆိုတဲ့ ခန္ဓာငါးပါး၊ တနည်းအားဖြင့် ပြောမယ်ဆိုလို့ရှိလျှင် ရုပ်တရား၊နာမ်တရား ဒါပဲမဟုတ်လား?

ဒါပါပဲဘုရား။

အဲဒီရုပ်တရား၊နာမ်တရားတွေရဲ့အပေါ်မှာ အနိစ္စအနေနဲ့မြင်အောင် ရှုရမယ်။ ရှုရမှာလား၊ မရှုရဘူးလား?

ရှုရပါမယ်ဘုရား။

ရှုရမယ်တဲ့။ အနိစ္စတော၊ မမြဲတဲ့အနေအားဖြင့် ဟောဒီရုပ်တရားတွေ၊ နာမ်တရားတွေဆိုတာဟာ ဘယ်သဘောတရားတွေမှ မြဲတယ်ဆိုတာမရှိပါ။ ရှိရဲ့လား?

မရှိပါဘုရား။

မြင်ခိုက်မှာရှုကြည့်လိုက်ဦး။ မြင်ခိုက်၊မြင်ဆဲမှာ ဖြစ်ပေါ်လာတဲ့ ရုပ်တရားတွေ၊ နာမ်တရားကွေ သေသေ ချာချာရှုကြည့်လိုက်မယ်ဆိုလျှင် မြင်ရတဲ့အဆင်းရုပ်တွေ လည်းပဲ မြင်ပြီးတော့ ဘာဖြစ်သွားသလဲ?

ပျောက်သွားပါတယ်ဘုရား။

ပျောက်သွားတယ်၊ ပျက်သွားတယ် အတူတူပါပဲ။ မျက်စိရုပ်လည်းပဲ ဒီအတိုင်းပဲ မြင်ပြီးလျှင်ပျက်သွားတာပဲ၊ ပျောက်သွားတာပဲ။ မြင်သိစိတ်ကလည်းပဲ သိပြီးလျှင် ပျက်သွားတာပဲ။ ရုပ်နာမ်တရားတွေဟာ အစဉ်အားဖြင့် တစ်ခုပြီးတစ်ခု၊ တစ်ခုပြီးတစ်ခု ဆက်စပ်ပြီးဖြစ်ပေါ်နေတဲ့ အတွက်ကြောင့် ယောဂီများကမိမိတို့ဉာဏ်မမီနိုင်သေးတဲ့ အခါကျတော့ အမြဲတမ်းတည်ပြီးတော့ နေတယ်လို့ ထင်နေကြတာ။ ဒီလိုမဟုတ်လား?

ဒီလိုပါဘုရား။

ကြားရတဲ့အသံလေး ရှုလိုက်ပြန်တော့လည်းပဲ ကြားရတဲ့အသံလေးတွေက ကြားပြီးတော့ပျောက်သွား၊ ကြားပြီးပျောက်သွား။ မြဲသလား၊ မမြဲဘူးလား?

မမြဲပါဘုရား။

မမြဘူးတဲ့။ ကြားတဲ့အသံလေးတွေက တစ်လုံးပြီး တစ်လုံး၊ တစ်လုံးပြီးတစ်လုံး ပျက်ပျက်သွားတာပဲ။ သေသေချာချာရှုကြည့်လေ သေသေချာချာပျောက်သွားတာ၊ ပျက်သွားတာ။ ယောဂီပုဂ္ဂိုလ်များ မသိလိုက်ရဘူးလား၊ သိလိုက်ရသလား?

သိလိုက်ရပါတယ်ဘုရား။

အဲဒီလို ဝိပဿနာဉာဏ်ဖြင့် တကယ်မမြင်နိုင်သေးလျှင်တော့ ဒီအသံတွေက တကယ်ပဲတည်ပြီးတော့နေသလိုလို၊ အမြဲတမ်းပဲ ရှိပြီးတော့နေသလိုလို၊ အရင်တုန်းကလည်းရှိခဲ့သလိုလို၊ အဲဒီလို အထင်မှားပြီးတော့ စွဲတတ်တယ်။ မစွဲဘူးလား၊ စွဲသလား?

စွဲတတ်ပါတယ်ဘုရား။

ဒါကြောင့်မို့လို့ အဲဒီအစွဲတွေမဝင်နိုင်ရအောင် သတိ၊ သမာဓိ၊ ပညာဉာဏ်တွေနဲ့ ပြည့်စုံအောင် အမြဲတမ်းအမှတ်တွေ ဆက်စပ်ပြီးတော့၊ မပြတ်သွားရအောင် ကြိုးစားပြီးတော့မှတ်နေရတာ။ ဘယ်လိုမှတ်နေရတာပါလိမ့်?

ကြိုးစားပြီးမှတ်နေရပါတယ်ဘုရား။

ကြိုးစားပြီးမှတ်နိုင်မှ ပွားများနိုင်မှ ယောဂီပုဂ္ဂိုလ်များရဲ့ အဒ္ဓတ္တကိုယ်တွင်းသန္တာန်မှာ သတိ၊သမာဓိဉာဏ်တွေ ပြည့်စုံလာနိုင်တယ် မဟုတ်လား?

ပြည့်စုံလာနိုင်ပါတယ်ဘုရား။

သာမန် ပေါ့ပေါ့လေး၊လျော့လျော့လေး မှတ်ရုံနဲ့တော့ သမာဓိတရားတွေမပြည့်စုံနိုင်ဘူး။ မပြည့်စုံနိုင်ပါဘုရား။

သမာဓိတရားတွေ မပြည့်စုံနိုင်ဘူးဆိုလျှင် ဝိပဿနာဉာဏ်တွေ ထက်သန်လာနိုင်ပါ့မလား?

မထက်သန်လာနိုင်ပါဘုရား။

သေသေချာချာသတိတို့၊ ဝီရိယတို့နဲ့ကြိုးစားပြီးတော့ရှုမှတ်လိုက်၊ ပွားများလိုက်တဲ့အခါကျတော့ ရှုမှတ်တိုင်း၊ရှုမှတ်တိုင်းမှာ မှတ်သိစရာအာရုံရော မှတ်သိစိတ်ရော ရုပ်ကနဲ၊ရုပ်ကနဲ ကုန်ပျောက်၊ကုန်ပျောက်သွားတာ ယောဂီပုဂ္ဂိုလ်များကိုယ်တိုင်ကိုယ်ကျ မတွေ့ရဘူးလား?

ကိုယ်တိုင်ကိုယ်ကျ တွေ့ရပါတယ်ဘုရား။
ကိုယ်တိုင်ကိုယ်ကျ တွေ့ရပါတယ်တဲ့။ ယောဂီ

ပုဂ္ဂိုလ်များ စကြံသွားနေစဉ်မှာလည်းပဲ သေသေချာချာ မှတ်ပြီးတော့နေတဲ့ယောဂီပုဂ္ဂိုလ် ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ မှတ်နေလို့ရှိလျှင် ကြွတဲ့အမှုအရာလေးတွေ ရိပ်ကနဲရိပ်ကနဲကုန်သွား၊ ဒီလိုမဟုတ်လား။ လှမ်းတဲ့အမှု အရာလေးတွေ ရိပ်ကနဲ၊ရိပ်ကနဲကုန်သွား၊ နင်းချလိုက်တဲ့ အခါကျတော့လည်း ရိပ်ကနဲ၊ရိပ်ကနဲကုန်သွား၊ မြင်စရာ အဆင်းရုပ်တွေ မြင်လိုက်ရတဲ့အခါကျတော့လည်းပဲ ရိပ်ကနဲ၊ရိပ်ကနဲ ကုန်ပျက်သွား။ တခဏအတွင်းမှာ တဒင်္ဂ်၊ တဒင်္ဂ်အခိုက်အတန့် ရုပ်နာမ်တရားတွေက အမြဲတမ်း ပြောင်းလဲပြီးတော့ ဖြစ်ပေါ်နေကြတာပဲဆိုတာ ယောဂီ ပုဂ္ဂိုလ်များ ကိုယ်တိုင်ကိုယ်ကျမတွေ့.ရဘူးလား?

တွေ့.ရပါတယ်ဘုရား။

မိမိရဲ့.ခန္ဓာကိုယ်တွင်း ဉာဏ်ကိုသွင်းပြီးတော့ ဖောင်းတယ်၊ပိန်တယ် စသည်ဖြင့်သေချာရှုမှတ်လိုက်တဲ့ အခါကျတော့လည်းပဲ ဖောင်းတဲ့၊ပိန်တဲ့သဘောတရားလေး တွေလည်း ဖောင်းပြီးပျောက်သွား၊ ပိန်ပြီးပျောက်သွား၊ မပျောက်ဘူးလား၊ ပျောက်သလား?

ပျောက်ပါတယ်ဘုရား။

ပူတာ၊ အောင့်တာ၊ တင်းတာလေးတွေ ပေါ်လာတဲ့အခါကျတော့လည်း ပူပြီးပျောက်သွား၊ အောင့်ပြီးပျောက်သွား၊ တင်းပြီးပျောက်သွားတာပဲ။ မပျောက်ဘူးလား၊ ပျောက်သလား?

ပျောက်ပါတယ်ဘုရား။

နာတာလေးတွေ ပေါ်လာတဲ့အခါကျတော့လည်းပဲ နာတဲ့နေရာ သေသေချာချာစိုက်ပြီးတော့ မှတ်ကြည့်လိုက်နော်၊ သေချာစိုက်ပြီး မှတ်ကြည့်နေရင်း၊ မှတ်ကြည့်နေရင်းနဲ့ အဲဒီနာတဲ့သဘောလေးတွေက တစ်နာပြီး၊တစ်နာကုန်ပျက်သွားတာပဲ။ ယောဂီပုဂ္ဂိုလ်များ မြဲလို့လား၊ မမြဲလို့လား?

မမြဲလို့ပါဘုရား။

မမြဲတဲ့သဘောတရားတွေကို သေသေချာချာသတိ၊ သမာဓိဉာဏ်တွေနဲ့ ပြည့်စုံအောင်ကြိုးစားပြီးတော့၊ ရှုနိုင်မယ်၊ မှတ်နိုင်မယ်၊ ပွားများနိုင်မယ်ဆိုလျှင် မမြဲတာတွေ တကယ်မြင်သွားပြီ။ မမြင်ရဘူးလား?

မြင်ရပါတယ်ဘုရား။

အဲဒီလို မြင်သွားလျှင် အနိစ္စလက္ခဏာထင်တယ်။ ဘာလက္ခဏာထင်ပါလိမ့်?

အနိစ္စလက္ခဏာထင်ပါတယ်ဘုရား။

အနိစ္စလက္ခဏာကိုလည်းပဲ တကယ်မြင်သွားတယ်၊ မမြင်ဘူးလား၊ မြင်သလား?

မြင်ပါတယ်ဘုရား။

အနိစ္စဆိုတာကပါဦးလို၊ မြန်မာလိုက?

မမြဲတာပါဘုရား။

မမြဲတာဘာတွေ မမြဲတာလဲဆိုတော့ ရုပ်နာမ်တရားတွေမမြဲတာ၊ ရုပ်နာမ်တွေက မပြတ်ဖြစ်ပျက်နေတာပဲ။ တစ်ခုဖြစ်လိုက်၊ တစ်ခုပျက်လိုက်ဆိုတော့ မြဲလို့လား၊ မမြဲလို့လား?

မမြဲလို့ပါဘုရား။

မမြဲတာသိလျှင် အနိစ္စကိုမြင်တယ်။ ဘာကိုမြင်တာ ပါလိမ့်?

အနိစ္စကိုမြင်ပါတယ်ဘုရား။

ဒါကြောင့် မှတ်မိအောင်လိုက်ဆို-

ဆောင်ပုဒ်။ (၁)မပြတ်ဖြစ်ပျက်နေတဲ့၊ ရုပ်နာမ်ခန္ဓာက အနိစ္စတရား။

မပြတ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ခန္ဓာတွေက ဘာတရားတွေပါလိမ့်?

အနိစ္စတရားပါဘုရား။

အနိစ္စတရားတွေ ယောဂီပုဂ္ဂိုလ်များ ကိုယ်တိုင် ကိုယ်ကျမတွေ့.ရဘူးလား?

တွေ့.ရပါတယ်ဘုရား။

ဆောင်ပုဒ်။ (၂) ဖြစ်ပေါ်ပြီး ပျောက်ကွယ်သွားတဲ့ အခြင်းအရာက အနိစ္စလက္ခဏာ။

ဖြစ်ပေါ်ပြီးပျောက်ကွယ်သွားတဲ့ အခြင်းအရာလေးတွေ ယောဂီပုဂ္ဂိုလ်များ တကယ်ရှုနေတော့ တကယ်မတွေ့ရဘူးလား?

တွေ့.ရပါတယ်ဘုရား။

အဲဒီလို တွေ့နေရတဲ့အခြင်းအရာလေးတွေက ဘာလက္ခဏာလည်းလို့မေးလျှင်?

အနိစ္စလက္ခဏာပါဘုရား။

အနိစ္စလက္ခဏာတွေ သေသေချာချာထင်ထင်ရှား

ရှားပဲ တွေ့နေရတာ။ မတွေ့ရဘူးလား၊ တွေ့ရလား?

တွေ့ရပါတယ်ဘုရား။

ဆောင်ပုဒ်။ (၃) ရှုမှတ်ဆဲမှာ ဖြစ်ပေါ်ပြီး ပျောက်ကွယ်သွား၍ မမြဲဟုသိရတာက အနိစ္စာနုပဿနာဉာဏ်။

ရုပ်နာမ်ခန္ဓာတွေဖြစ်ပေါ်ပြီး ပေါ်လိုက်ပျောက်လိုက်၊ ပေါ်လိုက်ပျောက်လိုက်နဲ့ ပေါ်ပြီးပျောက်သွားတာလေးတွေကို မိမိရဲ့ဝိပဿနာဉာဏ်နဲ့ တကယ်မြင်နေရပြီ၊ ရှင်းလင်းပြီးတော့ တကယ်သိသွားရပြီဆိုလျှင် ဘာဉာဏ်ဖြစ်သွားပါလဲ?

အနိစ္စာနုပဿနာဉာဏ်ပါဘုရား။

ဒါကြောင့်မို့လို့ ရုပ်နာမ်ခန္ဓာတွေဟာ တကယ်မိမိတို့သတိ၊ သမာဓိဉာဏ်တွေ အားကောင်းလာလို့ တကယ်ထင်အောင် မြင်အောင်ရှုနိုင်ပြီ၊ ပွားများနိုင်ပြီလို့ ဆိုလို့ရှိလျှင်-

အဒဿနတော အာယန္တိ၊ ဘင်္ဂါ ဂစ္ဆန္တိ ဒဿနံ။
ဝိဇ္ဇုပ္ပါဒေါ အာကာသေ၊ ဥပဇ္ဇန္တိ ဝယန္တိစ။

အဒဿနတော၊ နဂိကာလည်းမရှိ ပကတိကာလည်း

မထင်၊မမြင်ရ ဟိုအတိတ်ဘဝဆီက။ အာယန္တို၊ အဖြစ်က လည်းမစဲ၊ အသစ်အသစ်အာရုံတွေနဲ့ လဲလဲပြီးတော့ တဖွဲဖွဲဖြစ်ပေါ်၍ လာကြလေကုန်၏။ ဘင်္ဂါ၊ ဘင်္ဂကို ဏာသို့ကျ၍ ချုပ်ကြပျောက်ကြ ပျက်စီးကြတဲ့ ရုပ်နာမ် ဓမ္မသဘာဝတို့သည်။ အဒဿနံ၊ တားလို့လည်းမရ အတွာ လည်းမဟုတ် ဆုပ်လို့လည်းမပြနိုင် ကိုင်လို့လည်းမရ ကင်းကြတာလည်းမဟုတ် ဒုက္ခသာကြွင်းကျန် ဇကန်ထင် ထင်မမြင်ရာအဖြစ်သို့။ ဂစ္ဆန္တိ၊ ချုပ်ကာပျောက်ကာ ရောက် သွားကြရာလေကုန်၏။

ရုပနာမဓမ္မာ သဘာဝ(၁)ရားတွေဆုတာ နဂုတ္တုန်းဂ လည်းပဲ ရှိခဲ့တာမဟုတ်ဘူးတဲ့။ နဂိုတုန်းကရှိခဲ့သလား?

မရှိခဲ့ပါဘုရား။

နဂိုတုန်းက အတိတ်ကရှိခဲ့တာ မဟုတ်ဘူးနော်။ ဘယ်ကနေဘယ်လို ဖြစ်ပေါ်လာတယ်ဆိုကာလည်း မသိ ရဘူးတဲ့။ သိရရဲ့လား?

မသိရပါဘုရား။

တော်ကြာပေါ်လာလိုက်၊ ဘယ်ကပေါ်လာမှန်း မသိဘူး။ တော်ကြာဟိုနားက အောင့်တာလေးပေါ်လာ

တယ်။ နဂိုတုန်းကတော့ အဲဒါမရှိဘူး။ ရှိရဲ့လား?

မရှိပါဘုရား။

နဂိုတုန်းကမရှိပေမယ့် တော်ကြာဖျတ်ခနဲ ပေါ်လာတယ်။ တော်ကြာဓိုးကနဲ၊ ဆတ်ကနဲ၊ စူးကနဲ၊ အောင့်ကနဲ မပေါ်ဘူးလား၊ ပေါ်သလား?

ပေါ်ပါတယ်ဘုရား။

နဂိုတုန်းကမရှိဘူးနော်။

မရှိပါဘုရား။

ပကတိကလည်း မျက်စိနဲ့မြင်လို့ မရနိုင်ဘူးတဲ့။ ဒါပေမယ်လို့ အဲဒါမမြင်တဲ့နေရာကနေပြီး သူ့အလို အလျောက်ပဲ ရောက်လာကြတယ်၊ ပေါ်လာကြတယ်။ ဒီလိုမဟုတ်လား?

ဒီလိုပါဘုရား။

အဲဒီလို ပေါ်လာပြီးတဲ့အခါကျတော့လည်းပဲ တစ်ခါပေါ်ပြီးလျှင် ခဏလေးပဲ ဘာဖြစ်သွားပါလဲ?

ပျောက်ပျက်သွားပါတယ်ဘုရား။

မြိလို့လား၊ မမြိလို့လား ?
မမြိလို့ပါဘုရား။

ဘင်္ဂါ၊ ဘင်္ဂကွဏသို့ကျ၍ ချုပ်ကြပျောက်ကြ
တဲ့ ရုပ်နာမ်ဓမ္မ သဘာဝတို့သည်။ အဒဿနံ၊ ဇကန်ထင်
ထင် မမြင်ရာအဖြစ်သို့။ ဂစ္ဆန္တီ၊ ချုပ်ကာပျောက်ကာ
ရောက်သွားကြရာလေကုန်၏။ သူ့သဘာဝအတိုင်းပဲ
ဖြစ်ပေါ်လာ သူ့သဘာဝအတိုင်းပဲ ပျောက်သွားတာပဲ။
ဥပမာ–ဘာနဲ့တူသလဲဆိုလျှင် 'ဝိဇ္ဇုပ္ပါဒေါ အာကာသေ'
အာကာသေ၊ ရေးလို့လည်းမဖြစ် ခြစ်လို့လည်း
မထင် မိုးကောင်းကင်၌။ ဝိဇ္ဇုပ္ပါဒေါ၊ တိမ်လွှာတိမ်ထပ်
နှစ်ခုခတ်မိရာ၌ ဖျတ်ခနဲပေါ်ထွက်၍လာသော လျှပ်စစ်
ဓါတ်ကဲ့သို့။ ဥပဓေန္တီ၊ အာရုံတွေစ ထိုခဏ၌ ဆွဆွလိုက်
ခုန် ဖြစ်လည်းဖြစ်ပေါ်၍ လာကြလေကုန်၏။ ဝယန္တီစ၊
တားလို့လည်းမနေ ကြာရှည်လည်းမဟုတ် တဖြုတ်ဖြုတ်နဲ့
မို့ သြော်–ပျက်ချုပ်လည်း ပျက်ချုပ်၍နေကြလေကုန်ပြီ
တကား။

သာဓု... သာဓု... သာဓု ပါဘုရား။

အဇ္ဇောပြင် မိုးကောင်းကင်မှာ လှမ်းပြီးတော့ကြည့်
လိုက် ယခုလိုမိုးတွင်းကာလ ရောက်လာပြီဆိုလို့ရှိလျှင်

လျှပ်စစ်လေးတွေ ဖျတ်ခနဲ၊ဖျတ်ခနဲ လက်တာမတွေ့.ရဘူးလား?

တွေ့.ရပါတယ်ဘုရား။

အဲဒီလျှပ်စစ်ရောင်လေးတွေက နဂိုတုန်းကရှိသလား?

မရှိပါဘုရား။

မရှိပေမယ့် ဘယ်ကနေဘယ်လို ပေါ်လာမှန်းမသိဘူး။ တိမ်လွှာတိမ်ထပ်နှစ်ခု သွားပြီးတော့တိုက်လိုက်တဲ့အခါကျတော့မှ ဖျတ်ခနဲဆို ဝင်းကနဲလက်ကနဲ ဖြစ်လာတယ် မဟုတ်လား?

ဖြစ်လာပါတယ်ဘုရား။

အဲဒီလို ဝင်းကနဲလက်ကနဲ ပေါ်လာတဲ့လျှပ်စစ်ဓါတ်လေးတွေကဘယ်လောက်များ ကြာကြာနေပါလိမ့်?

ကြာကြာမနေပါဘုရား။

မနေဘူး။ ခဏလေးပဲ ဖျတ်ခနဲပေါ်လာတယ်။ ပေါ်လာပြီးလျှင် ပျောက်သွားပြန်တယ်။ ရုပ်နာမ်ဓမ္မသဘာဝတွေကလည်း ဒီအတိုင်းပဲ။ မိမိတို့ရဲ့သန္တာန်မှာ

အာရုံနဲ့ဒွါရ တိုက်ဆိုင်တဲ့အခါကျတော့ ဖျတ်ခနဲပေါ်မလာဘူးလား?

ပေါ်လာပါတယ်ဘုရား။

မြင်စရာအဆင်းရုပ်နဲ့ မျက်စိအကြည်ရုပ် သွားပြီးတော့ တိုက်လိုက်တဲ့အခါ မြင်သိစိတ်လေးပေါ်လာတယ်။ ပေါ်လာပြီးဖျတ်ခနဲ ပျောက်သွားတာပဲ။ ထို့အတူပဲ ဒွါရခြောက်ပါးက အာရုံခြောက်ပါးနဲ့ တွေထိတိုင်း၊တွေထိတိုင်း ဖြစ်ပေါ်လာတဲ့ ရုပ်တရားတွေ၊ နာမ်တရားတွေ မှန်သမျှ တစ်ခုမှမြဲတာမဟုတ်ဘူးတဲ့။ တစ်ခုဖြစ်လိုက် တစ်ခုပျက်လိုက်၊ တစ်ခုဖြစ်လိုက် တစ်ခုပျက်လိုက်။

အဲဒီလို ရေးလို့လည်းမဖြစ် ခြစ်လို့လည်းမထင်တဲ့ မိုးကောင်းကင်ကြီးထဲမှာ ဖျတ်ခနဲပေါ်ထွက်၍လာသော လျှပ်စစ်ခါတ်လေးတွေလို အာရုံနဲ့တွေ့တဲ့အခါကျတော့ ဖျတ်ခနဲဖြစ်လာလိုက် ပျောက်သွားလိုက်၊ ဖျတ်ခနဲဖြစ်လာလိုက် ပျောက်သွားလိုက်။ မြဲလို့လား၊ မမြဲလို့လား?

မမြဲလို့ပါဘုရား။

အဲဒီလို ရုပ်တရား၊နာမ်တရားတို့ရဲ့ လျင်လျင်မြန်မြန် ဖြစ်ပျက်နေတဲ့ အခြင်းအရာတွေကို ဉဒယဗ္ဗယဉာဏ်၊

ဘင်္ဂဏော်သို့ ရောက်နေတဲ့ယောဂီများ ကိုယ်တိုင်မတွေ့ရဘူးလား?

တွေ့ရပါတယ်ဘုရား။

ဒါဖြင့် မမြဲတဲ့သဘောတရားတွေကို ယောဂီများမိမိတို့ရဲ့ဉာဏ်ထဲမှာထင်ပြီး တကယ်မြင်သွားပြီ၊ စဉ်းစားပြီးတော့ သိတာမဟုတ်ဘူးနော်?

စဉ်းစားပြီးသိတာ မဟုတ်ပါဘုရား။

စဉ်းစားပြီးတော့သိတာက တကယ်မြင်တာမဟုတ်ဘူး။ မှန်းပြီးတော့သိတာ။ အဲဒီလို တကယ်ဉာဏ်နဲ့ရှုမှ တကယ်မြင်မှ အနိစ္စလက္ခဏာထင်ပါတယ်။ ဘယ်လို မြင်မှ အနိစ္စလက္ခဏာထင်သလဲ?

တကယ်ဉာဏ်နဲ့မြင်မှ အနိစ္စလက္ခဏာထင်ပါတယ် ဘုရား။

ဒါကြောင့်မို့လို့ အနိစ္စတော၊ မမြဲတဲ့အနေအားဖြင့်။ ဒီလိုလည်းပဲ ထင်အောင်မြင်အောင် ဝိပဿနာရှုရတယ်။ ဘယ်လိုရှုရပါလိမ့်?

မမြဲတဲ့အနေအားဖြင့် မြင်အောင်ဝိပဿနာ ရှုရပါတယ်ဘုရား။

မမြဲတဲ့အနေအားဖြင့် ထင်အောင်မြင်အောင် ဝိပဿနာရူရတယ်တဲ့။ နောက်တစ်ခုက-ဒုက္ခတော၊ ဆင်းရဲတဲ့အနေအားဖြင့် အဲဒီရုပ်နာမ်ဓမ္မ သဘာဝတွေဟာ အမြဲတမ်းဖြစ်ပြီး ပျက်နေတာ၊ ချမ်းသာသလား၊ ဆင်းရဲသလားလို့မေးလျှင် ဘယ်လိုဖြေပါ့မလဲ?

ဆင်းရဲပါတယ်ဘုရား။

ဆင်းရဲတဲ့တရားတွေကြီးပဲတဲ့။ 'ယဒနိစ္စံ၊ တံဒုက္ခံ'။ ယံ၊ အကြင်ရုပ်နာမ်ဓမ္မ သဘာဝတရားသည်။ အနိစ္စံ၊ မမြဲပါ။ တံ၊ ထိုမမြဲတဲ့ ရုပ်နာမ်ဓမ္မ အမှန်သဘာဝတရားသည်။ ဒုက္ခံ၊ ဆင်းရဲပါပေ၏။ အဲဒီလို ဖြစ်ပေါ်ပြီးပျောက်သွား၊ ဖြစ်ပေါ်ပြီး ပျောက်သွားနေတဲ့ ရုပ်တရားနာမ်တရားတွေကိုက အမှန်ဘာဖြစ်နေပါလိမ့်?

အမှန်ဆင်းရဲနေပါတယ်ဘုရား။

ဥပါဒဝယ ပဋိပီဠနတာယ၊ ဖြစ်ပျက်နှစ်ရုပ်မပြတ် နှိပ်စက်ပြီးတော့ ခံနေရတဲ့အတွက် အဲဒါဒုက္ခလို့ခေါ်တာ။ ဒီတော့ ဖြစ်မှု၊ပျက်မှုတွေက အမြဲတမ်းနှိပ်စက်သလို ဖြစ်မနေဘူးလား?

နှိပ်စက်သလို ဖြစ်နေပါတယ်ဘုရား။

ဖြစ်ပြီးတည်နေလျှင်တော့ နှိပ်စက်သလိုမဖြစ်ဘူး

ပေါ့။ အခုတော့ ဒီလိုမဟုတ်ဘူး၊ ဖြစ်လာတယ်။ ဖြစ်လာပြီးတော့ ဘာဖြစ်သွားသလဲ?

ပျက်သွားပါတယ်ဘုရား။

ပျက်သွားတယ်ဆိုကတည်းကိုက နှိပ်စက်သလိုဖြစ်နေတာ။ ဟုတ်တယ်မဟုတ်လား?

ဟုတ်ပါတယ်ဘုရား။

ဖြစ်ပျက်နှစ်ခုကို ရောပြီးတော့ ပြောနေရတာ။ အမှန်တကယ်နှိပ်စက်တာက ပျက်မှုကသာ နှိပ်စက်တာပိုပြီးတော့ထင်ရှားတယ်။ ဘာထင်ရှားပါလိမ့်?

ပျက်မှုကနှိပ်စက်တာ ထင်ရှားပါတယ်ဘုရား။

ဥပမာအားဖြင့် ပြောရမယ်ဆိုလို့ရှိလျှင် ပင်လယ်ဘေး၊ ချောင်းဘေးမှာ ဂဏန်းကောင်ကလေးတွေ နိနိရဲရဲလေးတွေ မတွေ့ဖူးဘူးလား?

တွေ့ဖူးပါတယ်ဘုရား။

အဲဒီ ဂဏန်းကောင်းလေးတွေက တွင်းကလေးတွေ အသီးသီး မတည်ဆောက်ကြဘူးလား?

တည်ဆောက်ကြပါတယ်ဘုရား။

တွင်းကလေးတွေ အသီးသီးကိုယ်စီ၊ကိုယ်စီ ဆောက်လုပ်၊ အဲဒီ တွင်းကလေးထဲ ဝင်ပြီးတော့အောင်းနေရင်းနဲ့ ငြိုန်းဆိုပင်လယ်ရေက ချောင်းရေကတက်လာတော့ အဲဒီ တွင်းကလေးတွေ ဘာဖြစ်သွားသလဲ?

ပျက်သွားပါတယ်ဘုရား။

အဲဒီတော့ ပြိုလုပ်နေရတုန်းလည်း ဆင်းရဲဟာပဲ၊ မဆင်းရဲဘူးလား?

ဆင်းရဲပါတယ်ဘုရား။

အဲဒီ မိမိတို့ပြိုလုပ်ထားတဲ့ တွင်းကလေးတွေ ပျက်စီးသွားတော့ ပိုပြီးတော့စိတ်တွေ မဆင်းရဲရဘူးလား၊ မပင်ပန်းရဘူးလား?

ဆင်းရဲ၊ပင်ပန်းရပါတယ်ဘုရား။

အဲဒါ ပျက်သွားလို့ဆင်းရဲတာ။ မပျက်ဘဲနဲ့ အမြဲတည်နေလျှင်တော့ ဆင်းရဲပါ့မလား?

ချမ်းသာပါမယ်ဘုရား။

ချမ်းသာမယ်၊ ဆင်းရဲမှာမဟုတ်ဘူးနော်။ တနည်းအားဖြင့် ငြောမယ်ဆိုလျှင်လည်းပဲ ကလေးအဖတ်

မတင်တဲ့ အမျိုးသမီးတွေ၊ အမျိုးသားတွေ၊ မိဘတွေ၊ မိမိတို့ဝမ်းကနေ လွယ်ပြီးတော့၊ သားလေးတွေမွေးလာ သမီးလေးတွေမွေးလာ။ မွေးလာတဲ့အခါကျတော့ အဲဒီသားကလေး၊ သမီးကလေးက ကြာကြာမနေဘူး၊ လူလောကမှာ ပျက်စီးသွားတယ်။ ပျက်စီးသွားတော့ မိဘများဘာဖြစ်ရပါလိမ့်?

စိတ်ဆင်းရဲရပါတယ်ဘုရား။

တစ်ခါနောက်တစ်ယောက်လည်း မွေးဖွားလာ၊ မွေးဖွားလာပြီး အဲဒီသားလေးလည်း ပျက်စီးသွား၊ ပျက်စီးသွားတော့ ဘာဖြစ်သွားသလဲ?

စိတ်ဆင်းရဲရပါတယ်ဘုရား။

ဆင်းရဲရတယ်။ သောက၊ ပရိဒေဝ၊ ဒုက္ခတွေဖြစ်ရတယ်။ မဖြစ်ရဘူးလား?

ဖြစ်ရပါတယ်ဘုရား။

အဲဒါ ပျက်သွားလို့ဆင်းရဲတာ။ နဂိုကသားကလေး မဖြစ်လာလို့ရှိလျှင် ပျက်စရာမရှိဘူးနော်။ ပျက်စရာမရှိလျှင် ဆင်းရဲစရာရှိပါ့မလား?

မရှိပါဘုရား။

အခုတော့ ဒီလိုမဟုတ်ဘူးနော်။ အဲဒီ သားကလေးတစ်ယောက် ဖွားမြောက်ပြီးတော့လာတယ်။ ဖွားမြောက်ပြီးတဲ့အခါကျတော့ သူကကြာကြာတည်မနေဘူး။ ပျက်စီးသွားတယ်။ ဖြစ်ပြီးပျက်သွားတော့ မဆင်းရဲရဘူးလား?

ဆင်းရဲရပါတယ်ဘုရား။

မိမိရဲ့ခန္ဓာအစဉ်မှာ ဖြစ်ပေါ်နေတဲ့ ရုပ်တရား၊နာမ်တရားတွေလည်း ဒီအတိုင်းပဲဖြစ်ပေါ်လာလို့သာ ပျက်သွားရတာ။ မဖြစ်လျှင်မပျက်တော့ဘူး။ အဲဒီ ဖြစ်မှု၊ပျက်မှုဆိုတဲ့သဘောနှစ်ခုက အမြဲတမ်းနှိပ်စက်ပြီးတော့ ခံနေရတဲ့အတွက် ဆင်းရဲနေရတာ အဲဒါဒုက္ခတွေပဲနော်?

မှန်ပါတယ်ဘုရား။

ဒါကြောင့်မို့လို့ လိုက်ပြီးတော့ဆို-

ဆောင်ပုဒ်။ ဖြစ်ပျက်နှစ်ရပ်၊ မပြတ်နှိပ်စက်ခံရတာက၊ ဒုက္ခတရား။

ဖြစ်ပျက်နှစ်ခု အမြဲတမ်းမပြတ် နှိပ်စက်ခံနေရတဲ့အတွက် အဲဒီတရားတွေကို ဘာလို့ခေါ်ပါလိမ့်?

ဒုက္ခတရားလို့ ခေါ်ပါတယ်ဘုရား။

ဒါဖြင့် ဒုက္ခတရားတွေဟာ တကယ်ပြောတဲ့အခါ ကျတော့ ခန္ဓာငါးပါးပဲ မဟုတ်လား။ အဲဒီ ခန္ဓာငါးပါးကိုပဲ ဒုက္ခလို့မြင်အောင် ရှုရတာပဲနော်။

လိုက်ပြီးတော့ဆိုလိုက်ပါ။

ဆောင်ပုဒ်။ ဖြစ်ပျက်နစ်ရပ်၊ မပြတ်နိပ်စက်တာက၊ ဒုက္ခလက္ခဏာ။ J

ဖြစ်မှု၊ပျက်မှုဆိုတဲ့ သဘောနှစ်ခုက မပြတ်တမ်းနိပ်စက်နေတာကိုပဲ ဒုက္ခလက္ခဏာလို့ ခေါ်ပါတယ်။ ဘာလက္ခဏာလို့ခေါ်ပါလဲ?

ဒုက္ခလက္ခဏာလို့ ခေါ်ပါတယ်ဘုရား။

ဒုက္ခလက္ခဏာနဲ့ ဒုက္ခနဲ့ကွဲပါစေနော်။ ဒုက္ခတရားဆိုတာ အဲဒီဖြစ်မှု၊ပျက်မှု မပြတ်နှိပ်စက်ခံနေရတဲ့တရားကို ဒုက္ခတရားလို့ခေါ်တယ်။

အဲဒီလို နှိပ်စက်နေတာကိုတော့ ဒုက္ခလက္ခဏာလို့ ခေါ်တယ်။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

ဒါဖြင့်ဆိုလိုက်ပါ–

ဆောင်ပုဒ်။ ရူမှတ်ဆဲမှာ၊ မပြတ်ဖြစ်ပျက်နေတာကိုတွေ့ရ၍၊ ဆင်းရဲဟု သိမြင်တာက၊ ဒုက္ခာနုပဿနာဉာဏ်။ ၂

ဒုက္ခတရားလည်း သိသွားပြီ၊ ဒုက္ခလက္ခဏာလည်း သိသွားပြီ၊ ဒုက္ခာနုပဿနာဉာဏ် ဖြစ်ပေါ်လာတာကိုလည်းပဲ သိသွားပြီ။

အဲဒီတော့ မိမိရဲ့ခန္ဓာအစဉ်မှာ ဖြစ်ပေါ်နေတဲ့ရုပ်တရားတွေ၊ နာမ်တရားတွေ၊ အဲဒီဖြစ်မှုပျက်မှုတွေ အမြဲတမ်းနှိပ်စက်ပြီးတော့နေတဲ့ အခြင်းအရာတွေကို ယောဂီပုဂ္ဂိုလ်များက ဖြစ်ခိုက်၊ဖြစ်ဆဲမှာ ဉာဏ်နဲ့သိအောင် ရူရမှာ။ ဘာနဲ့သိအောင် ရူရမှာလဲ?

ဉာဏ်နဲ့သိအောင် ရူရမှာပါဘုရား။

စဉ်းစားပြီးတော့ သိရမှာလား၊ တကယ်ရူပြီးတော့ သိရမှာလား?

တကယ်ရူပြီးတော့ သိရမှာပါဘုရား။

နောကတစမျိုးက ရောဂတော၊ စွဲကပ်နေတဲ့ရောဂါနဲ့တူသည့် အနေအားဖြင့်လည်းပဲ ရူရမယ်။ ဘယ်လိုလည်းပဲ ရူရမှာပါလိမ့်?

စွဲကပ်နေတဲ့ ရောဂါအနေအားဖြင့် ရှုရပါမယ် ဘုရား။

လောကမှာ ပန်းနာ၊လေနာ အစရှိတဲ့ရောဂါဝေဒနာစွဲကပ်နေတဲ့ပုဂ္ဂိုလ် စားချင်တာစားလို့ရရဲ့လား?

မရပါဘုရား။

ဒါဖြင့် သွားချင်တဲ့နေရာရော သွားလို့ရရဲ့လား?

မရပါဘုရား။

ရောဂါဝေဒနာတွေက စွဲကပ်ပြီးတော့နေတဲ့အခါကျတော့ စားချင်ရာမစား၊ သွားချင်ရာမသွား၊ အမြဲတမ်းလည်းပဲ ဒီရောဂါဝေဒနာတွေ သက်သာရအောင် ဆေးတွေလည်းပဲ စားပေးနေရတယ်။ ခန္ဓာကိုယ်ကိုလည်း ပြုပြင်ပေးနေရတယ်။ ဒီလိုမဟုတ်လား?

ဒီလိုပါဘုရား။

အဲဒီဥပမာလိုပဲ ဟောဒီရုပ်နာမ်ခန္ဓာကြီးကို ရလာတဲ့အချိန်ကစပြီး ဘာတွေရလာသလဲလို့မေးလျှင် ရောဂါတွေရလာတာ။ ဘာတွေရလာပါလိမ့်?

ရောဂါတွေရလာပါတယ်ဘုရား။

အမျိုးမျိုးသောရောဂါတွေ မပေါ်ဘူးလား၊ ပေါ်သလား?

ပေါ်ပါတယ်ဘုရား။

အဲဒါတွေပေါ်တော့ ဆင်းရဲမလား၊ ချမ်းသာမလား?

ဆင်းရဲပါတယ်ဘုရား။

ဒါကြောင့်မို့လို့ အနာရောဂါစွဲကပ်ပြီးတော့ နေတာနဲ့တူသည့် အနေအားဖြင့်လည်းပဲ ဝိပဿနာရှုရပါတယ်။ နောက်တစ်မျိုးက ဂဏ္ဍာတော၊ အိုင်းအမာနှင့်တူသည့် အနေအားဖြင့်။ အိုင်းအမာဆိုတာ အင်မတန်လည်း ရှုံစရာကောင်းတယ်။ သွေးပုပ်တွေ ပြည်ပုပ်တွေလည်း အမြဲတမ်းထွက်နေတယ်တဲ့။ အဲဒီအနာဖြစ်ပေါ်လာပြီဆိုလို့ ရှိလျှင် တစ်ကိုယ်လုံးကိုက်ခဲပြီး အခံရခက်နေတတ်တယ်။ ဒီလိုမဟုတ်လား?

မှန်ပါဘုရား။

အဲဒီလို အနာရောဂါကြီးတွေ စွဲကပ်လာပြီ။ အိုင်းအမာကြီးတွေ စွဲကပ်လာပြီဆိုလျှင် ရှုံစရာမကောင်းဘူးလား?

ရွံစရာကောင်းပါတယ်ဘုရား။

အင်မတန်မှလည်း နာကျင်ကိုက်ခဲအခံရခက်တဲ့ ရောဂါဝေဒနာမျိုးနော်။ ထို့အတူ ရုပ်နာမ်ခန္ဓာတွေဟာလည်းပဲ တကယ်ဉာဏ်နဲ့ကြည့်လိုက်တော့ ဟောဒီရုပ်နာမ်ခန္ဓာတွေကို အကြောင်းပြုပြီးတော့ ကိလေသာဆိုတဲ့ သွေးပုပ်တွေ၊ ပြည်ပုပ်တွေလည်း အမြဲတမ်းထွက်နေပါတယ်။ ဘာတွေထွက်နေပါလိမ့်?

ကိလေသာ ပြည်ပုပ်တွေ၊ သွေးပုပ်တွေ ထွက်နေပါတယ်ဘုရား။

ဒီခန္ဓာထဲက လောဘကိလေသာတွေဖြစ်လာလိုက်၊ ဒေါသကိလေသာတွေဖြစ်လာလိုက် အဲဒါသွေးပုပ်ပြည်ပုပ်တွေလို့ခေါ်တယ်။ ကိလေသာက ဘာတွေနဲ့တူပါလိမ့်?

သွေးပုပ်ပြည်ပုပ်တွေနဲ့ တူပါတယ်ဘုရား။

အဲဒီ ကိလေသာသွေးပုပ်ပြည်ပုပ်တွေက မိမိတို့ရဲ့ခန္ဓာဒွါရခြောက်ပါးကနေပြီးတော့ အမြဲတမ်းထွက်နေတယ်။ ဘယ်ကနေထွက်နေပါလိမ့်?

ဒွါရခြောက်ပါးကနေ ထွက်နေပါတယ်ဘုရား။

မျက်စိပေါက်ကလည်းပဲ အမြဲတမ်းထွက်နေတယ်။ နားပေါက်ကလည်းပဲ အမြဲတမ်းထွက်နေတယ်။ နှာခေါင်းပေါက်၊ လျှာပေါက်၊ ကိုယ်ပေါက်၊ စိတ်အကြည်ပေါက်ကလည်း အမြဲတမ်းထွက်နေတယ်။ ထွက်မနေဘူးလား?

ထွက်နေပါတယ်ဘုရား။

ဒါကြောင့်မို့လို့ အိုင်းအမာနဲ့တူတယ်တဲ့။ ဘာနဲ့တူပါသလဲ?

အိုင်းအမာနဲ့တူပါတယ်ဘုရား။

အဲဒီလို အိုင်းအမာနဲ့တူတဲ့အနေအားဖြင့်လည်းပဲ ဝိပဿနာရှုရမယ်။ ဒီတော့ အဲဒီလေးမျိုးကို မှတ်မိသွားရအောင် ဆောင်ပုဒ်ကလေးလိုက်ပြီး ဆိုလိုက်ကြရအောင်-

ဆောင်ပုဒ်။ မမြိုဆင်းရဲ၊ ရောဂါစွဲ၊ ပေါက်ကွဲ အိုင်းတူသည်။ ၂

မမြဲတဲ့အနေအားဖြင့်လည်း ဝိပဿနာရှုရတယ်။ ဆင်းရဲတဲ့အနေအားဖြင့်လည်း ဝိပဿနာရှုရတယ်။ ရောဂါစွဲပြီးနေတာနဲ့ တူသည့်အနေအားဖြင့်လည်း ဝိပဿနာရှုရတယ်။ ပေါက်ကွဲပျက်စီးတတ်တဲ့ အိုင်းအမာကြီးနှင့်တူသည့်အနေအားဖြင့်လည်း ဝိပဿနာရှုရတယ်။ ရှုပုံ

ရှုနည်းဘယ်နှစ်မျိုးရှိသွားပြီလဲ?

မမြဲတာရယ်၊ ဆင်းရဲတာရယ်၊ ရောဂါစွဲတာရယ်၊ အိုင်းအမာနဲ့တူတာရယ် လေးမျိုးရှိသွားပြီ။ နောက်တစ်မျိုးက- သလ္လတော၊ ဆူးငြောင့်နှင့်တူသည့် အနေအားဖြင့်။ မနသိကာတဗ္ဗာ၊ နှလုံးသွင်းရှုရမယ်၊ ပွားများရမယ်။ ဆူးတွေငြောင့်တွေ အစူးခံရတဲ့အခါကျတော့ အခံရမခက်ဘူးလား?

အခံရခက်ပါတယ်ဘုရား။

မိမိ၏ခြေထောက်ထဲ ဆူးလေးတစ်ချောင်းဝင်ပြီးတော့ စူးလိုက်ပြီဆိုလျှင် အဲဒီဆူးလေးက မထွက်မခြင်း မျက်မျက်၊မျက်မျက်နဲ့ ဘာဖြစ်နေပါလိမ့်?

အခံရခက်နေပါတယ်ဘုရား။

ဒီဆူးလေးကို လက်လည်းမခံချင်ဘူး။ လက်မခံချင်ပေမယ့် ဒီဆူးလေးကို ဆွဲထုတ်လို့လည်းပဲ တော်တော်နဲ့မရနိုင်ဘူး၊ ရနိုင်ရဲ့လား?

မရနိုင်သေးပါဘုရား။

ဆွဲထုတ်လို့လည်း တော်တော်နဲ့မထွက်သေးတော့

အခံရခက်မနေဘူးလား ?

အခံရခက်နေပါတယ်ဘုရား။

ထိုနည်းတူစွာပဲ ဟောဒီရုပ်နာမ်ခန္ဓာတွေ ရလာလို့ ရှိလျှင် ရုပ်နာမ်ခန္ဓာထဲမှာ လောဘဆိုတဲ့တရားတွေ၊ ဒေါသဆိုတဲ့တရားတွေက အတွင်းမှာဝင်ပြီးတော့ အောင်းနေတာ။ ဘယ်မှာဝင်အောင်းနေပါလိမ့် ?

အတွင်းမှာ ဝင်အောင်းနေပါတယ်ဘုရား။

မိမိရဲ့ခန္ဓာထဲ လောဘတွေဖြစ်နေတယ်၊ ဒေါသတွေဖြစ်နေတယ်ဆိုတာ အတွင်းဝင်အောင်းနေတာ၊ ဝင်စူးနေတာ။ ဘာဆူးတွေ ဝင်စူးနေတာလဲ ?

လောဘ၊ ဒေါသဆူးတွေ ဝင်စူးနေတာပါဘုရား။

တချို့အမျိုးသားတွေ၊ အမျိုးသမီးတွေ ဒေါသတွေ တနုံ့နုံ့ဖြစ်နေတာ အခံရမခက်ဘူးလား ?

အခံရခက်ပါတယ်ဘုရား။

ငါလုပ်ချင်သလို လုပ်ပစ်လိုက်မယ် စသည်ဖြင့် မကျေနပ်မှုတွေဖြစ်နေ။ ဒါပေမယ့် ဒီဒေါသကြီးကို ဖျောက်လို့လည်းမရဘူး။ ရရဲ့လား ?

မရပါဘုရား။

အဲဒါ ဆူးစူးနေတာ။ ဘာဖြစ်နေပါလိမ့်?

ဆူးစူးနေတာပါဘုရား။

ဘာဆူးစူးနေသလဲဆိုလျှင် ဒေါသဆူးတဲ့။

တချို့လိုချင်စရာအာရုံ၊ နှစ်သက်စရာအာရုံတွေကို လိုလားနေတယ်၊ တောင့်တနေတယ်။ အဲဒီအာရုံတွေကို မရမချင်း အခံရခက်မနေဘူးလား?

အခံရခက်ပါတယ်ဘုရား။

အဲဒါ ဘာဆူးဝင်စူးနေတာပါလဲ?

လောဘဆူးဝင်စူးနေတာပါဘုရား။

ဒါကြောင့်မို့လို့ ရုပ်နာမ်ခန္ဓာတွေ ရလာတဲ့အခါ ကာလကစပြီးတော့ ဆူးစူးနေတာ။ ဘာတွေစူးနေတာပါလိမ်?

ဆူးတွေစူးနေတာပါဘုရား။

ဆူးတွေရော တွေ့ရဲ့လား၊ ဆူးတွေတွေ့ရမယ်။ ကိုယ့်ရဲ့ခန္ဓာထဲစူးနေတဲ့ဆူးတွေ ဘယ်အချိန်ဝင်စူးနေလဲ

ဆိုတာသိရမယ်။ မသိလျှင်တော့ ထွက်ပါ့မလား?

မထွက်ပါဘုရား။

ဒဆူးထွက်နှင်အောင်၊ ဆွဲထုတ်နှင်အောင် ဝိပဿနာရှုနေရတာ။ နောက်တစ်မျိုးက-အဃတော၊ မကောင်းမှုနှင့်တူသည့်အနေအားဖြင့်။ မနသိကာတဇာ၊ နှလုံးသွင်းပြီးတော့ ရှုမှတ်ရမယ်၊ ပွားများရမယ်။

လောကမှာ မကောင်းမှုပြုလုပ်တဲ့ပုဂ္ဂိုလ်တွေ မကောင်းကျိုးတွေ မခံရဘူးလား?

ခံရပါတယ်ဘုရား။

သူတစ်ပါးပစ္စည်းသွားခိုးတဲ့ပုဂ္ဂိုလ်၊ သူတစ်ပါးပစ္စည်းတွေ မတရားလုယက်တိုက်ခိုက်တဲ့ပုဂ္ဂိုလ်၊ ရာဇဝတ်ဘေးအပြစ်ဒဏ်တွေ မသင့်ဘူးလား၊ သင့်သလား?

သင့်ပါတယ်ဘုရား။

ထောင်သွင်းအကျဉ်းခရ၊ ရာဇဝတ်ဘေးဒဏ်တွေ သင့်တော့ မဆင်းရဲရဘူးလား?

ဆင်းရဲရပါကယ်ဘုရား။

မကောင်းမှုရဲ့အကျိုးတရားတွေ ခံကြရတယ်။ ထိုနည်းတူစွာပဲ ဟောဒီခန္ဓာကိုယ်ကြီး ရလာတဲ့အချိန်က စပြီးတော့ ဒီခန္ဓာကိုယ်ကြီး အကြောင်းမသင့်လို့ရှိလျှင် ခန္ဓာကိုယ်ကြီးအတွက် စားရေးလည်းပူပန်နေရတယ်၊ ဝတ်ရေးလည်း ပူပန်နေရတယ်။ မပူပန်နေရဘူးလား?

ပူပန်နေရပါတယ်ဘုရား။

စားရေးအတွက် ပူပန်နေရတာလည်း ဒုက္ခ၊ ဝတ်ရေးအတွက် ပူပန်နေရတာလည်းဒုက္ခ။ ဒီလိုမဟုတ်လား?

ဒုက္ခတွေပါဘုရား။

နေရေးအတွက် ပူပန်နေရတာလည်း ဒုက္ခပဲ။ တခါတရံကျတော့ ကျန်းမာရေးကမကောင်း၊ ကောင်းရဲ့လား?

မကောင်းပါဘုရား။

မကောင်းတာက ပိုပြီးတော့များတယ်။ ကျန်းမာရေးမကောင်းပြန်တော့လည်းပဲ ပူပန်ရတာပဲ၊ ဆင်းရဲရတာပဲ။ မဆင်းရဲဘူးလား?

ဆင်းရဲရပါတယ်ဘုရား။

ကဲ-စားဝတ်နေရေး ကျန်းမာရေး ဘာတွေများ ကောင်းတာရှိသလဲ?

ကောင်းတာ မရှိပါဘုရား။

ဒါဖြင့် မြင်ရတာတွေ၊ ကြားရတာတွေ ဒါတွေ ရောကောင်းတာရှိသလား?

မရှိပါဘုရား။

ဒီမြင်စရာအာရုံတွေ၊ ကြားစရာအာရုံတွေနဲ့ ပတ်သက်ပြီးတော့လည်း အမြဲတမ်းဆင်းရဲနေရတာပဲ။ ဒါကြောင့်မို့လို့ ဒီခန္ဓာကိုယ်ကြီးရဲ့ အပြစ်ဒဏ်တွေခံနေရတော့ မကောင်းမှုအကုသိုလ်နဲ့လည်း မတူဘူးလား?

တူပါတယ်ဘုရား။

နောက်တစ်မျိုးက-အာဇာဓတော၊ တက်ဖျား၊ ကျဖျားအစရှိတဲ့ အနာရောဂါနှင့်တူသည့်အနေအားဖြင့်။ မနသိကာတဇာ၊ နှလုံးသွင်းရမယ်၊ ပွားများရမယ်။ တခါတရံကျတော့ အဖျားရောဂါတွေ တက်လာတယ်။ မတက်ဘူးလား?

တက်ပါတယ်ဘုရား။

ဒါပေမယ့် အာဂန္တုရောဂါဆိုတော့ အမြဲတမ်းစွဲနေတာမျိုးမဟုတ်ဘူး။ တခါတရံဖြစ်လာတယ်၊ တခါတရံကျသွားတယ်။ အဲဒီလို အဖျားရောဂါတွေ ဖြစ်လာပြီ၊ တက်လာပြီဆိုလျှင် ယောဂီပုဂ္ဂိုလ်များ မဆင်းရဲရဘူးလား?

ဆင်းရဲရပါတယ်ဘုရား။

ဟောဒီခန္ဓာကိုယ် ရုပ်နာမ်ခန္ဓာကြီး ရလာတယ်ဆိုလျှင်လည်းပဲ ထိုနည်းတူစွာ အဖျားရောဂါဖြစ်လာသလိုပဲ ဒီခန္ဓာကိုယ်ကြီးရလာတာကိုက ဆင်းရဲတာပဲ။ မဆင်းရဲဘူးလား?

ဆင်းရဲပါတယ်ဘုရား။

တချို့တချို့ခန္ဓာတွေကျတော့ ငရဲ၊တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် ဆိုတဲ့ခန္ဓာတွေ အဲဒီခန္ဓာကိုယ်တွေများသွားပြီးတော့ဖြစ်လျှင် ပိုပြီးတော့မဆင်းရဲရဘူးလား?

ပိုပြီးတော့ ဆင်းရဲရပါတယ်ဘုရား။

အဲဒါအဖျားအရမ်းတက်လာတာနဲ့တူတယ်။ ဘာနဲ့တူသလဲ?

အဖျားအရမ်းတက်လာတာနဲ့တူပါတယ်ဘုရား။

အဖျားအရမ်းတက်တော့ ပိုပြီးဆင်းရဲသလိုပဲ။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ ခန္ဓာတွေဖြစ်လာရ ပြီဆိုလျှင် ပိုပြီးတော့ဆင်းရဲတယ်။ တခါတရံကျတော့ လူ့ဘဝတွေ၊ နတ်ဘဝတွေ မရဘူးလား?

ရပါတယ်ဘုရား။

လူ့ဘဝ၊နတ်ဘဝ ခန္ဓာကိုယ်တွေရတော့လည်းပဲ ဆင်းရဲသလား၊ ချမ်းသာသလားဆိုတော့ ဆင်းရဲတာပဲတဲ့။ အိုး၊နာ၊သေ အစရှိတဲ့ဒုက္ခတွေက မကင်းသေးဘူး။ နတ်သားတွေ၊ နတ်သမီးတွေ သွားဖြစ်တော့၊ သူတို့ဘဝ ချမ်းသာတယ်လို့ထင်ရတာပဲ။ နတ်စည်းစိမ်ချမ်းသာ အာရုံ အမျိုးမျိုးတွေ ခံစားပြီးတော့ တယ်ကောင်းတဲ့ဘဝပဲလို့ ထင်ရပေမယ်လို့။ အဲဒီနတ်သားတွေ၊ နတ်သမီးတွေလည်း အလိုမပြည့်ရတဲ့ ဆင်းရဲတွေအများကြီးပဲ စိတ်ဆိုး၊ စိတ်ပျက်ရတဲ့ ဆင်းရဲတွေအများကြီး။ မများပါဘူးလား?

များပါတယ်ဘုရား။

ဒါဖြင့် ချမ်းသာပါ့မလား?

ဆင်းရဲပါတယ်ဘုရား။

ဆင်းရဲနေတာပဲတဲ့။ နောက်တစ်မျိုးက– ပရတော၊ ပြင်ပလူသူစိမ်းနှင့်တူသည့်အနေအားဖြင့်။ မနသိကာတဗ္ဗာ၊ နှလုံးသွင်းရမယ်၊ ရှုမှတ်ရမယ်။ ဟောဒီ ရုပ်နာမ်ခန္ဓာတွေဆိုတာ ပြင်ပလူသူစိမ်းလိုပဲတဲ့။ သူစိမ်းဆိုတာ ကိုယ်အလိုလိုက်ရဲ့လား?

မလိုက်ပါဘုရား။

ကိုယ်စီမံလို့လည်းမရဘူး၊ ခန့်ခွဲလို့လည်း မရဘူး။ ကိုယ့်သား၊ကိုယ့်သမီးတွေ ကိုယ့်ဆွေမျိုးတွေဆိုလျှင် ကိုယ်စီမံခန့်ခွဲလို့ရတယ် မဟုတ်လား?

ရပါတယ်ဘုရား။

သူတစ်ပါးသူစိမ်းတွေကျတော့ ကိုယ်ပြောသလိုလည်းမရဘူး။ ကိုယ်စီမံခန့်ခွဲသလိုလည်း မဖြစ်ဘူး။ ကိုယ်ပြောစကားနားမထောင်။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

အဲဒါ ဘာဖြစ်လို့လည်းဆိုတော့ သူစိမ်းဖြစ်နေလို့၊ ဘာဖြစ်နေလို့ပါလိမ့်?

သူစိမ်းဖြစ်နေလို့ပါဘုရား။

ထိုနည်းတူစွာပဲ ဟောဒီရုပ်နာမ်ခန္ဓာတွေဆိုတာလည်း ဒီအတိုင်းပဲ။ ရလာတဲ့ရုပ်နာမ်ခန္ဓာကွေကို မိမိက ဒီလိုကောင်းအောင်နေပါ။ ဒီလိုရောဂါဝေဒနာတွေ မဖြစ်ပါစေနဲ့လို့ စီမံခန့်ခွဲလို့ရရဲ့လား?

မရပါဘုရား။

ကိုယ်ကတော့ ကောင်းအောင်နေချင်တာပဲ။ ဒါပေမယ့် ဟောဒီခန္ဓာကြီးကမနေဘူး။ အမျိုးမျိုးဖောက်ပြန်နေတယ်၊ ပျက်စီးနေတယ်။ ဒီလိုမဟုတ်လား?

မှန်ပါ့ဘုရား။

အဲဒီလို ကိုယ်ဖြစ်ချင်သလို စီမံခန့်ခွဲလို့မရတာ၊ သူစိမ်းနဲ့တူလို့၊ ဘာနဲ့တူလို့လဲ?

သူစိမ်းနဲ့တူလို့ပါဘုရား။

သူစိမ်းနဲ့တူတဲ့အခါကျတော့ ကိုယ်စီမံခန့်ခွဲလို့မရဘူး။ ဒါကြောင့်မို့လို့ ပြင်ပလူ သူစိမ်းနဲ့တူသည့်အနေအားဖြင့်လည်းပဲ၊ မနသိကာတဗ္ဗာ၊ နှလုံးသွင်းရမယ်၊ ပွားများရမယ်။

ဆောင်ပုဒ်ကလေးလည်း မှတ်မိအောင်လိုက်ပြီးတော့ဆိုလိုက်ရအောင်–

ဆောင်ပုဒ်။ ငြောင့်, မကောင်းမှု၊ ဖျားနာဟု၊ မှတ်ရှုသူစိမ်းမည်။[၂]

ငြောင့်ရယ်၊ မကောင်းမှုရယ်၊ ဖျားနာတာရယ်၊ သူစိမ်းရယ် ဘယ်နှစ်မျိုးလဲ?

လေးမျိုးပါဘုရား။

အဲဒါ ရှုပုံရှုနည်း အခြင်းအရာတွေပဲ။ ဒီတော့ အပေါ်ကလေးမျိုးရယ်၊ အောက်ကလေးမျိုးရယ် ပေါင်းလိုက်တော့ ရှစ်မျိုး။ အဲဒီမှာ အနိစ္စတောဆိုတဲ့ မမြဲတဲ့အခြင်းအရာအနေနဲ့ ရှုတာကတစ်ချက်၊ နောက် ဆင်းရဲတဲ့အနေ၊ ရောဂါစွဲတဲ့အနေ၊ ပေါက်ကွဲတဲ့အိုင်းအမာကြီးနဲ့တူတဲ့အနေ၊ ငြောင့်နဲ့တူတဲ့အနေ၊ မကောင်းမှုနဲ့တူတဲ့အနေ၊ ဖျားနာနဲ့တူတဲ့အနေ ငါးမျိုးကတော့ ဒုက္ခရဲ့ အခြင်းအရာတွေပါပဲ။ ဘာရဲ့အခြင်းအရာတွေပါလိမ့်?

ဒုက္ခရဲ့အခြင်းအရာတွေပါဘုရား။

ဒုက္ခနဲ့သဘောအတူတူပါပဲ။ အဲဒီလို မြင်အောင် ရှုရမယ်တဲ့။ အဲဒီလို မြင်အောင်ရှုလို့ရှိလျှင် မိမိတို့ခန္ဓာအစဉ်မှာ ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်ရင့်သန်ပြီး တိုးပွားလာပါလိမ့်မယ်။ ဘာဉာဏ်တွေ တိုးပွားလာမှာပါလိမ့်?

ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တိုးပွားလာပါ မယ်ဘုရား။

ဝိပ ဿနာဉာဏ်တွေ အဆင့်ဆင့်တိုးတက်ပြီးတော့ ရင့်သန်လာလျှင် မိမိတို့မျှော်မှန်းအပ်တဲ့ သောတာပတ္တိ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုလည်း ရောက်နိုင်တယ်။ မရောက် နိုင်ဘူးလား?

ရောက်နိုင်ပါတယ်ဘုရား။

ဒါကိုရည်ရွယ်ပြီးတော့ အရှင်သာရိပုတ္တရာမထေရ် မြတ်ကြီးက

ဌာနံခေါ် ပနေတံ အာဝုသော ဝိဇ္ဇတိ ယံသီလဝါ ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာ ဓတော ပရတော ပလောကတော သုညတော အနတ္တ တော ယောနိသော မနသိကရောန္တော သောတာပတ္တိဖလံ သစ္ဆိကရေယျာတိ။

အာဝုတော၊ ငါ့ရှင်ကောင်္ဒိက။ သီလဝါ၊ သီလနှင့် ပြည့်စုံ၍နေသော။ ဘိက္ခု၊ သံသရာဘေးလာမည့်အရေး

ကိုမျော်တွေးဆင်ခြင် ယောဂီသူတော်စင်ပုဂ္ဂိုလ်သည်။ ကမ္ဘာမေ ပဉ္စုပါဒါနက္ခန္ဓေ၊ ဤငါးပါးသော ဥပါဒါနက္ခန္ဓာတရားတို့ကို။ အနိစ္စတော၊ မမြဲတဲ့အနေအားဖြင့်။ ဒုက္ခတော၊ ဆင်းရဲတဲ့အနေအားဖြင့်။ ရောဂတော၊ စွဲကပ်ပြီးတော့နေတဲ့ ရောဂါနဲ့တူသည့်အနေအားဖြင့်။ ဂဏ္ဍတော၊ အိုင်းအမာနှင့်တူသည့်အနေအားဖြင့်။ သလ္လတော၊ စူးဝင်နေသော ငြောင့်နှင့်တူသည့်အနေအားဖြင့်။ အဃတော၊ မကောင်းမှုနှင့်တူသည့်အနေအားဖြင့်။ အာဗာဓတော၊ ဖျားနာနှင့်တူသည့်အနေအားဖြင့်။ ပရတော၊ ပြင်ပလူသူစိမ်းနှင့်တူသည့်အနေအားဖြင့်။ ပလောကတော၊ ပျက်စီးလွယ်သည့်အနေအားဖြင့်။ သုညတော၊ အသက်ကောင်မှဆိတ်သုဉ်းပြီးတော့ နေတဲ့အနေအားဖြင့်၊ အနတ္တတော၊ အစိုးရသည့် အတ္တကောင်မဟုတ် သဘောတရားမျှအနေအားဖြင့်။ ယောနိသော၊ နည်းမှန်လမ်းမှန်အားဖြင့်။ မနသိကရောန္တော၊ နှလုံးသွင်းရှုမှတ်၍နေစဉ်။ သောတာပတ္တဖလ၊ သောတာပတ္တဖုလကို။ ယ သစ္ဆိကရေယျ၊ အကြင်မျက်မှောက်ပြုနိုင်ရာ၏။ ဇတံဌာနံ၊ ဤသောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင်ခြင်း၏ အကြောင်းအခွင့်သည်။ ဝိဇ္ဇတိ၊ ဇကန်ထင်ထင် ရှိ၍နေခဲ့ပါပေသတည်း။

သာဓု... သာဓု... သာဓု ပါဘုရား။

ငါရှင်ကောင်မိက အဲဒီလို သီလနဲ့ပြည့်စုံပြီး၊ သုတနဲ့ပြည့်စုံပြီးတော့ တကယ့်သံသရာဘေး လာမည့်အရေးကိုမျော်တွေးကြောင့်ကြပြီးတော့ ဝိပဿနာရှုမှတ်ပွားများအားထုတ်နေတဲ့ ယောဂီသူတော်စင်ပုဂ္ဂိုလ်ဟာ ဤဥပါဒါနက္ခန္ဓာငါးပါးတရားတို့ကို မမြဲတဲ့အနေအားဖြင့်လည်း မြင်အောင်ရှုရမယ်။ မရှုရဘူးလား၊ ရှုရမှာလား ?

ရှုရပါမယ်ဘုရား။

ဆင်းရဲတဲ့အနေအားဖြင့်လည်း မြင်အောင်ရှုရမယ်။ စွဲကပ်ပြီးတော့နေတဲ့ ရောဂါနဲ့တူသည့်အနေအားဖြင့်လည်း မြင်အောင်ရှုရမယ်။ ဆူးငြောင့် စူးဝင်နေသည့်အနေအားဖြင့်လည်းပဲ မြင်အောင်ရှုရမယ်။ မကောင်းမှုနှင့်တူသည့် အနေအားဖြင့်လည်း ရှုရမယ်။ ပျက်စီးလွယ်သည့်အနေအားဖြင့်လည်း ရှုရမယ်။ အသက်ကောင်မှ ဆိတ်သုဉ်းပြီးတော့နေတဲ့အနေအားဖြင့်လည်း ရှုရမယ်။ အစိုးရသည့် အတ္တကောင်မဟုတ် သဘောတရားမျှ အနေအားဖြင့်လည်းရှုရမယ်။ ဤကဲ့သို့ ရှုမှတ်ပွားများ အားထုတ်လိုက်မယ်ဆိုလျှင် သောတာပတ္တိဖိုလ်ကိုလည်းပဲ မျက်မှောက်ပြုနိုင်တယ်။ မပြုနိုင်ဘူးလား၊ ပြုနိုင်သလား ?

ပြုနိုင်ပါတယ်ဘုရား။

ဘယ်သူက ဟောလိုက်တာပါလိမ့်?

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက ဟောပါတယ်ဘုရား။

မြတ်စွာဘုရားအလိုတော်ကိုသိပြီး အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက ဟောတာ။ ဒါကြောင့် ဤကဲ့သို့ ရှုမှတ်တဲ့နည်းဟာ ဝိပဿနာရှုနည်း မှုသေစည်းပဲလို့ သဘောပေါက်ထားပါ။ ဒါကြောင့် လိုက်ပြီးတော့ဆို-

ဆောင်ပုဒ်။ သို့ရှုမြင်သန်၊ သောတာပန်၊ အမှန်ဖြစ်နိုင်သည်။

အနတ္တအနေအားဖြင့် မြင်အောင်ရှုပုံကို နားလည်အောင်ဟောဖို့ရန်အတွက်တော့ ကျန်သေးတယ်။ ဒီတစ်ပတ်တော့ ပြည့်စုံအောင်မဟောနိုင်တော့သည့်အတွက် နောက်တစ်ပတ်မှပဲ ဆက်လက်ပြီးတော့ နာကြားကြ၍ မိမိသိရှိနားလည်းသည့်အတိုင်း ဝိပဿနာတရားတို့ကို ကိုယ်တိုင်ကိုယ်ကျ ကျင့်ကြံပွားများ အားထုတ်နိုင်ကြပြီး လျှင် မိမိတို့အလိုရှိအပ်၊ တောင့်တအပ်သော မဂ်ဖိုလ် နိဗ္ဗာန်တရားထူး၊ တရားမြတ်တို့ကို လွယ်ကူသောအကျင့် လျင်မြန်သော အသိဉာဏ်တို့ဖြင့် လျင်မြန်စွာဆိုက်ရောက်၍မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု... သာဓု... သာဓုပါဘုရား။

အရပ်ဆယ်မျက်နှာနေ၊ အားလုံးသောသတ္တဝါတွေ၊ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့်၊ မိမိတို့ခန္ဓာဝန်ကို၊ ရွက်ဆောင်နိုင်ကြပါစေ။

သာဓု... သာဓု... သာဓု ပါဘုရား။

ဝိပဿနာဂ္ဂနည်း မူသေစည်းတရားတော်
(တတိယပိုင်း)

ယနေ့ ၁၃ဖြဓ–ခု၊ တော်သလင်းလဆန်း (၈)ရက်နေ့၊ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ် ခိပ္ပါဘိညာသဒ္ဓမ္မရံသီရိပ်သာအတွင်း၌ အားထုတ်ဆဲဖြစ်ကြတဲ့ ယောဂီသူတော်စင်ပရိသတ်များနှင့်တကွ ဥပုသ်သည်ယောဂီသူတော်စင်များအတွက် ဘုန်ကြီးဆက်လက်ပြီးတော့ ဟောကြားလိုတဲ့ တရားတော်ကတော့ ဝိပဿနာဂ္ဂနည်း မူသေစည်း တရားတော် (တတိယပိုင်း)၊ ဘယ်အပိုင်းကို ဆက်ပြီးဟောကြားရမှာပါလိမ့်?

တတိယအပိုင်းပါဘုရား။

ပြီးခဲ့တဲ့ ဥပုသ်နေ့တွေက ပထမပိုင်းနှင့်ဒုတိယပိုင်းတို့ကို ဟောကြားပြီးသွားခဲ့ပြီ။ ဒါကြောင့် ယခုတတိယပိုင်းကို ဆက်လက်ပြီးဟောကြရ၊ နာကြရမှာဖြစ်တဲ့အတွက်

တရားတော်ကို မဟောကြားမီ၊ မနာကြားမီ ယနေ့သံဃာတော်အရှင်မြတ်များနှင့်တကွ ယောဂီအပေါင်း သူတော်ကောင်းတို့၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကိုအာရုံပြု၍ အာရုံဆွမ်း၊ နေ့ဆွမ်း၊ ညနေဖျော်ရည် အစရှိတဲ့လှူဖွယ်ပစ္စည်း အသီးသီးတို့ကို ဆက်ကပ်လှူဒါန်းပူဇော်ကြတဲ့ ကုသိုလ်ရှင်၊ စေတနာရှင်များ အစထားပြီး တော့အားလုံးသော သုခိတာ၊ဒုက္ခိတ သတ္တဝါအပေါင်းတို့ အားလည်းပဲ မေတ္တာဘာဝနာပွားပြီးတော့ တရားပွဲစကြရအောင်။

(မေတ္တာ ဘာဝနာပွားပုံ ရှေ့၌ပါပြီးပါပြီ။)

အရင်အပတ်တွေက ဟောခဲ့ပြီးသွားတာ ဝိပဿနာရှုမည့် ယောဂီပုဂ္ဂိုလ်ဟာ ရှေးဦးစွာသီလနဲ့ သုတနဲ့ ပြည့်စုံပြီးတော့ ရှုတဲ့အခါကျတော့ ဘယ်လိုတရားမျိုးကို ရှုရမယ်၊ ဘယ်အခိုက်အတန့်မှာရှုရမယ်၊ ဘယ်လိုရှုရမယ် ဆိုတာ အတော်အသင့်ပြည့်စုံအောင် ဟောကြားခဲ့ပြီးပါပြီ။ ဒါကြောင့် ရှေ့ပိုင်းကမနာကြားရသေးတဲ့ ယောဂီများ အတွက်လည်းပဲ တရားဆက်စပ်မိသွားအောင် ဆောင်ပုဒ်ကလေး အရင်လိုက်ဆိုလိုက်ပါ။

ဆောင်ပုဒ်။ သီလ,သုတာ၊ စုံသူမှာ၊ ဘယ်ဟာ ရှုအပ်ပါသနည်း။
စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှုအပ်ပါသတည်း။ ၂

ဆောင်ပုဒ်ကလေးရသွားတာနဲ့ သဘော၊သဘာဝ အဓိပ္ပါယ်တွေ အကုန်လုံးရှင်းသွားပါတယ်။ မရှင်းဘူးလား၊ ရှင်းသလား?

ရှင်းပါတယ်ဘုရား။

သီလနဲ့သုတနဲ့ ပြည့်စုံပြီးလို့ရှိလျှင် ဘယ်လိုတရားမျိုးရှုရမှာလဲလို့မေးတာ။ ဘယ်လိုတရားမျိုးကို ရှုရမှာလဲလို့မေးလျှင် ယောဂီများက ဘယ်လိုဖြေရမှာပါလိမ့်?

စွဲလမ်းနိုင်ရာ ငါးခန္ဓာကို ရှုရပါမယ်ဘုရား။

ခန္ဓာငါးပါးဆိုတာ တခြားလိုက်ပြီး ရှာနေရတာ မဟုတ်ပါဘူး။ မိမိရဲ့ခန္ဓာအစဉ်မှာ ထင်ရှားဖြစ်ပေါ်နေတဲ့ မြင်မှုတို့၊ ကြားမှုတို့၊ နံမှုတို့၊ စားမှုတို့၊ တွေ့ထိမှုတို့၊ ကြံသိမှုတို့၊ အာရုံခြောက်ပါးနဲ့ဒွါရခြောက်ပါး တိုက်ဆိုင်တိုင်း၊တိုက်ဆိုင်တိုင်း အမြဲတမ်းခန္ဓာငါးပါးဆိုတာ ရှိနေတယ်။ မရှိဘူးလား၊ ရှိသလား?

ရှိပါတယ်ဘုရား။

ဘုန်းကြီးတို့ယောဂီတွေ သဘောပေါက်နေပြီ။ အဲဒီ ခန္ဓာငါးပါးကို ဘယ်အကျိုးငှါရှုရတာလဲလို့မေးလျှင် မစွဲဖို့ရာ ရှုရတာပဲ။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

ဘယ်အခါမှာ ရှုရမှာလဲလို့မေးလျှင် ဖြစ်ခိုက် ဖြစ်ဆဲမှာ ရှုရပါတယ်။ ဘယ်အခါရှုရမှာပါလိမ့်?

ဖြစ်ခိုက်ဖြစ်ဆဲမှာ ရှုရပါမယ်ဘုရား။

ဒါလေးလည်း မှတ်မိသွားရအောင် လိုက်ပြီးတော့ ဆိုလိုက်မယ်။

ဆောင်ပုဒ်။ ဘယ်အကျိုးငှါ၊ ထိုခန္ဓာ၊ ဘယ်ခါရှုအပ်ပါသနည်း။ ၂

မစွဲဖို့ရာ၊ ဖြစ်ဆဲမှာ၊ မှန်စွာ ရှုအပ်ပါသတည်း။ ၂

တဏှာဒိဋ္ဌိလို့ဆိုတဲ့ ဥပါဒါန်တရားတွေနဲ့ မစွဲလမ်းဖို့ရန်အတွက် ဖြစ်ခိုက်ဖြစ်ဆဲမှာ မှန်ကန်စွာသိနိုင်အောင် ရှုရပါတယ်။ ဘယ်လိုသိနိုင်အောင် ရှုရမှာပါလိမ့်?

မှန်ကန်စွာသိနိုင်အောင် ရှုရပါတယ်ဘုရား။

ဒါကြောင့်မို့လို့ မြင်စရာအာရုံတွေနဲ့ မိမိတို့ရဲ့မျက်စိ

အကြည်ရပ်နဲ့ မြင်ရတဲ့အခိုက်။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

အသံအာရုံတွေနဲ့ နားဆုတ်သောတပသာဒရုပ်နဲ့ တွေ့ထိရတဲ့အခိုက် အဲဒါတွေကို ပစ္စုပ္ပန်တည့်အောင် ဝိပဿနာရှုနေရတာပဲ။ မရှုရဘူးလား၊ ရှုရသလား?

ရှုရပါတယ်ဘုရား။

အာရုံခြောက်ပါးနဲ့ ဒွါရခြောက်ပါး တိုက်ဆိုင်တိုင်း၊ တိုက်ဆိုင်တိုင်း ဝိပဿနာမရှုနိုင်ဘူးလို့ဆိုလျှင် အစွဲအလမ်း ဥပါဒါန်တရားတွေက ဝင်လာတယ်။ ဘာတရားတွေ ဝင်လာပါသလဲ?

အစွဲအလမ်း ဥပါဒါန်တရားတွေ ဝင်လာပါတယ် ဘုရား။

ဒါကြောင့်မို့လို့ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ တွေထိရတိုင်း၊ ကြံစည်စိတ်ကူး စဉ်းစားရတိုင်း အဲဒီအခိုက်အခါကာလမှာ ပစ္စုပ္ပန်တည့်အောင် ရှုရမယ်။ ဒါပေမယ့်လို့ တရားစပြီးအားထုတ်ခါစ ယောဂီများကတော့ မိမိတို့ရဲ့သန္တာန်မှာ သတိ၊သမာဓိ၊ ပညာဉာဏ်

တွေက အားမပြည့်စုံသေးတဲ့အခါကျတော့ အာရုံခြောက်ပါးလုံးကို ပစ္စုပ္ပန်တည့်အောင် မရှုနိုင်သေးဘူး၊ ရှုနိုင်ပါ့မလား?

မရှုနိုင်သေးပါဘုရား။

ဒါကြောင့်မို့လို့ ပစ္စုပ္ပန်တည့်တည့်လေး ရှုနိုင်အောင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက ထိသိသဘော ထင်ရှားတဲ့နေရာလေးကစပြီးတော့ ရှုခိုင်းတာပဲ၊ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

ဖောင်းတယ်၊ ပိန်တယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ မရှုခိုင်းဘူးလား၊ ရှုခိုင်းသလား?

ရှုခိုင်းပါတယ်ဘုရား။

အဲဒီတော့ ဖောင်းတယ်ဆိုတဲ့သဘော၊ ပိန်တယ်ဆိုတဲ့သဘောဟာ၊ ဒါလူပ်ရှားနေတဲ့ ဝါယောဓါတ် ဖောဋ္ဌဗ္ဗရုပ်ပဲ။ ဘာရုပ်ပါလိမ့်?

ဝါယောဓါတ် ဖောဋ္ဌဗ္ဗရုပ်ပါဘုရား။

မိမိတို့ရဲ့ဝမ်းဗိုက်အတွင်းက ဖောင်းတက်လာတဲ့

အခိုက်မှာ ဝါယောဓါတ်ဖောဋ္ဌဗ္ဗရုပ်လေးက ထင်ထင်ရှား ရှားရှိနေတယ်။ ထင်ထင်ရှားရှားရှိနေတော့ ယောဂီပုဂ္ဂိုလ် များက အဲဒီတွန်းကန်လှုပ်ရှားတဲ့ ဝါယောဓါတ်သဘော လေး ဖောင်ပြီးတော့တက်လာတယ်ဆိုလျှင် သေသေချာ ချာညက်နဲ့သိအောင် မရှုနိုင်ဘူးလား၊ ရှုနိုင်သလား?

ရှုနိုင်ပါတယ်ဘုရား။

ဒါကြောင့် ထင်ရှားတဲ့ဝါယောဓါတ် ရုပ်တရားက စပြီးတော့ ရှုခိုင်းတာ။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

ဒါကြောင့်မို့ ထိုင်ပြီးတော့ မှတ်တဲ့အခါကျတော့ ဖောင်းလျှင်ဖောင်းတယ်၊ ပိန်လျှင်ပိန်တယ် မမှတ်ရဘူး လား?

မှတ်ရပါတယ်ဘုရား။

ဒါဖြင့် ဘာခန္ဓာကိုမှတ်နေရတာလဲလို့မေးလျှင် ရူပက္ခန္ဓာကို ရှုမှတ်နေတာလို့ ယောဂီများသဘောပေါက် ထားရမှာနော်။ ဖောင်းတာ၊ပိန်တာကို မှတ်နေတာဟာ တခြားမှတ်နေတာ မဟုတ်ဘူး။ ရူပက္ခန္ဓာကို မှတ်နေတာ။ ဒီလိုမဟုတ်လား?

မှန်ပါဘုရား။

ဒါဖြင့် ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ မှတ်နေတာကရော ဘာကိုမှတ်နေတာလဲဆိုလျှင် ကြွလိုက်တဲ့အခါ ပေါ်တက်လာတဲ့ သဘောလေးတွေ မတွေ့ရဘူးလား?

တွေ့ရပါတယ်ဘုရား။

လှမ်းတဲ့အခါကျတော့တစ်ရွေ့ပြီးတစ်ရွေ့ ရွေ့သွားတဲ့သဘောလေးတွေ မတွေ့ရဘူးလား?

တွေ့ရပါတယ်ဘုရား။

နင်းချလိုက်တဲ့အခါကျတော့ လေးလေးကျဉ်းတဲ့ သဘောလေးတွေ ထိသွားတဲ့သဘောလေးတွေ မသိရဘူးလား?

သိရပါတယ်ဘုရား။

အဲဒီသဘောတရားတွေဟာလည်း ရုပ်တရားတွေပဲ၊ ဘာတွေပါလိမ့်?

ရုပ်တရားတွေပါဘုရား။

အဲဒီလို ပေါ့မှုသဘော၊ လေးမှုသဘော၊ ရွေ့မှု

သဘော၊ ထိမှုသဘော၊ ပျော့မှုသဘော၊ မာမှုသဘော မှန်သမျှတွေဟာ အဲဒါ ရုပ်တရားတွေကြီးပါပဲ။ ဒီလို မဟုတ်လား?

မှန်ပါဘုရား။

အဲဒါ အမည်တွေလိုက်ပြီး တပ်နေမယ်ဆိုလျှင်တော့ ပထဝီတို့၊ အာပေါတို့၊ တေဇောတို့၊ ဝါယောတို့ ဒီလိုခေါ်တာပါပဲ။ စာတတ်တဲ့ပုဂ္ဂိုလ်တွေဆိုလျှင်တော့ နာမည်တပ်လို့ရတယ်။ မရဘူးလား၊ ရသလား?

ရပါတယ်ဘုရား။

ယောဂီများက စာပေပရိယတ္တိအခြေခံမရှိဘူးဆိုလို့ ရှိလျှင်တော့ နာမည်တပ် တတ်ပါမလား?

မတပ်တတ်ပါဘုရား။

နာမည်မတပ်တတ်လျှင်လည်း ယောဂီပုဂ္ဂိုလ်များ တရားမှတ်လို့ရသလား၊ မရဘူးလား?

ရပါတယ်ဘုရား။

နာမည်ဆိုတာ ပညတ်ပဲ။ နာမည်ဆိုတာဘာလဲ? ပညတ်ပါဘုရား။

ပရမတ်ဆိုတာ သဘောပါ။ ပရမတ်ဆိုတာဘာလဲ?

သဘောပါဘုရား။

ယောဂီပုဂ္ဂိုလ်များ တကယ်ဝိပဿနာ ရှုတဲ့အခါ ကျတော့ ပညတ်ကိုရှုရမှာလား၊ ပရမတ်ကို ရှုရမှာလား?

ပရမတ်ကို ရှုရပါတယ်ဘုရား။

ပရမတ်ဆိုတာ သဘောဖြစ်နေတဲ့အတွက် ယောဂီပုဂ္ဂိုလ်များ ကြွလိုက်တဲ့အခိုက်မှာ ပေါ်လာတဲ့သဘောလေးထင်ရှားလျှင် ပေါ်တာလေးကို ရှုပါ။ ဘာကို ရှုရမလဲ?

ပေါ်တာလေးကို ရှုရပါမယ်ဘုရား။

လှမ်းလိုက်တဲ့အခါ ရွေ့တဲ့သဘောလေး ထင်ရှားလျှင် ရွေ့တာလေးကို ရှုပါ။ ဘာကိုရှုရမလဲ?

ရွေ့တာလေးကို ရှုရပါမယ်ဘုရား။

နင်းချလိုက်တဲ့အခါ လေးသွားတာလေး ထင်ရှားလျှင် လေးတာလေးကို ရှုပါ။ ဘာကို ရှုရမလဲ?

လေးတာလေးကို ရှုရပါမယ်ဘုရား။

ကြမ်းပြင်နဲ့ထိလိုက်တော့ မာတဲ့သဘောလေး၊

ပျော့တဲ့သဘောလေး မထင်ရှားဘူးလား?

ထင်ရှားပါတယ်ဘုရား။

အဲဒါထင်ရှားလျှင် မာတဲ့သဘော၊ ပျော့တဲ့သဘောကိုပဲ ရှုပါ။ ပထဝီဓါတ်တွေ၊ အာပေါဓါတ်တွေလို့ လျှောက်ပြီး သရုပ်မခွဲနဲ့တော့ ဟုတ်ရဲ့လား?

မှန်ပါဘုရား။

သရုပ်ခွဲနေလျှင် ပစ္စုပ္ပန်မတည့်တော့ဘူး။ တည့်ပါမလား?

မတည့်တော့ပါဘုရား။

တကယ်ဖြစ်ပေါ်လာခိုက်မှာ ပစ္စုပ္ပန်တည့်အောင်က သဘောမိအောင် ရှုရတယ်တဲ့။ ဘာကိုမိအောင် ရှုရမှာပါလိမ့်?

သဘောကိုမိအောင် ရှုရပါတယ်ဘုရား။

အဲဒီလို သဘောအမှန် သဘာဝလေးတွေကို ယောဂီပုဂ္ဂိုလ်များက ပိုင်းပိုင်းခြားခြား၊ ထင်ထင်ရှားရှား သိနေပြီဆိုလျှင် ရုပ်ကိုရုပ်မှန်းသိတယ်။ ဘာကိုဘာမှန်းသိပါလိမ်?

ရုပ်ကိုရုပ်မှန်းသိပါတယ်ဘုရား။

ဒါဖြင့် ပညတ်အနေနဲ့သိတာလား? သဘော အနေနဲ့သိတာလား?

သဘောအနေနဲ့သိတာပါဘုရား။

ပေါ့တဲ့သဘော သိသွားတယ်။ လေးတဲ့သဘော သိသွားတယ်။ ရွေ့တဲ့သဘော သိသွားတယ်။ တွေ့ထိတဲ့ သဘောသိသွားတယ်။ မသိဘူးလား?

သိပါတယ်ဘုရား။

ယောဂီပုဂ္ဂိုလ်များက အဲဒီလို ပေါ့လျှင်ပေါ့တဲ့ အခိုက်၊ လေးလျှင်လေးတဲ့အခိုက်၊ ရွေ့လျှင်ရွေ့တဲ့အခိုက်၊ ထိလျှင်ထိတဲ့အခိုက် ပစ္စုပ္ပန်တည့်အောင် ရှုသိနေတဲ့အခိုက် အခါကာလမှာ အတ္တာကောင်၊ ငါကောင်အနေနဲ့ ထင်သေးလား?

မထင်ပါဘုရား။

မထင်တော့ဘူး။ ဒါဖြင့်လျှင် သဘောကျနှစ်သက် သာယာပြီးတော့ရော စွဲလမ်းသေးလား?

မစွဲလမ်းတော့ပါဘုရား။

မစွဲလမ်းလျှင် ဥပါဒါန်တရားတွေ ကင်းသွားတာ။ ဘာတွေကင်းသွားပါလိမ့်?

ဥပါဒါန်တရားတွေ ကင်းသွားပါတယ်ဘုရား။

အဲဒီ ဥပါဒါန်တရားတွေ မစွဲဖို့ရန်အတွက် ဖြစ်ခိုက်ဖြစ်ဆဲမှာ ဝိပဿနာရှုရပါတယ်။ ဒီလို သဘောပေါက်ထားရမယ်။ ဒါကြောင့် ယနေ့အနတ္တသဘောကို ပေါ်လွင်အောင် ဟောရမှာဖြစ်တော့ ရှေးဦးစွာအိန္ဒိယကျမ်းဂန်စာပေတွေမှာ လာရှိတဲ့အတ္တအစွဲ လေးမျိုးကိုတော့ ရှေးဦးစွာပြောရမယ်။

ရှေးတုန်းက အိန္ဒိယကျမ်းဂန်တွေမှာ ဖော်ပြထားတာက ဘယ်လိုယူဆပြီး စွဲလမ်းသလဲဆိုလို့ရှိလျှင် မိမိတို့ရဲ့ခန္ဓာကိုယ်တိုင်းမှာ အလိုအတိုင်း အစိုးရတဲ့အတ္တကောင်၊ ငါကောင်လေးဆိုတာ ရှိနေတယ်လို့ ထင်ပြီးတော့စွဲကြတယ်။ ဘယ်လိုထင်ပြီးတော့ စွဲပါလိမ့်?

အတ္တကောင်၊ ငါကောင်ရှိနေတယ်လို့ စွဲပါတယ်ဘုရား။

ဒီအတ္တကောင်လေးက သွားချင်လို့ပဲ၊ ဒီခန္ဓာကိုယ်ကြီးက သွားနိုင်တာ။ ဒီအတ္တကောင်လေးက ရပ်ချင်လို့၊

ဒီအတ္တကောင်လေးက ထိုင်ချင်လို့၊ ဒီအတ္တကောင်လေးက လျောင်းချင်လို့၊ ဒီခန္ဓာကိုယ်ကြီးက ရပ်နေတာ၊ ထိုင်နေတာ၊ လျောင်းနေတာလို့ အဲဒီလို စွဲလမ်းကြတယ်။ ဒါအိန္ဒိယကျမ်းဂန်တွေအလိုအရ ဗြဟ္မဏဝါဒအယူရှိသူတွေက အဲဒီလိုစွဲလမ်းကြတယ်။ အဲဒါကို ဗုဒ္ဓစာပေအရဆိုလို့ရှိလျှင်တော့ သက္ကာယဒိဋ္ဌလို့လည်း မခေါ်ဘူးလား?

ခေါ်ပါတယ်ဘုရား။

အတ္တဒိဋ္ဌလို့လည်း မခေါ်ဘူးလား?

ခေါ်ပါတယ်ဘုရား။

အမှားမြင်နေတာလား၊ အမှန်မြင်နေတာလား?

အမှားမြင်နေတာပါဘုရား။

အဲဒါအမှားမြင်နေတာ။ အမှားတွေ သွားစွဲနေတာ၊ ဒါကြောင့်မို့လို့ ဒါလေးတွေသိအောင် လိုက်ပြီးတော့ဆိုလိုက်–

ဆောင်ပုဒ်။ (၁) ကိုယ်ထဲမှာ အလိုအတိုင်း အစိုးရနေတဲ့ ငါကောင်ရှိနေသည်ဟု၊ ထင်မှတ်တာက၊ သာမီအတ္တစွဲ။

သာမီဆိုတာ ပိုင်ဆိုင်တဲ့အနေနဲ့ ဒီအတ္တကောင်လေးကို ငါကပဲပိုင်နေတယ်အနေနဲ့ စွဲလမ်းတာ။ ဒီလို

မဟုတ်လား?

မှန်ပါတယ်ဘုရား။

ဒါကြောင့်မို့လို့ ဗုဒ္ဓရှင်တော်မြတ်ဘုရားက အဲဒီအတ္တကောင်၊ ငါကောင်ဆိုတာ တကယ်မရှိဘူးတဲ့။ ရှိရဲ့လား?

မရှိပါဘုရား။

အနတ္တလက္ခဏသုတ်မှာ ဘုရားရှင်ဟောထားတာက 'ရူပံဘိက္ခဝေ အနတ္တာ'။ ဘိက္ခဝေ၊ ငါဇာ်ချစ်သားရဟန်းများတို့။ ရူပံ၊ ဟောဒီဓာတ်လေးပါးဆောင် ရုပ်ခန္ဓာကိုယ်ကောင်ကြီးသည် ။အနတ္တာ၊ အတ္တမဟုတ် အနတ္တတို့ပါပေတည်း။

ဟောဒီ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ ဓာတ်လေးပါးက ဆောင်ပြီးတော့ ဖြစ်ပေါ်လာတဲ့ ဒီရုပ်ခန္ဓာကိုယ်ကြီးဟာ အတ္တလား၊ အနတ္တလား?

အနတ္တပါဘုရား။

အနတ္တ၊ အတ္တမဟုတ်ဘူး။ အတ္တဟုတ်နေလျှင် ကိုယ်ဖြစ်ချင်သလို ဖြစ်မယ်။ ဒီလိုမဟုတ်လား?

ဒီလိုပါဘုရား။

ကိုယ်ကကောင်းတာလေး ဖြစ်ချင်လျှင်၊ ကောင်းတဲ့အတိုင်းလေး ဖြစ်ရမှာပေါ့။ မကောင်းတာမဖြစ်ချင်ဘူးဆိုလျှင် မကောင်းတာဖြစ်ကို မဖြစ်လာရဘူး။ ကိုယ်ပိုင်လို့ရှိလျှင် ကိုယ်ဖြစ်ချင်သလို ဖြစ်ရမယ်။ ဒီလိုမဟုတ်လား?

ဒီလိုပါဘုရား။

ဒါကြောင့်မို့လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက '၀ ၀ ၀ ၀ ရူပဉ္စဟဒ ဘက္ခဝေ အတ္တာ အဘဝသ၊ နယဒရူပ အာဗာဓာယ သံဝတ္တေယျ'။

အကယ်၍ အဲဒီရုပ်ခန္ဓာကိုယ်ကြီးဟာ အစိုးရတဲ့အတ္တရှိနေပြီဆိုလို့ရှိလျှင် ရုပ်ခန္ဓာကိုယ်ကြီး မနာပါနဲ့၊ မကျင်ပါနဲ့၊ မကိုက်ခဲပါနဲ့၊ ဗိုက်မနာပါနဲ့၊ ခေါင်းမကိုက်ပါနဲ့လို့ ကိုယ်ကမဖြစ်စေလိုလျှင် ဖြစ်ကိုဖြစ်မလာရဘူး။ တောင့်တလိုလားသည့်အတိုင်း ရနိုင်ရမယ်။ ဒီလိုမဟုတ်လား?

မှန်ပါဘုရား။

ဒါပေမယ်လို့ တောင့်တလို့ရရဲ့လား၊ ကာကွယ်လို့ရရဲ့လား?

တောင့်တ၊ ကာကွယ်လို့မရပါဘုရား။

အဲဒါ အတ္တမဟုတ်လို့ပေါ့။ ဒီလိုမဟုတ်လား?
မှန်ပါ့ဘုရား။

ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'လဇ္ဇေထစ ရူပေ ဇဝံမေ ရူပံဟောတု ဇဝံမေ ရူပံမာ အဟောသီတိ' ငါ၏ရုပ်သည် ဤသို့ အကောင်းချည်းသာ ဖြစ်ပါစေ၊ ဤသို့ အဆိုးကား မဖြစ်ပါလင့်ဟု ရုပ်၌လိုလား တောင့်တသည့်အတိုင်း ရလေရာ၏။ ကိုယ်က ပိုင်တယ်ဆိုလျှင် တောင့်တလို့ရ,ရမယ်။ ဒါပေမယ့်လို့ ဒီလိုမဟုတ်ဘူးတဲ့။

'ယသ္မာစခေါ ရူပံအနတ္တာ၊ တသ္မာရူပံ အာဗာဓာယ သံဝတ္တတိ' စင်စစ်သော်ကား ရုပ်သည်အစိုးရသည့် အတ္တကောင်မဟုတ်ပေ။ ထိုကြောင့် ရုပ်သည်နှိပ်စက်ရန် အလို့ငှါလည်း ဖြစ်ချေ၏တဲ့။

'နစလဇ္ဇတိရူပေ ဇဝံမေ ရူပံဟောတု၊ ဇဝံမေ ရူပံမာအဟောသီတိ' ငါ၏ရုပ်သည် ဤသို့အကောင်းချည်းဖြစ်ပါစေ၊ ငါ၏ရုပ်သည် ဤသို့အဆိုးကား မဖြစ်ပါစေလင့်ဟု ရုပ်၌လိုလား၊ တောင့်တသည့်အတိုင်း မရနိုင်ပဲလည်း ရှိချေ၏တဲ့။

ကိုယ်မပိုင်တဲ့ ဟောဒီရုပ်တရားကြီးက ကိုယ်တောင့်တတဲ့အတိုင်း ရသလား၊ မရဘူးလား?

မရပါဘုရား။

ဒါဖြင့်လျှင် အတ္တလား၊ အနတ္တလား?

အနတ္တပါဘုရား။

ထို့အတူပဲ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကိုလည်းပဲ ဘုရားရှင်ကဒီအတိုင်း ဟောထားတော့ ဝေဒနာဆိုတဲ့ ခံစားတတ်တဲ့ သဘောတွေကရော၊ ကိုယ်ဖြစ်စေချင်သလို ဖြစ်စေလို့ရရဲ့လား?

မရပါဘုရား။

မှတ်သားတဲ့သဘောတွေကရော၊ မရပါဘုရား။ ဒါဖြင့် ကြောင့်ကြစိုက်မှု၊ နှလုံးသွင်းမှုလို့ဆိုတဲ့ သင်္ခါရသဘောတွေကရော?

မရပါဘုရား။

သိမှုလို့ဆိုတဲ့ ဝိညာဏ်သဘောတွေကရော?

မရပါဘုရား။

မရဘူးတဲ့။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ဟောဒီခန္ဓာငါးပါး ရုပ်တရား၊နာမ်တရား တွေဟာ ကိုယ်မပိုင်တဲ့အတွက် ကိုယ်ပိုင်မဟုတ်တဲ့အတွက် အဲဒါ အတ္တကောင်၊ ငါကောင်မရှိဘူး။ ရှိရဲ့လား?

မရှိပါဘုရား။

ယောဂီပုဂ္ဂိုလ်များ အဲဒီလိုသေသေချာချာ မိမိတို့ ပစ္စုပ္ပန်ဖြစ်ခိုက်ဖြစ်ဆဲမှာ ရှုရင်းမှတ်ရင်းနဲ့ အတ္တအနေနဲ့ ကင်းပြီးတော့သွားလျှင် အနတ္တာဉာဏ်ဖြစ်တယ်။ ဘာဉာဏ် ဖြစ်ပါလိမ့်?

အနတ္တာဉာဏ်ဖြစ်ပါတယ်ဘုရား။

သာမီအတ္တစွဲတွေ ကင်းသွားတယ်။ ဒါကြောင့်မို့ လို့ အဲဒီသာမီအတ္တစွဲ ကင်းသွားအောင်။ ပရတော ပြင်ပလူ သူစိမ်းနှင့်တူသည့် အနေအားဖြင့်လည်းပဲ ရှုရပါတယ်။ ဘယ်လို ရှုရသလဲ?

ပြင်ပလူ သူစိမ်းနှင့်တူသည့် အနေအားဖြင့် ရှုရပါတယ်ဘုရား။

ဒီခန္ဓာငါးပါး ရုပ်တရား၊ နာမ်တရားတွေက ပြင်ပလူ,သူစိမ်းလိုပဲ ကိုယ်စီမံလို့မရဘူး။ ကိုယ်ပြုပြင်လို့ မရဘူး၊

ကိုယ်သဘောအတိုင်း ဖြစ်စေလို့ရရဲ့လား?

မရပါဘုရား။

သူသဘောအတိုင်း ဖြစ်နေတဲ့ သူစိမ်းပြင်ပြင် ရပ်တရား၊ နာမ်တရားတွေပဲ။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

ဒါကြောင့်မို့လို့ အဲဒီလို ပိုင်းခြားပြီးတော့ ယောဂီပုဂ္ဂိုလ်များက ရှုနိုင်လျှင်၊မှတ်နိုင်လျှင် အတ္တကောင်ရှိသေးလား?

မရှိတော့ပါဘုရား။

နောက်တစ်မျိုးက မိမိရဲ့ခန္ဓာကိုယ်ထဲမှာ အမြဲတည်ပြီးတော့နေတဲ့ ငါကောင်လေးရှိနေတယ်လို့ ထင်ပြီးတော့စွဲပြန်တယ်။ ဘယ်လိုစွဲသလဲ?

ငါကောင်ရှိတယ်လို့ ထင်ပြီးတော့ စွဲပါတယ် ဘုရား။

အမြဲတမ်းတည်ပြီးတော့နေတဲ့ ငါကောင်ရှိနေတဲ့ အနေနဲ့ထင်ပြီးတော့ စွဲလမ်းတာ၊ အဲဒီ အစွဲအလမ်းမျိုးကိုတော့ ဘာစွဲလို့ခေါ်သလဲဆိုတော့ နိဝါသီအတ္တစွဲတဲ့။ ဘာအတ္တစွဲပါလိမ့်?

နိဝါသီအတ္တစွဲပါဘုရား။

သူကအမြဲတမ်း တည်ပြီးတော့ နေ,နေတဲ့ အတ္တ ကောင်လေးအနေနဲ့စွဲတာ။ ဒါကြောင့် အဲဒါလေးလည်း မှတ်မိအောင်လိုက်ဆို–

ဆောင်ပုဒ်။ (၂) ကိုယ်ထဲမှာ အမြဲတည်နေတဲ့ငါကောင်ရှိနေသည်ဟု ထင်မှတ်တာက နိဝါသီအတ္တစွဲ။ ၂

ဒါကနိဝါသီအတ္တစွဲ အနေနဲ့စွဲကြတာ။ နောက်တစ် မျိုးက မမရဲ့ကိုယ်အမူအရာတွေ၊ နှုတ်အမူအရာတွေ၊ စိတ်အမူအရာတွေ၊ မှန်သမျှကို ငါကောင်ကလေးကပဲ ပြုလုပ်နေကြတယ်လို့ ဒီလိုယူဆပြီး စွဲလမ်းကြတယ်။ အဲဒီလို ယူဆပြီးစွဲလမ်းလျှင်တော့ ကာရကအတ္တစွဲလို့ ခေါ်တယ်။ ဘာအတ္တစွဲလို့ ခေါ်ပါလိမ့်?

ကာရကအတ္တစွဲပါဘုရား။

ဒါလေးလည်း မှတ်မိအောင်လိုက်ဆို–

ဆောင်ပုဒ်။ (၃) ကိုယ် နှုတ် စိတ် အမူအရာ မှန်သမျှကို ငါကောင်ကပင် လုပ်သည်ဟု ထင်မှတ်တာက ကာရကအတ္တစွဲ။ ၂

ခန္ဓာကိုယ်ကြီးနဲ့ ပတ်သက်လို့လည်း ငါကောင်ကလေးကပဲ ပြုလုပ်နေတယ်။ ဒီလိုမဟုတ်လား?

မှန်ပါဘုရား။

နှုတ်အမူအရာတွေလည်းပဲ ငါကောင်ကလေးကပဲ ပြောဆိုနေတယ်၊ စိတ်အမူအရာတွေလည်းပဲ ငါကောင်ကလေးကပဲ စိတ်ကူးနေတယ်၊ ကြံစည်နေတယ် စသည်ဖြင့် အဲဒီလို ပြုလုပ်တတ်တဲ့ သတ္တဝါကောင်၊ ငါကောင်လေးရှိတဲ့ အနေနဲ့စွဲလမ်းတာ။ ဒီလိုမဟုတ်လား?

မှန်ပါဘုရား။

ဒါကြောင့်မို့လို့ အမှန်အတိုင်း ဝိပဿနာဉာဏ်ဖြင့် မိမိရဲ့ခန္ဓာတွေကို ပိုင်းခြားပြီးတော့ သိအောင်မရှုနိုင်ဘူး ဆိုလျှင် ငါကပဲမြင်တယ်၊ ငါကပဲကြားတယ်၊ ငါကသွားတယ်၊ ငါကပြုလုပ်တယ်၊ ငါကကွေးတယ်၊ငါကဆန့်တယ် စသည်ဖြင့် ဒီအစွဲတွေက ဝင်လာတယ်။ ဝင်လာသလား၊ မဝင်ဘူးလား?

ဝင်လာပါတယ်ဘုရား။

အဲဒီအစွဲတွေ မဝင်ရအောင် ယောဂီပုဂ္ဂိုလ်များကွေးတိုင်း၊ ဆန့်တိုင်းလည်းပဲ အမှတ်သတိရှိနေရတယ်။

ဘာတွေရှိနေရလဲ?

အမှတ်သတိရှိနေရပါတယ်ဘုရား။

အမှတ်သတိမပါလျှင် ငါကကွေးလိုက်သလို စွဲသွားတယ်၊ ဟုတ်တယ်မဟုတ်လား?

မှန်ပါတယ်ဘုရား။

ငါကဆန့်လိုက်သလို စွဲသွားတယ်။ ငါကောင်လေးကပြုလုပ်ပေးနေသလို စွဲလမ်းတာနော်။ အဲဒါ ဘာအစွဲဝင်သွားတာလဲ?

ကာရကအတ္တစွဲ ဝင်သွားပါတယ်ဘုရား။

အဲဒီ ကာရကအတ္တစွဲတွေ ကင်းအောင် ယောဂီပုဂ္ဂိုလ်များကို အသေးစိတ်အမှုအရာလေးတွေ၊ အထွေထွေအမှတ်လေးတွေ မပြတ်မလပ်ရအောင် ကြိုးစားပြီးတော့ မှတ်ပါလို့ ကျေးဇူးတော်ရှင် သဒ္ဓမ္မရံသီရိပ်သာဆရာတော်ဘုရားကြီးက မမှာဘူးလား၊ မှာသလား?

မှာပါတယ်ဘုရား။

အတ္တစွဲတွေကင်းအောင် မှတ်ခိုင်းနေတာ။ ယောဂီပုဂ္ဂိုလ်များ မိမိရဲ့လက်ကလေးကို ကွေးတဲ့အခါမှာ ကွေး

တယ်၊ ကွေးတယ်။ ဆန့်တဲ့အခါမှာလည်းပဲ ဆန့်တယ်၊ ဆန့်တယ် သေသေချာချာ မှတ်ကြည့်နေလျှင် ကွေးတဲ့ အမူအရာရှိပ်ထဲမှာ ငါကောင်ကလေးဆိုတာ ပါသလား၊ မပါဘူးလား ?

မပါ,ပါဘုရား။

အဲဒီ ကွေးတဲ့အမူအရာရှိပ်ကို ဖြစ်အောင်ပြုလုပ်ပေးတဲ့ ငါကောင်လေးဆိုတာလည်း မရှိဘူးနော်။ မရှိပါဘုရား။

တကယ်ယောဂီပုဂ္ဂိုလ်ရဲ့ ဉာဏ်ထဲမှာ ပေါ်လာတာကတော့ ကွေးချင်တဲ့စိတ်ကလေးကြောင့် ကွေးတဲ့အမူအရာလေးတွေ ဖြစ်ပေါ်လာတယ်။ မတွေ့လိုက်ဘူးလား ?

တွေ့လိုက်ပါတယ်ဘုရား။

ဒါဖြင့် ကွေးချင်တဲ့စိတ်ကလေးက အကြောင်းတရားလား၊ အကျိုးတရားလား ?

အကြောင်းတရားပါဘုရား။

ကွေးချင်တဲ့စိတ်ကလေးရှိလို့ ကွေးတဲ့အမူအရာရှိပ်ဖြစ်တာ။ ဒီလိုမဟုတ်လား ?

မှန်ပါတယ်ဘုရား။

ဒါကြောင့်မို့လို့ ကွေးချင်တဲ့စိတ် နာမ်တရား ကြောင့် ကွေးတဲ့ရုပ်အမူအရာတွေ အဆင့်ဆင့်ဖြစ်ပေါ်လာ တယ်။ ယောဂီပုဂ္ဂိုလ်များဟာ စိတ်ကလေးကိုလည်းပဲ ပိုင်းခြားသိလိုက်တယ်။ ရုပ်တရားတွေကိုလည်းပဲ ပိုင်းခြား ပြီးတော့ သိလိုက်တယ်။ မသိဘူးလား၊ သိသလား?

သိပါတယ်ဘုရား။

ဒါဖြင့် စိတ်ကိုသိတော့ ဘာကိုသိသလဲ၊ နာမ် တရားကိုသိတယ်။ စိတ်ဆိုတာ နာမ်တရား။ ကွေးတဲ့ ရုပ်အမူအရာကိုသိတော့ ဘာတရားကိုသိသလဲ?

ရုပ်တရားကို သိပါတယ်ဘုရား။

ရုပ်နာမ်ကွဲမသွားဘူးလား?

ရုပ်နာမ်ကွဲပါတယ်ဘုရား။

အဲဒီလို ရုပ်နာမ်ပိုင်းခြား၊ ခွဲခြားပြီး သိသွားတော့ ရုပ်နာမ်ကွဲပြီးတော့သိတဲ့ နာမရူပပရိစ္ဆေဒဉာဏ်။ ဘာ ဉာဏ်ပါလိမ့်?

နာမရူပပရိစ္ဆေဒညာဏ်ပါဘုရား။

အဲဒီက တစ်ဆင့်တက်ပြီးတော့ ကွေးချင်တဲ့စိတ်ကလေးတွေကြောင့် ကွေးတဲ့ရုပ်အမှုအရာတွေ ဖြစ်ပေါ်လာတာ။ ကွေးချင်တဲ့စိတ်ကလေး မရှိလျှင် ကွေးတဲ့ရုပ်အမှုအရာတွေ မဖြစ်ပေါ်ဘူးလို့ ရုပ်နာမ်ရဲ့ အကြောင်းအကျိုးကို ပိုင်းခြားပြီးတော့ သိလိုက်တဲ့အခါကျတော့ ပစ္စယပရိဂ္ဂဟဉာဏ်။ ဘာဉာဏ်ပါလိမ့်?

ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား။

ယောဂတို့ လက်ကလေးတွေ ကွေးနေရင်း၊ ကွေးနေရင်းနဲ့ ဘယ်နှစ်ဉာဏ်တောင် ရသွားပြီလဲ?

နှစ်ဉာဏ် ရသွားပါတယ်ဘုရား။

ရှုမှတ်တဲ့ယောဂီရတာလား၊ မရှုမှတ်တဲ့ယောဂီရတာလား?

ရှုမှတ်တဲ့ယောဂီ ရတာပါဘုရား။

မရှုမှတ်ပဲ လမ်းသွားလည်းမြန်မြန်၊ ပစ္စည်းကောက်ကိုင်လည်း မြန်မြန်ဆိုလျှင် ဒီဉာဏ်တွေ ရပါ့မလား?

မရပါဘုရား။

အဲဒီညာဏ်တွေရောက်အောင် ကြိုးစားပြီးတော့ သေသေချာချာမှတ်ရတာ။ ဘယ်လိုမှတ်ရပါလိမ့်?

သေသေချာချာ မှတ်ရပါမယ်ဘုရား။

သေသေချာချာမှတ်မှ ရုပ်နာမ်လည်းကွဲတယ်။ အကြောင်းအကျိုးလည်း ကွဲသွားတယ်။ အကြောင်းအကျိုးတွေ ကွဲသွားပြီဆိုတော့ စောစောကပြောတဲ့ ပြုလုပ်တတ်တဲ့ ငါကောင်ဆိုတာ မရှိတော့ဘူး။ ကာရကအတ္တစွဲကင်းတယ်တဲ့။ ဘာအတ္တစွဲကင်းပါလိမ့်?

ကာရကအတ္တစွဲ ကင်းပါတယ်ဘုရား။

နောက်တစ်မျိုးက ကောင်းတာပဲဖြစ်စေ၊ ဆိုးတာပဲဖြစ်စေ မခံစားရဘူးလား၊ ခံစားရသလား?

ခံစားရပါတယ်ဘုရား။

အဲဒီ ခံစားရတဲ့ သဘောတရားတွေကိုလည်းပဲ ငါကောင်ကလေးကပဲ ခံစားနေတယ်လို့ တချို့ကထင်မှတ်ပြီးတော့ စွဲကြတယ်။ အဲဒီလို ငါကပဲခံစားတယ်လို့ ထင်မှတ်ပြီးတော့ စွဲလမ်းတာကိုတော့ ဝေဒကအတ္တစွဲလို့

ခေါ်ပါတယ်။ ဘာအတွက်စွဲပါလိမ့်?

ဝေဒနာအတွက် စွဲပါဘုရား။

အဒ အတွက်စွဲတွေလည်းပဲ မရှုမှတ်လျှင် စွဲတာပါ။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

ဒါကြောင့် အဲဒါလေးလည်း နားလည်အောင် လိုက်ပြီးတော့ ဆိုလိုက်ပါ။

ဆောင်ပုဒ်။ (၄)အကောင်းအဆိုး ဟူသမျှကို ငါကောင်းကပင် ခံစားသည်ဟု ထင်မှတ်တာက ဝေဒနာတွဲစွဲ။

တကယ်တော့ ကောင်းတာတွေ၊ ဆိုးတာတွေ ဆိုတာ ခံစားမှုသက်သက်သဘောလေးပဲ ရှိပါတယ်။ ကောင်းတဲ့အာရုံတွေနဲ့ တွေ့ကြုံလို့ရှိလျှင် ကောင်းတယ်လို့ မခံစားရဘူးလား?

ခံစားရပါတယ်ဘုရား။

အဲဒါ ခံစားတဲ့သဘောသက်သက်မျှလေးပဲ။ ဒီလို မဟုတ်လား?

မှန်ပါတယ်ဘုရား။

ဆိုးတဲ့အာရုံနဲ့ တွေ့တဲ့အခါကျတော့ရော ဆိုးတယ်လို့ မခံစားရဘူးလား?

ခံစားရပါတယ်ဘုရား။

ဘယ်သူက ခံစားသလဲဆိုလျှင် ခံစားတတ်တဲ့သဘောလေးကပဲ ခံစားတာ။ ဘယ်သူက ခံစားတာပါလိမ့်?

ခံစားတတ်တဲ့ သဘောလေးကပဲ ခံစားတာပါဘုရား။

ငါကလည်း ခံစားတာမဟုတ်ဘူး။ ပုဂ္ဂိုလ်သတ္တဝါကလည်း ခံစားတာမဟုတ်ဘူး။ အဲဒီတော့ အဲဒီသဘောအမှန်တွေကို တကယ်သိအောင်ရှုရမှာ။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

ဒါကြောင့်မို့လို့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက သတိပဋ္ဌာနသုတ္တန် ဒေသနာတော်မှာ ဘယ်လိုဟောထားသလဲဆိုလျှင် 'သုခံဝါ ဝေဒနံ ဝေဒယမာနော သုခံဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ ဒုက္ခံဝါ ဝေဒနံ ဝေဒယမာနော ဒုက္ခံဝေဒနံ ဝေဒယာမီတိ ပဇာနာတိ'တဲ့။

သုခံဝေဒနံ၊ ကောင်းသောခံစားမှုမျိုးကို။ ဝေဒယ မာနောဝါ၊ ခံစားလျှင်မှုလည်းပဲ။ သုခံဝေဒနံ၊ ကောင်း သော ခံစားမှုမျိုးကို။ ဝေဒယာမီတိ၊ ခံစားတယ်ဟူ၍။ ပဇာနာတိ၊ ပိုင်းခြားပြီးတော့သိပါ။

ကောင်းတဲ့ခံစားမှုမျိုးလေး ဖြစ်ပေါ်လာလို့ရှိလျှင် လည်းပဲ ကောင်းတာကိုခံစားတယ်လို့ ပိုင်းခြားပြီးတော့ သိရမယ်။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

ဒုက္ခံဝေဒနံ၊ မကောင်းသောခံစားမှုမျိုးကို။ ဝေဒယ မာနောဝါ၊ ခံစားလျှင်မှုလည်းပဲ။ ဒုက္ခံဝေဒနံ၊ မကောင်း သော ဆင်းရဲသော ခံစားမှုမျိုးကို။ ဝေဒယာမီတိ၊ ခံစား တယ်ဟူ၍။ ပဇာနာတိ၊ ပိုင်းခြားပြီးတော့သိပါ။

ဆင်းရဲတဲ့၊မကောင်းတဲ့ ခံစားမှုမျိုးကို ခံစားရလျှင် လည်းပဲ မကောင်းတဲ့ဆင်းရဲမှုတွေကို ခံစားရတယ်လို့ ဆိုတာကိုလည်းပဲ အမှန်အတိုင်းသိအောင် ရှုရတယ်။ မရှုရဘူးလား၊ ရှုရသလား?

ရှုရပါတယ်ဘုရား။

အဒုက္ခ မသုခံ ဝေဒနံ၊ ကောင်းသောခံစားမှုမျိုး လည်းမဟုတ် မကောင်းတဲ့ ခံစားမှုမျိုးလည်းမဟုတ်တဲ့ အလယ်အလတ် ခံစားမှုမျိုးကို။ ဝေဒယာမာနောဝါ၊ ခံစား လျှင်မူလည်းပါ။ အဒုက္ခ မသုခ ဝေဒနာ၊ အလယ်အလတ် ဖြစ်တဲ့ ခံစားမှုမျိုးကို။ ဝေဒယာမီတိ၊ ခံစားတယ်ဟူ၍။ ပဇာနာတိ၊ ပိုင်ခြားပြီးတော့သိပါ။

အလယ်အလတ် ခံစားမှုလေးတွေလည်း တခါ တရံကျတော့ မခံစားရဘူးလား?

ခံစားရပါတယ်ဘုရား။

အဲဒီလို ခံစားရတဲ့အခါမှာလည်းပဲ အလယ် အလတ်ဖြစ်တဲ့ ခံစားမှုမျိုးကို ခံစားရတယ်ဆိုတာ ပစ္စုပ္ပန် တည့်တည့်သိအောင် ယောဂီပုဂ္ဂိုလ်များ ရှုနိုင်လျှင်၊ မှတ်နိုင် လျှင် အမှန်အတိုင်းမသိရဘူးလား၊ သိရသလား?

သိရပါတယ်ဘုရား။

ဒါဖြင့်လျှင် ခံစားတဲ့ငါကောင်၊ သတ္တဝါကောင် ဆိုတာ ရှိသေးလား?

မရှိတော့ပါဘုရား။

ပုဂ္ဂိုလ်သတ္တဝါဆိုတာ မရှိတော့ဘူး။ ခံစားတဲ့သဘောမျှလေးတွေပဲ အဆင့်ဆင့်ခံစားတယ် ခံစားတယ်ဆိုတာ ယောဂီပုဂ္ဂိုလ်များက ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်းခြားပြီးတော့ သိသွားပါတယ်။ မသိရဘူးလား?

သိရပါတယ်ဘုရား။

အဲဒီလို ခံစားတဲ့သဘောလေးကို ခံစားမှုသဘောမျှပဲလို့ သေသေချာချာ နာမ်တရားရဲ့သဘောလေးကို ပိုင်းခြားပြီးတော့ သိလိုက်တဲ့အခါ နာမပရိစ္ဆေဒဉာဏ် ရသွားပြန်တယ်။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

ခံစားမှုအဆင့်ဆင့်လေးတွေပဲ အဲဒီလို အဆင့်ဆင့် အကြောင်းအကျိုး ဆက်စပ်ပြီးတော့ ခံစားမှုသက်သက် ဖြစ်ပေါ်နေတာပဲလို့ အကြောင်းအကျိုးတွေကို ပိုင်းခြားပြီးတော့ သိလျှင် မကောင်းတဲ့ခံစားမှုမျိုးကလည်းပဲ မကောင်းတဲ့ အာရုံတွေကြောင့် ဖြစ်ပေါ်ပြီးတော့ လာရတယ်။ ကောင်းတဲ့ခံစားမှုမျိုးကလည်း ကောင်းတဲ့အာရုံတွေကြောင့် ဖြစ်ပေါ်လာရတယ်လို့ အဲဒီလို အကြောင်းအကျိုးတွေ ဆက်စပ်ပြီးတော့ သိသွားလျှင် အဲဒါ ပစ္စယပရိဂ္ဂဟဉာဏ် ရောက်သွားတယ်။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

ယောဂီပုဂ္ဂိုလ်များရဲ့ နဂိုတုန်းကစွဲလမ်းပြီးတော့ လာခဲ့တဲ့ ဝေဒနာအတွေ့အစွဲတွေလည်း ကင်းမသွားဘူးလား?

ကင်းသွားပါတယ်ဘုရား။

အဲဒီလို ကင်းအောင်ရှုနိုင်ရမှာ။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

ဒါကြောင့်မို့လို့ အနတ္တာဉာဏ် အစစ်ဖြစ်ဖို့ဆိုတာ လွယ်ပါ့မလား?

မလွယ်ပါဘုရား။

အနတ္တာ၊ အနတ္တာလို့တော့ ပြောနေတာပဲ။ တချို့ အနတ္တာ အနတ္တာလို့ ပုတီးစိပ်နေတာပဲ။ တကယ့် အနတ္တာ မြင်ဖို့ရာ မလွယ်ဘူး။ တချို့များဆိုလျှင် ဘာဝနာတွေ ပွားများနေတဲ့အခါ ရုပ်ခန္ဓာကိုယ်ကြီးတောင် တချို့မရှိတော့ဘူး။ ပျောက်သွားတာ၊ သမာဓိအားတွေ ကောင်းလာတော့ ပျောက်မသွားဘူးလား?

ပျောက်သွားပါတယ်ဘုရား။

ရုပ်ခန္ဓာကိုယ်ကြီး ပျောက်သွားလို့ အနတ္တာပိုင်ပြီ

လားဆိုတော့ မပိုင်သေးဘူးတဲ့။ မှန်ပါဘုရား။

ရပ်ခန့်ကိုယ်ကြီး ပျောက်သွားတော့၊ ဘာကျန်သေးလဲ?

နာမ်တရား ကျန်ပါသေးတယ်ဘုရား။

မှတ်နေရတာ၊ ရှုနေရတာ၊ သိနေရတာတွေ ရှိနေသေးတော့ ငါကပဲသိနေသေးသလိုလို၊ ငါကပဲရှုနေသေးသလိုလို၊ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

ငါရှုလို့ ရပ်ခန့်ကြီးကိုတောင် ပျောက်သွားတာဆိုတော့ ငါကပျောက်ရဲ့လား၊ ငါမပျောက်ပါဘုရား။ ငါကရှုနေတဲ့အနေနဲ့ ထင်ပြီးတော့ နေသေးလျှင် အဲဒါအနတ္တာမပိုင်သေးဘူးလို့မှတ်။ ငါကရှုနေတယ်၊ ငါကခံစားနေတယ်၊ ငါကသိနေတယ်လို့ ထင်နေလျှင် အနတ္တမပိုင်သေးဘူး။ အနတ္တပိုင်ဖို့ဆိုတာ တကယ်တော့ မလွယ်ဘူး။ မလွယ်ပါဘုရား။

ဒါကြောင့် ယောဂီပုဂ္ဂိုလ်များအတွက် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက ပလောကတော၊ အကြီး

အကျယ် ပျက်စီးတဲ့အနေအား ဖြင့်လည်းပဲ။ မနသိကာတဇာ၊ နှလုံးသွင်းပြီးတော့ ရှုရပါတယ်။ ဟောဒီ ရုပ်တရားတွေပဲဖြစ်စေ၊ နာမ်တရားတွေပဲဖြစ်စေ၊ ဘယ်တရားတွေမှ မြဲတယ်ဆိုတာ မရှိဘူး။ မြဲတယ်ရှိရဲ့လား ?

မရှိပါဘုရား။

အကြီးအကျယ် ပျက်စီးပြီးတော့နေတဲ့ တရားတွေပဲရှိတယ်။ ယောဂီပုဂ္ဂိုလ်များ သတိ သမာဓိ ဉာဏ်တွေ အားကောင်းပြီးလာတဲ့အခါကျတော့ မိမိရဲ့ခန္ဓာကိုယ်ကို ရှုလိုက်တိုင်း၊ ရှုလိုက်တိုင်း ခန္ဓာကိုယ်ကဖြစ်ပေါ်နေတဲ့ ရုပ်တရားတွေလည်း လျင်မြန်စွာ ကုန်ပျက်သွား၊ ဖြစ်ပေါ်နေတဲ့ နာမ်တရားတွေလည်း လျင်မြန်စွာ ကုန်ပျက်သွား၊ ဒီလိုမဟုတ်လား ?

မှန်ပါတယ်ဘုရား။

ဘင်္ဂဉာဏ်လောက်ရောက်လာတဲ့ ယောဂီပုဂ္ဂိုလ်များဆိုလျှင် ပိုပြီးတော့ထင်ရှားပါတယ်။ မထင်ရှားဘူးလား ?

ထင်ရှားပါတယ်ဘုရား။

မိမိရဲ့ခန္ဓာကိုယ် ပုံသဏ္ဌာန်၊ ဒြပ်ကြီးကလည်း မထင်ရှားတော့ဘူး။ မှတ်စရာအာရုံတွေကလည်း မှတ်လိုက်တိုင်း ပျောက်သွား၊ မှတ်လိုက်တိုင်း ပျောက်သွား၊ မှတ်ရတာ အစကနေပြီး ဖြစ်ပေါ်လာတာလေးတောင် မသိလိုက်ရဘူး။ မှတ်လိုက်လျှင် ကုန်သွားတာလောက်ပဲ သိရပါတယ်။ မှတ်လိုက်လျှင် ဘာကိုသိရပါလိမ့်?

ကုန်သွားတာလောက်ပဲ သိရပါတယ်ဘုရား။

ရုပ်နာမ် ခန္ဓာတွေက အမြဲတမ်းတရစပ် ပျက်စီးပြီးတော့ နေတဲ့အခါကျတော့ အပျက်တရားတွေက မြန်လွန်အားကြီးလို့ ဖြစ်တာလေးတောင် မမီလိုက်ဘူး။ မှန်ပါတယ်ဘုရား။

ဟိုနားက ရိုးရိုရွရွလေး ပေါ်လာလိုက်၊ မှတ်လိုက် ပျောက်သွားလိုက်၊ တခါတလေကျတော့ တချို့မှတ်စရာအာရုံလေးတွေက မှတ်မလို့ကြံလိုက်ကာရှိသေး ပျောက်သွားတယ်။ ဘာဖြစ်သွားပါလိမ့်?

ပျောက်သွားပါတယ်ဘုရား။

မြန်လို့လား၊ မမြန်လို့လား?

မြန်လို့ပါဘုရား။

မြန်လို့တဲ့။ မိမိရဲ့ခန္ဓာကိုယ်ကြီးလည်း တကယ် တမ်းစိုက်ပြီးတော့ ရှုလိုက်လို့ရှိလျှင် တခါတည်းအကုန်လုံး ပျက်စီးပြီးတော့ နေတဲ့တရားတွေ၊ အကြီးအကျယ် ပျက်စီးပြီးတော့ နေတဲ့တရားတွေ မမြင်ရဘူးလား?

မြင်ရပါတယ်ဘုရား။

ထို့အတူပဲ ဗဟိဒ္ဓသန္တာန်ကို ဉာဏ်နဲ့စိုက်ပြီး ကြည့်လိုက်လို့ရှိလျှင်လည်းပဲ အကြီးအကျယ်ပျက်စီးနေတဲ့ ရုပ်တရားတွေ၊ နာမ်တရားတွေပဲ ရှိတယ်လို့မြင်သွားလျှင် အားကိုးစရာ ဘာမှမရှိဘူး။ ရှိသေးရဲ့လား?

မရှိပါဘုရား။

ဒါဖြင့် မြဲတည်နေတဲ့တရားတွေရော ရှိသေးလား?

မရှိတော့ပါဘုရား။

ဒါကြောင့်မို့လို့ အဲဒီလို အကြီးအကျယ်ပျက်စီးပြီးနေတဲ့ အနေအားဖြင့်လည်း ထင်အောင်မြင်အောင် ရှုနိုင်ရမယ်၊ ပွားများနိုင်ရမယ်။ ဒီလိုမဟုတ်လား?

မှန်ပါဘုရား။

ဒါပေမယ့် မိမိရဲ့ဝိပဿနာဉာဏ်က မပြည့်စုံသေးလျှင်တော့ မမြင်နိုင်သေးဘူးနော်။ မမြင်နိုင်သေးပါဘုရား။ မမြင်နိုင်သေးတာကို မြင်အောင်လို့ကတော့ လိုက်ပြီးတော့ ရှာလို့မရဘူး။ သူ့အချိန်တန်တော့ ကုယဉာဏအဆင့် မီလာလျှင် ရောက်လာလိမ့်မယ်၊ သိလာလိမ့်မယ်။ ယောဂီပုဂ္ဂိုလ်များရှုရမှာကတော့ မိမိရဲ့ခန္ဓာကိုယ်မှာ ဖြစ်ခိုက်ဖြစ်ဆဲပေါ်ခိုက်ပေါ်ဆဲ၊ ရုပ်နာမ်ဓမ္မ သဘာဝတွေကိုသာ အမှန်သိအောင်ရှုပါ။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

ဒါကတော့ အနိစ္စအခြင်းအရာ ထင်သွားပုံပါပဲ။ နောက်တစ်မျိုးက–သုညတော၊ အတ္တကောင်မှ ဆိတ်သုဉ်းပြီးတော့နေတဲ့ အနေအားဖြင့်လည်းပဲ။ မနသိကာတဇ္ဇာ၊ နှလုံးသွင်းပြီးတော့ ရှုရပါတယ်။ ဟောဒီ ရုပ်တရားတွေ၊ နာမ်တရားတွေဆိုတာ အတ္တကောင်မှ ဆိတ်သုဉ်းပြီးတော့နေတယ်။ အထူးပြောစရာ မလိုတော့ပါဘူး။ နဂိုတည်းကိုကအတ္တဆိုတာ ရှိတာမှမဟုတ်ဘဲ။ ဒါပေမယ့် မရှိတဲ့အတ္တကောင်ကိုပဲ အမှန်မသိတဲ့အခါကျတော့ ရှိတယ်လို့ထင်နေကြတာ။ ဒါကြောင့် အတ္တကောင်မှ ဆိတ်သုဉ်းတဲ့အနေနဲ့လည်းပဲ ယောဂီပုဂ္ဂိုလ်များက နှလုံးသွင်းရမယ်၊ ပွားများရမယ်။ ဘာလုပ်ရမှာပါလိမ့်?

နှလုံးသွင်းရမယ်၊ ပွားများရပါမယ်ဘုရား။

အဲဒီလို နှလုံးသွင်းမပွားများပဲနဲ့၊ ပစ္စုပ္ပန်တည့်အောင်မရှုပဲနဲ့၊ မိမိရဲ့ဉာဏ်ဖြင့် ဆင်ခြင်ပြီးတော့ ဒီခန္ဓာကိုယ်ကြီးကို အမှုန်မှုန်အညက်ညက်ဖြစ်အောင် ချလိုက်။ ကျေသွားပြီးလား?

ကျေသွားပါပြီဘုရား။

ဒါပေမယ့် ဆင်ခြင်နေတဲ့ငါကောင် ရှိနေသေးတယ်လို့ ထင်နေတာပဲ။ မှန်ပါတယ်ဘုရား။ ဆင်ခြင်နေတာလေးကိုပဲ ငါကဆင်ခြင်နေတယ်လို့ ထင်နေသေးတယ်။ ငါကောင် ပျောက်ဖို့မလွယ်ဘူး။ ဒါကြောင့်မို့လို့ ပစ္စုပ္ပန်တည့်အောင် ရှုနိုင်ဖို့လိုတယ်။ ဘယ်လို ရှုနိုင်ဖို့လိုပါလိမ့်?

ပစ္စုပ္ပန်တည့်အောင် ရှုနိုင်ဖို့လိုပါတယ်ဘုရား။

ဝေဒနာကိုပဲဖြစ်ဖြစ်၊ သညာကိုပဲဖြစ်ဖြစ်၊ သင်္ခါရကိုပဲဖြစ်ဖြစ်၊ ဝိညာဏ်ကိုပဲဖြစ်ဖြစ် ပေါ်ရာပေါ်ရာကို မပြတ်သိအောင်ရှုနေမှ ပစ္စုပ္ပန်တည့်နေမှ အာရုံနဲ့မှတ်စိတ်နဲ့ဟာ ပေါ်လာလိုက် မှတ်လိုက် ပျောက်သွားလိုက်၊ ပေါ်လာလိုက် မှတ်လိုက် ပျောက်သွားလိုက်။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

ဒါဖြင့် ဘယ်မလဲငါ။ (ငါမရှိပါဘုရား။) ငါဆို တာမရှိဘူး။ ငါဆိုတာ လုံးလုံးကိုကင်းနေတာ။ ဒီလို မဟုတ်လား?

ဟုတ်ပါတယ်ဘုရား။

မှတ်စရာအာရုံတွေ ပေါ်လာလို့၊ မှတ်သိတဲ့စိတ် လည်းဖြစ်ပေါ်လာတယ်။ မှတ်သိလိုက်ပြန်တော့လည်း ကုန်သွားတယ်၊ ပျောက်သွားတယ်။ မပျောက်ဘူးလား?

ပျောက်သွားပါတယ်ဘုရား။

ဒါကြောင့်မို့လို့ မှတ်တိုင်းကုန်ပျောက်၊ မှတ်တိုင်း ကုန်ပျောက်၊ ကုန်ပျောက်နေတဲ့ တရားတွေပဲ ရှိတယ်ဆို တော့ အတ္တကောင်မှ ကင်းမနေဘူးလား?

ကင်းနေပါတယ်ဘုရား။

နောက်တစ်မျိုးက–အနတ္တတော၊ သဘောတရားမျှ အနေအားဖြင့်လည်းပဲ။ မနသိကာတဗ္ဗာ၊ နှလုံးသွင်းရ ပါတယ်၊ ပွားများရပါတယ်။ ရုပ်တရား နာမ်တရား အမှန်တရားတွေဟာ တကယ်တော့ သဘောတရားမျှတွေ

ပဲရှိပါတယ်။ ဘာတရားတွေပဲ ရှိပါလိမ့်?

သဘောတရားမျှသာ ရှိပါတယ်ဘုရား။

မိမိရဲ့ခန္ဓာကိုယ်တစ်ခုလုံးမှာ စိုက်ပြီးတော့ ရှုကြည့်လိုက် ဖောင်းတဲ့သဘောမျှလေးပဲရှိတယ်၊ ပိန်တဲ့သဘောမျှလေးပဲရှိတယ်၊ လှုပ်တဲ့သဘော၊ ရွေ့တဲ့သဘောမျှလေးပဲရှိတယ်။ ပူတဲ့သဘော၊ အေးတဲ့သဘောမျှလေးပဲရှိတယ်။ သူ့သဘောသူဆောင်နေတာ မဟုတ်လား?

သူ့သဘော သူဆောင်ပါတယ်ဘုရား။

တောင့်တဲ့သဘော တင်းတဲ့သဘောမျှပဲ ရှိတယ်။ ကိုက်တဲ့ ခဲတဲ့ သဘောတရားလေးမျှပဲရှိတယ်။ နာတဲ့ ကျင်တဲ့ သဘောတရားမျှပဲရှိတယ်လို့ဆိုတာ ယောဂီပုဂ္ဂိုလ်များ ပစ္စုပ္ပန်ပေါ်ခိုက်ပေါ်ဆဲမှာ သေသေချာချာညာဏ်နဲ့ သိအောင် စိုက်ပြီးတော့ရှုကြည့်နေလျှင် သဘောတရားအမှန်တွေ မတွေ့ရဘူးလား၊ တွေ့ရုသလား?

သဘောတရား အမှန်တွေ ကွေ့ရပါတယ်ဘုရား။

သဘောတရား အမှန်သိမှ အနတ္တမြင်တယ်။ ဘာကိုသိမှ အနတ္တမြင်ပါလိမ့်?

သဘောတရား အမှန်သိမှ အနတ္တမြင်ပါတယ် ဘုရား။

အနတ္တဆိုတာ သူ့သဘောအတိုင်း ဖြစ်နေတဲ့ သဘောတရားတွေ၊ ကိုယ့်အလိုအတိုင်း မဖြစ်တဲ့သဘောတရားကို အနတ္တလို့ခေါ်တာ။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

အနတ္တရဲ့အဓိပ္ပါယ်၊ အနတ္တရဲ့သဘောပါ တစ်ခါတည်းပါသွားပြီ။ အဲဒီတော့ မိမိရဲ့ခန္ဓာအစဉ်မှာ ဖြစ်ပေါ်တဲ့ရုပ်တရားတွေ နာမ်တရားတွေ တစ်နည်းအားဖြင့်ပြောလျှင် ခန္ဓာငါးပါး အဲဒီတရားတွေအပေါ်မှာ ပြောခဲ့ပြီးတဲ့ အတ္တစွဲလေးမျိုးလည်းပဲ ကင်းအောင်ရှုရပါတယ်။ မရှုရဘူးလား၊ ရှုရသလား?

ရှုရပါတယ်ဘုရား။

တကယ် ပစ္စုပ္ပန်တည့်အောင် သဘောတရားမျှအနေနဲ့သိအောင် ပိုင်းခြားပြီးတော့ ရှုနိုင်သွားပြီဆိုလို့ ရှိလျှင် စောစောကပြောခဲ့တဲ့ အတ္တစွဲတွေ အကုန်လုံးကင်းသွားတယ်။ ပြောနေရုံနဲ့တော့ ကင်းပါ့မလား?

မကင်းပါဘုရား။

ကြံစည်စိတ်ကူးနေရုံနဲ့ရော ကင်းပါ့မလား?

မကင်းပါဘုရား။

အဲဒီ ပြောဆိုနေတာကိုပဲ ငါကပဲပြောနေတယ် ထင်သေးတာ၊ ဒီလိုနော်။ ကြံစည်စိတ်ကူးနေတာကိုပဲ ငါကကြံစည်နေတယ်၊ ငါကစိတ်ကူးနေတယ်လို့ ထင်သေး တယ်ဆိုတော့ ငါကလွတ်ရဲ့လား?

မလွတ်သေးပါဘုရား။

ဒါကြောင့် ငါစွဲတွေကင်းအောင်တော့ ပေါ်တိုင်း ပေါ်တိုင်း မပြတ်ရှုမှတ်ရပါတယ်။ ဘယ်အချိန်မှာ မပြတ်ရှုနေရပါလိမ့်?

ပေါ်တိုင်း၊ပေါ်တိုင်း မပြတ်ရှုမှတ်ရပါတယ်ဘုရား။

ဆောင်ပုဒ်။ ပေါ်တိုင်းမပြတ် ရှုမှတ်နေလျှင် ဘယ်ဟာကိုမှ မြီတယ်မမြင်။ J

ပေါ်တိုင်း၊ ပေါ်တိုင်း မပြတ်ရှုမှတ်နေလျှင် မြဲတဲ့ တရား ဘယ်ဟာတွေ့ပါလိမ့်?

ဘယ်ဟာမှ မတွေ့ပါဘုရား။

မမြဲတာတွေပဲ တွေ့သွားပြီ။ သူ့သဘောအတိုင်း သူဖြစ်နေတဲ့ သဘောတရားတွေပဲ။ သူသဘောအတိုင်း သူကုန်ပျက်နေတဲ့ သဘောတရားတွေပဲလို့ သဘောအမှန်

တွေ မမြင်ရဘူးလား?

သဘောအမှန်တွေ မြင်ရပါတယ်ဘုရား။

သဘောအမှန်တွေ ပိုင်းခြားသိလျှင် အနတ္တာထင်တယ်။ ဘာတွေ ထင်ပါလိမ့်?

အနတ္တာထင်ပါတယ်ဘုရား။

ဒါကြောင့် လိုက်ဆိုကြည့်ရအောင်–

ဆောင်ပုဒ်။ (၁) သူသဘောအတိုင်း ဖြစ် ပျက်နေတဲ့ ရုပ်နာမ်ခန္ဓာက အနတ္တတရား။

သူသဘောအတိုင်း ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ခန္ဓာတွေက ဘာတရားတွေပါလိမ့်?

အနတ္တတရားတွေပါဘုရား။

အဲဒါ အနတ္တတရားတွေ။ ယောဂီပုဂ္ဂိုလ်များ သေသေချာချာ သဘောပေါက်သွားပါပြီ။ ကဲ–လိုက်ဆိုလိုက်ပါဦး–

ဆောင်ပုဒ်။ (၂) မိမိအလိုအတိုင်း မဖြစ်တာက အနတ္တလက္ခဏာ။

မိမိအလိုအတိုင်း မဖြစ်တာက ဘာလက္ခဏာလဲ?

အနတ္တလက္ခဏာပါဘုရား။

အနတ္တလက္ခဏာ ထင်ရှားနေတယ်နော်။ နောက် တစ်ခုဆိုလိုက်ကြရအောင်–

ဆောင်ပုဒ်။ (၃) ရှုမှတ်ဆဲမှာ အလိုအတိုင်း မဖြစ်တာကိုတွေ့ရ၍ အစိုးမရ ငါကောင်မဟုတ်ဟု သိမြင်တာက အနတ္တာနုပဿနာဉာဏ်။

အစိုးမရ ငါကောင်မဟုတ်ဟု သိသွားလျှင် အနတ္တာနုပဿနာဉာဏ်ဖြစ်တယ်။ ဘာဉာဏ်ဖြစ်ပါလိမ့်?

အနတ္တာနုပဿနာဉာဏ် ဖြစ်ပါတယ်ဘုရား။

လွန်ခဲ့တဲ့အပတ်က ဟောသွားတာက ရှုပုံအခြင်းအရာရှစ်ပါး၊ ဒီနေ့ဟောတာက ပလောက၊ အကြိုးအကျယ် ပျက်စီးတဲ့အနေနဲ့လည်းပဲ ရှုရမယ်။ သည်တ၊ အတ္တကောင်မှ ကင်းဆိတ်တဲ့အနေအားဖြင့်လည်းပဲ ရှုရမယ်။ အနတ္တသဘောတရားမျှ အနေအားဖြင့်လည်းပဲ ရှုရမယ်။ ယနေ့ဟောတာ ဘယ်နှစ်ချက်ပါလဲ?

(၃)ချက်ပါဘုရား။

ပေါင်းလိုက်လျှင်တော့ (၁၁)ချက်၊ ဒါကြောင့်မို့လို့

ဒီနေ့ဟောလိုက်တဲ့ (၃)ချက်ကိုလည်း လိုက်ပြီးတော့ ဆိုလိုက်ကြရအောင်–

ဆောင်ပုဒ်။ ပျက်စီး,သည်၊ အနတ္တ၊ ရှုရ ဆယ့်တစ်မည်။ ၂

ဒီ(၁၁)ပါးလုံးကို ယောဂီပုဂ္ဂိုလ်များက အကုန်လုံးစေ့အောင် လိုက်ပြီးခဲ့ခြားပြီးတော့ ရှုနေရမှာလား၊ မှတ်နေရမှာလား?

မမှတ်ရပါဘုရား။

ပေါ်ရာ၊ပေါ်ရာအာရုံကိုသာ ရှုနေရမှာ။ ဘာကို ရှုနေရမှာလဲ?

ပေါ်ရာ၊ ပေါ်ရာအာရုံကိုသာ ရှုရမှာပါဘုရား။

ပေါ်ရာ၊ ပေါ်ရာအာရုံကို ပစ္စုပ္ပန်တည့်အောင် ရှုနေလျှင် မိမိရဲ့ဉာဏ်ထဲမှာ အဲဒီအခြင်းအရာ (၁၁)မျိုး တစ်မျိုး,မျိုးပေါ်လာတယ်။ မပေါ်ဘူးလား၊ ပေါ်သလား?

ပေါ်လာပါတယ်ဘုရား။

တချို့က မမြဲတဲ့အခြင်းအရာအနေနဲ့ ထင်လာတယ်။ တချို့က ဆင်းရဲတဲ့အခြင်းအရာအနေနဲ့ ထင်လာတယ်။ တချို့က သဘောတရားမျှ အနေနဲ့ထင်လာ

တယ်။ သမာဓိညာဏ်တွေ အားကောင်းလာလျှင် အဲဒီ အခြင်းအရာတွေ ပေါ်လာတယ်။ မပေါ်ဘူးလား၊ ပေါ်သလား?

ပေါ်လာပါတယ်ဘုရား။

သက်သက်ကြီစည်စိတ်ကူး ရှုနေလို့ တကယ်ပေါ်ပါ့မလား?

မပေါ်ပါဘုရား။

ကြီစည်စိတ်ကူး စဉ်းစားပြီးတော့ ရှုနေလျှင် ကြီစည်စဉ်းစားနေတာကိုပဲ ငါကောင်လို့ ထင်ချင်ထင်နေဦးမှာ။ ဒီလိုမဟုတ်လား?

ထင်တတ်ပါတယ်ဘုရား။

ဒါကြောင့် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကယောဂီများရဲ့ဉာဏ်ထဲမှာ ရှုပုံအခြင်းအရာတွေ ဖြစ်ပေါ်နိုင်တာကို အကုန်လုံးဖော်ပြထားတာပဲ။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

အဲဒီ (၁၁)မျိုးကို တူရာတူရာ ပေါင်းလိုက်လျှင်

တော့ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ် သုံးမျိုးပဲ ရတယ်။ ဘယ်နှစ်မျိုးရလဲ?

သုံးမျိုးပဲ ရပါတယ်ဘုရား။

ဒီတော့လိုရင်း ဝိပဿနာရှုဖို့က ဟောဒီ(၃)ချက်ပါပဲ။ ဒါကြောင့် မြတ်စွာဘုရားကလည်းပဲ အနိစ္စသုတ်၊ ဒုက္ခသုတ်၊ အနတ္တသုတ် အစရှိတဲ့ သုတ္တန်များမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာသုံးမျိုးကို ဟောတာများပါတယ်။ ဘယ်နှစ်မျိုး ဟောပါလိမ့်?

သုံးမျိုးပဲ ဟောတာများပါတယ်ဘုရား။

ယောဂီပုဂ္ဂိုလ်များက အဲဒီသုံးမျိုးထဲက သုံးမျိုးစလုံး အကုန်လိုက်ပြီးတော့ ဆင်ခြင်ပြီးမရှုနေနဲ့။ ဆင်ခြင်ပြီးရှုနေလျှင် သုံးသပ်ပြီးရှုနေလျှင် သမ္မသနဉာဏ် အဆင့်ကကျော်လွန်မှာ မဟုတ်ဘူး။ ရှေ့ဉာဏ်အဆင့်တွေ အများကြီးရှိသေးတယ်။ ဒါကြောင့်မို့လို့ ပစ္စုပ္ပန်တည့်အောင် သေသေချာချာ ပိုင်းခြားပြီးတော့ သိအောင်ရှုပါ။

ရှုခါစမှာ မိမိရဲ့သမာဓိဉာဏ်က မပြည့်စုံသေးလို့ မမြင်နိုင်သေးပေမယ်လို့ မိမိရဲ့သမာဓိဉာဏ်တွေ အားကောင်းပြီးတော့ ပြည့်စုံလာတဲ့အခါမှာ မြင်သွားပါလိမ့်မယ်။ မမြင်နိုင်ဘူးလား၊ မြင်နိုင်သလား?

မြင်နိုင်ပါတယ်ဘုရား။

အမှန်ကတော့ အနိစ္စလက္ခဏာ ဘာကြောင့်မမြင် သလဲဆိုလျှင် 'သန္ဋတိ' ဖုံးနေလို့တဲ့။

'သန္ဋတိ' ဆိုတာ ရုပ်နာမ်အစဉ် ရုပ်တရားတွေ၊ နာမ်တရားတွေက တစ်ခုပြီးတစ်ခု အမြဲတမ်းဆက်စပ်ပြီး တော့ ဖြစ်နေကြတဲ့အတွက် အစဉ်အတန်းကြီးလို ဖြစ်နေ တာ။ ဘယ်လိုဖြစ်နေတာပါလိမ့်?

အစဉ်အတန်းကြီးလို ဖြစ်နေတာပါဘုရား။

ယောဂီများ ဖယောင်းတိုင်လေးတစ်တိုင် ထွန်း ထားတဲ့အခါကျတော့ မီးတောက်လေးက တောက်မနေ ဘူးလား?

တောက်နေပါတယ်ဘုရား။

ဒါပေမယ့် မီးတောက်လေးက တစ်ခုတည်းလား ဆိုလျှင် မဟုတ်ဘူးတဲ့။ အပေါ်ကမီးစာလေးက အောက် ကဆီလေးကို စားပြီးတော့လောင်သွား၊ လောင်ပြီးတော့ သူကပျောက်သွားတာပဲ၊ ကုန်သွားတာပဲ၊ လွင့်သွားတာပဲ။ ဒါပေမယ့်လို့ အောက်ကမီးစာလေးက အသစ်တစ်ခါ ထပ်ပြီးရှိနေသေး၊ ပေါ်နေသေးလို့ ဆီကလည်းပေါ်လာ

သေးလို့ တစ်ခါထပ်ပြီး မလောင်ဘူးလား?

လောင်ပါတယ်ဘုရား။

တစ်ဆင့်တစ်ဆင့် ရှေ့ကပျောက်သွား နောက်က အသစ်ရောက်လာ ရှေ့ကပျောက်သွား နောက်ကအသစ် ရောက်လာဆိုတော့ မီးကတစ်ဆက်တည်းလို ဖြစ်မနေဘူး လား?

တစ်ဆက်တည်းလို ဖြစ်နေပါတယ်ဘုရား။

ဒါပေမယ့် မီးကတစ်ခုတည်းရော ဟုတ်ရဲ့လား?

မဟုတ်ပါဘုရား။

ချောင်းထဲက စီးနေတဲ့ရေကို တံတားပေါ်က ထိုင်ပြီး ကြည့်နေလိုက်တဲ့အခါမှာလည်းပဲ သေသေချာချာ မကြည့်ဘူးဆိုလို့ရှိလျှင် အဲဒီရေက တစ်ရေတည်း၊ တစ်ဆက်တည်းလို့ ထင်နေရတယ်။ ဒါပေမယ့် တံတား တိုင်ခြေရင်း အနီးအနားကို သေသေချာချာကြည့်လိုက်တဲ့ အခါကျတော့ ရှေ့ကရေနဲ့နောက်ကရေ တူရဲ့လား?

မတူပါဘုရား။

သေသေချာချာ ဉာဏ်ကစိုက်ပြီးတော့ ကြည့်နိုင်

လျှင်မြစ်ရေအလျင်လိုပဲ၊ ဆီးမီးအလျဲလိုပဲ၊ မိမိခန္ဓာကိုယ်မှာဖြစ်နေတဲ့ ရုပ်တရားတွေ၊ နာမ်တရားတွေဆိုတာ တစ်ခုဖြစ်လိုက်၊ တစ်ခုပျက်လိုက်၊ တစ်ခုဖြစ်လိုက်၊ တစ်ခုပျက်လိုက်နဲ့ အစဉ်အတိုင်း ဆက်စပ်ပြီးတော့ ဖြစ်နေတာကို ပျက်နေတာကို သေသေချာချာ တစ်ခုစီတစ်ခုစီ ပိုင်းခြားပြီးတော့ သိရတယ်။ မသိရဘူးလား၊ သိရသလား?

သိရပါတယ်ဘုရာ။

အဲဒီတော့မှ အနိစ္စကိုမြင်တယ်။ ဒီလိုမဟုတ်ဘဲ တစ်ဆက်တည်း တစ်တန်းတည်းမြင်နေလျှင် အနိစ္စမြင်သေးလား?

မမြင်တော့ပါဘုရား။

ဒါကြောင့်မို့လို့ ဖြစ်ခိုက်ဖြစ်ဆဲမှာ ရုပ်နာမ်ရဲ့ဖြစ်ပျက်မှုကို သိအောင်ရှုရတယ်။ ဘာကိုသိအောင်ရှုရမှာပါလိမ့်?

ရုပ်နာမ်ရဲ့ဖြစ်ပျက်ကို သိအောင်ရှုရပါမယ်ဘုရား။

တစ်ခါဒုက္ခလက္ခဏာကိုတော့ ကျရိယာပုထ်ကဖုံးထားတယ်။ ဘယ်ဟာက ဖုံးထားပါလိမ့်?

ကျရိယာပုထ်က ဖုံးထားပါတယ်ဘုရား။

ဒုက္ခရဲ့သဘောက ဆင်းရဲတာ။ ဆင်းရဲတဲ့သဘော ကိုအမှန်မသိအောင်လို့ ဘယ်အရာက ဖုံးပေးနေသလဲဆို လျှင် ကျရိယာပုထ်က ဖုံးပေးနေတယ်။

ထိုင်နေတဲ့အခါ တော်တော်ကြာလာတော့ ညောင်း လာတယ်၊ တောင့်လာတယ်၊ အောင့်လာတယ်၊ ဒုက္ခတွေ ပေါ်မလာဘူးလား?

ပေါ်လာပါတယ်ဘုရား။

ပေါ်လာတဲ့အခါ ဒုက္ခကိုမမြင်ရအောင်လို့ လှည့် ပေးလိုက်တယ်၊ ပြောင်းပေးလိုက်တယ်။ ပြောင်းပေးလိုက် တော့ မြင်ရသေးလား?

မမြင်ရတော့ပါဘုရား။

ဒုက္ခတကယ်ရှိနေတာကို ဒုက္ခလို့မြင်အောင် ဘုရား ကရှိခိုင်းတာ ဒုက္ခကိုမရှုပဲနဲ့ ကျရိယာပုထ်က ပြောင်းလဲပြီး ဖုံးလိုက်တယ်။ ဒုက္ခကိုဘယ်အရာက ဖုံးလိုက်သလဲ?

ကျရိယာပုထ်က ဖုံးလိုက်ပါတယ်ဘုရား။

ဒါကြောင့် တရားနာပရိသတ်တွေ ကျရိယာပုထ်

ကိုခဏခဏမပြင်နဲ့။ မပြင်မှဒုက္ခမြင်မှာ၊ ပြင်လျှင်တော့ ဒုက္ခမြင်မှာ မဟုတ်ဘူး။ ဒုက္ခမမြင်လို့ သုခထင်နေလျှင်တော့ ငြီးငွေ့မှုဉာဏ်တွေလည်း ဖြစ်မှာမဟုတ်ဘူး။ ဒီရုပ်နာမ်ခန္ဓာကို လိုချင်နေ၊ နှစ်သက်နေ၊ သဘောကျနေသေးတယ်ဆိုလျှင်လည်းပဲ စွဲလမ်းမှုတွေ လာဦးမှာပဲ။ မလာဘူးလား?

လာပါမယ်ဘုရား။

အဲဒါကြောင့် ဒုက္ခမြင်အောင်လို့ ကျရိယာပုထ်ကို ခဏခဏမပြင်နဲ့ ။ အနတ္တာကိုတော့ ဘယ်ဟာကဖုံးသလဲ ဆိုလျှင် 'ဃန'ကဖုံးတယ်။ အနတ္တာကို ဘယ်အရာကဖုံးသလဲ?

'ဃန' ကဖုံးပါတယ်ဘုရား။

ရုပ်နာမ်တွေကို တစ်လုံးတစ်ခဲတည်း ထင်နေလျှင် 'ဃန'လို့ခေါ်တယ်။ တစ်လုံးတစ်ခဲတည်း ထင်နေလျှင် ဘာလို့ခေါ်ပါလိမ့်?

'ဃန' လို့ ခေါ်ပါတယ်ဘုရား။

အမှန်တကယ် အလုံးအခဲဆိုတာ မရှိဘူး။ ပုံ

သဏ္ဌာန်တို့၊ ဒြပ်တို့ဆိုတာ ပညတ်တွေပဲ။ ပညတ်သဘော ပျောက်အောင် ပရမတ်သဘောရောက်အောင် ယောဂီပုဂ္ဂိုလ်များက ပေါ်ခိုက်ပေါ်ခိုက်မှာ မရှုရဘူးလား?

ရှုရပါတယ်ဘုရား။

ရှုတဲ့အခါကျတော့ ပရမတ်သဘောလေးတွေ တစ်ခုပြီးတစ်ခု၊ တစ်ခုပြီးတစ်ခု ပေါ်လိုက်ပျောက်လိုက်၊ ပေါ်လိုက်ပျောက်လိုက်ဆိုတော့ သဘောမျှပဲရှိတယ်ဆိုတဲ့ အနတ္တအနေနဲ့ရော မပိုင်ဘူးလား?

ပိုင်ပါတယ်ဘုရား။

ဖြစ်ပေါ်လာတဲ့ သဘောတရားတွေ မှန်သမျှ ဖြစ်ပေါ်ပြီး ပျက်သွားတာပဲ။ ဖြစ်ပေါ်ပြီးပျက်သွားတာပဲဆိုတော့ အနိစ္စအနေနဲ့ရော မပိုင်ဘူးလား?

ပိုင်ပါတယ်ဘုရား။

ပါးစပ်ကအနိစ္စ၊ ပါးစပ်ကဒုက္ခ၊ ပါးစပ်ကအနတ္တ လို့ပြောနေရုံနဲ့တော့ ပိုင်ပါ့မလား?

မပိုင်ပါဘုရား။

တကယ်ပရမတ်အနိစ္စကိုသိမှ၊ ပရမတ်ဒုက္ခကိုသိမှ၊

ပရမတ်အနတ္တကိုသိမှ အနိစ္စ ဒုက္ခ အနတ္တာညာဏ်ပိုင်မယ်။ ဒီလိုမဟုတ်လား?

မှန်ပါတယ်ဘုရား။

အနိစ္စတစ်လုံး မြင်လျှင်လည်းပဲ ဒုက္ခထင်တာပါပဲ၊ ဒုက္ခထင်လို့ရှုလျှင်လည်းပဲ အနတ္တာမြင်တာပါပဲ။ မမြင်ဘူးလား?

မြင်ပါတယ်ဘုရား။

ဒါကြောင့်လိုက်ဆို-

ဆောင်ပုဒ်။ အနိစ္စမြင်တော့၊ ဒုက္ခထင်သည်၊ ဒုက္ခထင်တော့၊ အနတ္တမြင်သည်။ ၂

အနိစ္စမြင်တော့ ဘာထင်ပါလိမ့်?

ဒုက္ခထင်ပါတယ်ဘုရား။

ဒုက္ခထင်တော့ ဘာကိုမြင်ပါလိမ့်?

အနတ္တာမြင်ပါတယ်ဘုရား။

အနိစ္စ ဒုက္ခ အနတ္တ အဲဒီလက္ခဏာရေးသုံးပါးနှင့် ပိုင်းခြားပြီးတော့ ထင်အောင်မြင်အောင် ရှုနိုင်သွားပြီဆိုလျှင်

သောတာပတ္တိ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရောက်ရှိနိုင်ပါတယ်။ ဘယ်ကိုရောက်ရှိနိုင်ပါလိမ့်?

သောတာပတ္တိ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရောက်ရှိနိုင်ပါတယ်ဘုရား။

မိမိတို့ရဲ့သန္တာန်မှာ ရှိနေတဲ့ ဥပါဒါနက္ခန္ဓာငါးပါးကိုပဲ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါး၊ (ယခုဟောခဲ့ပြီးတဲ့ အခြင်းအရာဆယ့်တစ်ပါး)အနေနဲ့ အမှန်အတိုင်းသိမြင်နိုင်အောင် ဝိပဿနာရှုနိုင်လျှင် သောတာပန်ဖြစ်နိုင်တယ်လို့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကဖြေကြားတော်မူခဲ့ပါတယ်။ မဖြစ်နိုင်ဘူးလား?

ဖြစ်နိုင်ပါတယ်ဘုရား။

ဒါကြောင့်လိုက်ဆို-

ဆောင်ပုဒ်။ သို့ရှုမြင်သန်၊ သောတာပန်၊ အမှန်ဖြစ်နိုင်သည်။ ၂

ဒီတော့ အရှင်မဟာကောဋ္ဌိက မထေရ်မြတ်ကြီးကဆက်ပြီးမေးလျှောက်ပါတယ်။ ငါ့ရှင်သာရိပုတ္တရာ သောတာပန်ဖြစ်ပြီးတဲ့ ရဟန်းဟာ အဘယ်တရားတို့ကို အသင့်အားဖြင့် နှလုံးသွင်းအပ်ပါသလဲလို့ ဒီလိုမေးလျှောက်တဲ့အခါကျတော့-

ငါရှင်ကောဋ္ဌိက သောတာပန်ရဟန်းဟာလည်းပဲ ဤဥပါဒါနက္ခန္ဓာတရား ငါးပါးတို့ကိုပဲ မမြဲဆင်းရဲစသည် ဖြင့် နှလုံးသွင်းရတာပဲလို့ ဖြေကြားတော်မူလိုက်ပါတယ်။

ဒါကြောင့် အဲဒီအမေးအဖြေကိုလည်း မှတ်မိ အောင်လိုက်ဆို–

ဆောင်ပုဒ်။ သောတာပန်ကား၊ ဘယ်တရား၊ ရှုပွားအပ်ပါသနည်း။ ၂

သောတာပန်လဲ၊ ခန္ဓာပဲ၊ ရှုမြဲ နည်းတူသည်။ ၂

သောတာပန်ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်ကလည်း ဘယ် တရားတွေကို ရှုရမှာလဲလို့မေးလျှင် အဲဒီဥပါဒါနက္ခန္ဓာ ငါးပါးကိုပဲ ဆိုခဲ့ပြီးတဲ့နည်းအတိုင်း ရှုရပါတယ်တဲ့။

အဲဒီလို ရှုမှတ်ပွားများလျှင် နောက်တစ်ဆင့် သကဒါဂါမ် ဖြစ်နိုင်ပါတယ်တဲ့။ ဘာဖြစ်နိုင်ပါလိမ့် ?

သကဒါဂါမ် ဖြစ်နိုင်ပါတယ်ဘုရား။

ဒါကြောင့်လိုက်ဆို–

ဆောင်ပုဒ်။ သို့ရှုမြင်သန်၊ သကဒါဂါမ်၊ အမှန်ဖြစ်နိုင်သည်။ ၂

နောက်တစ်ဖန် ငါရှင်သာရိပုတ္တရာ သကဒါဂါမ်

ဖြစ်ပြီးလျှင် ဘယ်တရားတွေကို ထပ်ပြီးရှုရပါသလဲလို့ မေးလျှောက်တော့၊ ငါ့ရှင်ကောဋ္ဌိက သကဒါဂါမ်ရဟန်း ဟာလည်းပဲ ဤဥပါဒါနက္ခန္ဓာတရား ငါးပါးတို့ကိုပဲ မမြဲဆင်းရဲစသည်ဖြင့် နှလုံးသွင်းရတာပဲလို့ ဖြေကြားတော်မူလိုက်ပြန်ပါတယ်။

ဒါကြောင့် အဲဒါကိုလည်းပဲ လိုက်ဆိုရအောင်–

ဆောင်ပုဒ်။ သကဒါဂါမ်ကား၊ ဘယ်တရား ရှုပွားအပ်ပါသနည်း။

သကဒါဂါမ်လဲ၊ ခန္ဓာပဲ၊ ရှုမြဲ နည်းတူသည်။

သို့ရှုမြင်သန်၊ အနာဂါမ်၊ အမှန်ဖြစ်နိုင်သည်။

သကဒါဂါမ်ပုဂ္ဂိုလ်ကလည်း ဒီခန္ဓာငါးပါးကိုပဲ ဝိပဿနာရှုပြန်တော့ နောက်တစ်ဆင့် အနာဂါမ်ဖြစ်သွားနိုင်တယ်။ မဖြစ်နိုင်ပါဘူးလား?

ဖြစ်နိုင်ပါတယ်ဘုရား။

နောက်တစ်ခါ ငါ့ရှင်သာရိပုတ္တရာ အနာဂါမ်ဖြစ်သွားပြီးလျှင် အဘယ်တရားတွေကို ထပ်ပြီးရှုရပါသလဲလို့ ထပ်မံလျှောက်ထားတော့ ငါရှင်မဟာကောဋ္ဌိက အနာဂါမ်ရဟန်းကလည်းပဲ ဤဥပါဒါနက္ခန္ဓာတရား

ငါးပါးတို့ကိုပဲ မမြဲဆင်းရဲစသည်ဖြင့် နှလုံးသွင်းရှုရတာပဲ လို့ဖြေကြားတော်မူလိုက်ပါတယ်။

အဲဒါကိုလည်း လိုက်ဆိုကြရအောင်-

ဧဆောင်ပုဒ်။ အနာဂါမ်ကား၊ ဘယ်တရား ရှုပွားအပ်ပါသနည်း။ ♩

အနာဂါမ်လဲ၊ ခန္ဓာပဲ၊ ရှုမြဲ နည်းတူတည်း။ ♩

သို့ရှုမြင်သန်၊ အရဟံ၊ အမှန်ဖြစ်နိုင်သည်။ ♩

အနာဂါမ်ပုဂ္ဂိုလ်ကလည်း ဒီခန္ဓာငါးပါးကိုပဲ ဝိပဿနာရှုပြန်တော့ နောက်တစ်ဆင့် ရဟန္တာဖြစ်သွားနိုင်တာပဲတဲ့။ . မဖြစ်နိုင်ဘူးလား၊ ဖြစ်နိုင်သလား ?

ဖြစ်နိုင်ပါတယ်ဘုရား။

ဆက်ပြီးတော့ ငါ့ရှင်သာရိပုတ္တရာ ရဟန္တာဖြစ်သွားတဲ့အခါကျတော့ အဘယ်တရားတွေကို နှလုံးသွင်းရှုရပါသလဲလို့ မေးတဲ့အခါမှာ ငါ့ရှင်ကောဋ္ဌိက ရဟန္တာလည်းပဲ ဒီခန္ဓာငါးပါးကိုပဲ မမြဲဆင်းရဲစသည်ဖြင့် ရှုရတာပါပဲတဲ့။ ရဟန္တာပုဂ္ဂိုလ်ကရော ဘယ်တရားတွေကို ရှုရပါသေးသလဲ ?

ခန္ဓာငါးပါးကိုပဲ ရှုရပါတယ်ဘုရား။

ဒီဖြေကြားချက်တွေကို ထောက်ပြီးတော့ အဲဒီဥပါဒါနကွန္ဓာတရားတွေဟာ ပုထုဇဉ်အဖြစ်ကစပြီး၊ ရဟန္တာဖြစ်ပြီးသည့်တိုင်အောင် ဆက်လက်ရှုနေရတဲ့ တရားတွေပဲလို့ တရားနာပရိသတ်များက ယုံကြည်စိတ်ချပြီး မိမိတို့လည်းပဲ အဲဒီတရားတွေကို ဆက်လက်ရှုမှတ်ဖို့အရေးကြီးပါတယ်။

ဆောင်ပုဒ် ဆိုလိုက်ကြရအောင်-

ဆောင်ပုဒ်။ ရဟန္တာကား၊ ဘယ်တရား ရှုပွား အပ်ပါသနည်း။

ရဟန္တာလဲ၊ ခန္ဓာပဲ၊ ရှုမြဲနည်းတူသည်။

ရဟန္တာပုဂ္ဂိုလ် ဒီလိုဆက်ရှုတော့ ရဟန္တာပုဂ္ဂိုလ်မှာ သီလ သမာဓိ ပညာတရားတွေ အားလုံးပြည့်စုံပြီးသားဖြစ်တဲ့အတွက်ကြောင့် တရားအသစ်တွေလည်းပဲ တိုးတက်ခြင်း မရှိတော့ပါဘူး။ ပြည့်စုံပြီးသား တရားအဟောင်းတွေလည်းပဲ တိုးပွားခြင်းမရှိတော့ပါဘူးတဲ့။ သို့သော် ဘယ်လိုအကျိုးတရားတွေ ရရှိနိုင်ပါသလဲဆိုလျှင် မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်းအကျိုး၊ သတိသမ္ပဇဉ်ဖြစ်ပွားခြင်း အကျိုးတို့ကိုရရှိနိုင်ပါတယ်တဲ့။

ဒါကြောင့် အဲဒါကိုလည်းလိုက်ဆိုကြရအောင်–

ဆောင်ပုဒ်။ သို့ရှသော်ငြား။ သစ်ဟောင်းကား တိုးပွားမရှိပြီ။ ၂

သတိသမ္မဇ္ဈင်၊ ရှုတိုင်းယှဉ်၊ မျက်မြင်ချမ်းသာသည်။ ၂

ကိုလေသာအားလုံး ကင်းတော်မူကြတဲ့ ရဟန္တာပုဂ္ဂိုလ်များပင်လျှင် ဤအကျိုးတရားနှစ်မျိုး ရရှိဖို့ရန် ဒီဥပါဒါနက္ခန္ဓာတရားတွေကိုပဲ နှလုံးသွင်းရှုနေရတာပဲဆိုတော့ ယောဂီအပေါင်း၊ သူတော်ကောင်းများလည်းပဲ ဒီဥပါဒါနက္ခန္ဓာတရားတွေကို အမြဲမပြတ်နှလုံးသွင်း ရှုမှတ်နေလျှင် ယခုမျက်မှောက်ဘဝမှာ ချမ်းသာစွာနေရခြင်းဆိုတဲ့ အကျိုးတရား၊ သတိသမ္ဗဇ္ဈင် ဖြစ်ပွားခြင်းဆိုတဲ့ အကျိုးတရားတွေ မရနိုင်ပါဘူးလား?

ရနိုင်ပါတယ်ဘုရား။

အဲဒီ အကျိုးတရားတွေကို ရရှိပြီးတော့ မိမိတို့လူလားအပ် တောင့်တအပ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန် တရားထူးတရားမြတ်တွေကိုလည်းပဲ ရနိုင်သလား၊ မရနိုင်ဘူးလား?

ရနိုင်ပါတယ်ဘုရား။

ဒီတော့ ဘုန်းကြီးဟောကြားခဲ့တဲ့ "ဝိပဿနာ

မူသေစည်း" ဆိုတဲ့ တရားဒေသနာတော် အတော်အဆင့်
ပြည့်စုံသွားပါပြီ၊ ငယာဂီပုဂ္ဂိုလ်များလည်းပဲ နားလည်
သဘောပေါက်နိုင်လောက်ပြီလို့ ယူဆတဲ့အတွက်
ဤတရားဒေသနာတော်ကို ဤမှာပဲအဆုံးသတ်ကြ
ရအောင်–

ဤ "ဝိပဿနာရှုနည်း မူသေစည်း" တရားတော်
ကို ရိုသေစွာနာယူ မှတ်သားကြရတဲ့ ကုသိုလ်ကံ၊ စေတနာ
တို့ကြောင့် ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာစွာဖြင့် မိမိတို့
သန္တာန်မှာ ထင်ရှားရှိနေတဲ့ ဥပါဒါနက္ခန္ဓာတရားငါးပါး
တို့ကို အနိစ္စအစရှိသော အခြင်းအရာတို့ဖြင့် မှန်ကန်စွာ
ရှုမြင်နိုင်ကြကုန်သည်ဖြစ်၍ မိမိတို့လိုလားအပ် တောင့်တ
အပ်သော မဂ်ဖိုလ်နိဗ္ဗာန် တရားထူးတရားမြတ်တို့ကို
လွယ်ကူသောအကျင့် လျင်မြန်သောအသိဉာဏ်တို့ဖြင့်
လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်
သတည်း။

သာဓု... သာဓု... သာဓု ပါဘုရား။

အရပ်ဆယ်မျက်နှာနေ၊အားလုံးသောသတ္တဝါတွေ၊ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့်၊ မိမိတို့ခန္ဓာဝန်ကို၊ ရွက်ဆောင်နိုင်ကြပါစေ။

သာဓု... သာဓု... သာဓု ပါဘုရား။

သဗ္ဗဒါန် ဓမ္မဒါန် ဇိနာတိ
အလှူအားလုံးတို့တွင် တရားအလှူသည်
အမြတ်ဆုံးဖြစ်၏။
ဆရာတော် ဦးဥက္ကံသ၏ ဓမ္မစာပေ ပြန့်ပွားရေးအတွက်
လှူဒါန်းကြသော အလှူရှင်များ

စဉ်	အလှူရှင်များ	အလှူငွေ
၁။	ဒေါက်တာဦးမြင့်လွင်+ဒေါစမ်းစမ်းနွယ် (သမီး)မခိုင်ဝေလွင်၊ (သား)ဒေါက်တာ ခန့်လွင်+မရွှေဇင်တိုး၊ (မြေး)မဇကရီလွင် မိသားစု။အမှတ်(၁၁)၊အရှေ့မြင်းပြိုင်ကွင်း လမ်း၊တာမွေ၊ ရန်ကုန်မြို့။	၁၃၀၀၀၀
၂။	(ဦးအောင်မြတ်ကျော်)+ဒေါခင်သိန်းဒိုင် မိသားစု။ ဖမိုင်၊ ရန်ကုန်မြို့။	၅၀၀၀၀
၃။	ဒေါခင်သန်းဒိုင် မိသားစု။ (၅)စီ၊ ဖမိုင်၊ ရန်ကုန်မြို့။	၅၀၀၀၀
၄။	ဦးဝင်းမြင့်+ဒေါနန်းခမ်းအော (သား) ခွန်ကျော်မြင့်ထူး၊(သမီး)နန်းဗိုခမ်းမိသားစု။ အထက်ပဒေသာပင်လမ်း၊ F.M.I City၊ လှိုင်သာယာ၊ ရန်ကုန်မြို့။	၅၀၀၀၀
၅။	ဦးဘသန်း+ဒေါစွဲ့ခင်မာဝင်း မိသားစု ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့။	၅၀၀၀၀

၆။ ကိုနေဝင်း+မကေသီ(သမီး)ချောယဉ်ယဉ်၊ ၃၀၀၀၀
ဖြိုးသွဲ.လှိုင်။ အမှတ်(၁၉)၊၃လွှာ၊ပန်းပင်
ကြီးလမ်း၊ ကြည့်မြင်တိုင်၊ရန်ကုန်မြို.။

၇။ မိခင်ဒေါ်ကြည်ကြည်နွဲ.ကို အမှူးထား၍ ၃၀၀၀၀
မောင်ခင်အောင်+မခင်နွဲ.တင်၊ မခင်နွဲ.ဝင်း၊
(မြေး)ရန်လင်းနောင်၊ကောင်းထိုက်ကျော်။

၈။ မထွေးထွေးစိုး၊ မချိုအေးမော် ၂၁၀၀၀
(၂၆၃)၊ ဗိုလ်မြတ်ထွန်းလမ်း၊
ဗိုလ်တထောင်၊ရန်ကုန်မြို.။

၉။ အားထုတ်ဆဲယောဂီ ဒေါ်ခင်သိန်းရီမှ ၂၀၀၀၀
ကိုခင်ဇော်+မအေးအေးမော်တို့၏
မဂလာနှစ်ပတ်လည်အလှူ။

၁၀။ ဒေါ်သောင်းဌေးမိသား၊စု။ ၂၀၀၀၀
သစ္စာလမ်း၊မြဝတီရပ်၊မုံရွာမြို့။

၁၁။ ဒေါ်မြကြည်၊ ဒေါ်ခင်အေးငြိမ်း ၂၀၀၀၀
မုံရွာမြို.။

၁၂။ ဖခင်ဦးသာကျော်၊ မိခင်ဒေါ်တင်ရွှေတို့အား ၂၀၀၀၀
ရည်စူး၍ (သမီး)မခင်အေး နှင့်
မသီအေးကျော်။ လှည်းကူးမြို.။

၁၃။ ဒေါ်ဒေဝီခင် မိသား၊စု။ ၂၀၀၀၀
စမ်းချောင်း၊ ရန်ကုန်မြို့။

၁၄။ ဒေါ်သီတာအောင်၊ဒေါ်သီသီမာ(ပြင်ဦးလွင်) ၁၀၀၀၀
(Auto Exchange)၊

၁၅။ ကိုအေးချမ်း+မမြတ်ထွေးအောင် ၁၀၀၀၀
၁၃(ခ)၊ဦးဖိုးညွန့်ရိပ်သာ၊ ပါရမီလမ်း၊
မရမ်းကုန်း၊ရန်ကုန်မြို့။
၁၆။ ဒေါ်ကြည်ကြည်နွဲ့.မိသားစု၊ ရန်ကုန်မြို့. ၁၀၀၀၀
ဒေါ်ကြည်ကြည်နွဲ့.၏အသက်(၇၄)နှစ်ပြည့် ၁၀၀၀၀
မွေးနေ့.အလှူ။ (၉၂၅)၊ပျဉ်းမမြို့ငြိလမ်း၊
မြောက်ဒဂုံ၊ ရန်ကုန်မြို့.။
၁၇။ ဒေါက်တာဦးခင်မောင်လေး+ဒေါက်တာ ၁၀၀၀၀
ဒေါ်လှလှမိသားစု။ အမှတ်(၃၀)၊မနော်
ဟရီလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
၁၈။ မောင်မိုးမြင့်ဟိန်း အသက်(၂၃)နှစ်ပြည့် ၁၀၀၀၀
မွေးနေ့.မင်္ဂလာ။ အမှတ်(၃၀)၊ မနော်ဟရီ
လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့.။
၁၉။ အားထုတ်ဆဲယောဂီ ဒေါ်ခင်သိန်းရီမှ ၁၀၀၀၀
ကနေဒါနိုင်ငံနေ မောင်ကောင်းထက်ဇော်
၏အသက်(၁၁)နှစ်ပြည့် မွေးနေ့.အလှူ။
၂၀။ ဒေါက်တာမောင်ဒီ+ဒေါ်စောနွယ်ဦး ၁၀၀၀၀
သား၊သမီး၊မြေးမိသားစု။
အဖွားဒေါ်အေးကြည် အသက်(၈၇)နှစ် ၁၀၀၀၀
ပြည့် မွေးနေ့.အလှူ။ ရန်ကုန်မြို့။
၂၁။ ဒေါ်ညွှန့်ရင် သား၊သမီး၊မြေးမိသားစု။ ၁၀၀၀၀
ကုန်းမြင့်ရိပ်သာ၊ ၇မိုင်၊ ရန်ကုန်မြို့။

၂၂။ အား:ထုတ်ဆဲယောဂီ ဒေါ်တင်တင်အေး၊ ၁၀၀၀၀
ဒေါ်မြမြမိုး။ ပဲခူး:မြို့။

၂၃။ ဦး:ဝင်း:စိန်+ဒေါ်သဇင်မြိုင် မိသား:စု ၁၀၀၀၀
ရေကျော်၊ ရန်ကုန်မြို့။

၂၄။ ဒေါ်ဥတ္တရာဇာဏီ၏ အသက်(၄၇)နှစ်ပြည့် ၇၀၀
မွေး:နေ့အလှူ။
ခိပ္ပါဘိညာသဒ္ဓမ္မရံသီရိပ်သာ၊ အင်း:တိုင်။

၂၅။ ဦး:ကြည်လွင်+ဒေါ်တင်ဝင်း ၆၅၀၀
အမှတ်(၄၂)၊ သာဓုလမ်း၊ ကြည့်မြင်တိုင်။

၂၆။ အား:ထုတ်ဆဲယောဂီ ဒေါ်ဝင်း:မြင့်၊ ၆၀၀၀
မခင်ဌေး:သင်း၊ မအေး:သိန်း။

၂၇။ ဒေါ်စိန်မြ မိသား:စု။ ရန်ကင်း၊ ရန်ကုန်မြို့။ ၅၁၀၀

၂၈။ ဖိုး:လပြည့်(ခ)ဝေလျှံဖုန်း:မြင့်အား:ရည်စူး၍ ၅၀၀၀
ဦး:စိုး:လွင်မြင့်+ဒေါ်ခင်သန်း:လေး (သား)
မောင်အေး:ချမ်း:မြင့်၊(သမီး)မရွှေစင်မြင့်
မိသား:စု။ ကြေး:မုံရွာ၊ မုံရွာမြို့။

၂၉။ ငွေစုဘဏ်(၄)အဖွဲ့၊ ရန်ကုန်မြို့။ ၅၀၀၀

၃၀။ ဗိုလ်မှူးကြီး:တိုး:အောင်+ဒေါ်ခင်မြတ်ညွန့် ၅၀၀၀
မိသား:စု။ (တိုး:ရည်စတိုး)၊အောင်မင်္ဂလာဝင်း၊
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

၃၁။ ဗိုလ်ချုပ်အောင်ကြည်+ဒေါ်သက်ရွှေ ၅၀၀၀
မိသား:စု။ နေပြည်တော်။

၃၂။ မိဘများအား အမှီးထား၍ မသီသီလွင်နှင့် ၅၀၀
မောင်နှမများ။

၃၃။ မတောင်ရာဝင်ဝင်း၊ မဝင်းဝင်းမော် ၅၀၀
၁၂၇(စီ) မြင့်မိုရ်လမ်း၊ လှည်းကူး။

၃၄။ ဇဒါနန်းလှသိန်း ၅၀၀

၃၅။ ဒေါခင်သီ ၅၀၀
အမှတ်(၁၁)၊အရှေ့မြင်းပြိုင်ကွင်းလမ်း၊
တာမွေ၊ ရန်ကုန်မြို့။

၃၆။ မမီးမီးရှမ်းနှင့်ညီအမတစ်စု ၅၀၀
မိုးညှင်းမြို့၊ ကချင်ပြည်နယ်။

၃၇။ ဗိုလ်မှူးဇော်ထွန်း+ဗိုလ်ကြီးဒေါမြင့်မြင့်အေး ၅၀၀
ရန်ကုန်မြို့။

၃၈။ မိဘနှစ်ပါးအား ရည်စူး၍ ဦးနိုင်ဝင်း+ ၅၀၀
ဒေါမြင့်မြင့်ရီ(သား)မောင်ဇေယျာဝင်း
မိသားစု။

၃၉။ ငွေစုဘဏ်ခွဲ(၄)မှ အားထုတ်ဆဲယောဂီ ၅၀၀
(၄)ဦး။ ကျောက်တံတား၊ ရန်ကုန်မြို့။

၄၀။ ဦးမြင့်ဆွေ+ဒေါခင်ရှူ (သမီး)ဒေါရီရီဆွေ ၅၀၀
မိသားစု။ ပျဉ်းမပင်၊ မင်္ကလာဒုံ၊ ရန်ကုန်မြို့။

၄၁။ ဦးစိုးမြင့်+ဒေါခင်မေကြည် မိသားစု။ ၅၀၀

၄၂။ ဦးလှခေါင် ကိုရည်စူး၍ ဒေါခင်စော ၅၀၀
မိသားစု။ တောင်ညက်လာ၊ ရန်ကုန်မြို့။

ဤစာအုပ်မှာ သိကောင်းစရာများ

- ဝိပဿနာတရား ပွားများအားထုတ်ကြတဲ့ယောဂီများ
  ရှေးဦးစွာပြည့်စုံရမည့် တရား - ၂ ပါးကို သိပြီးပြီလား?
- ဝိပဿနာရှုရမည့်တရားများကို သေသေချာချာသိပြီးပြီလား?
- ဘယ်အကျိုးငှါ ဝိပဿနာရှုရပါသလဲ?
- ဘယ်အချိန်အခါကာလမှာ ဝိပဿနာရှုရပါသလဲ?
- ဝိပဿနာရှုတဲ့အခါ ဘယ်ပုံဘယ်နည်းဖြင့် ရှုအပ်ပါသလဲ?
- နည်းမှန်လမ်းမှန် ရှုပွါးနည်းကို သေသေချာချာသိပြီးပြီလား?
- သောတပန်ပုဂ္ဂိုလ် ရှုအပ်သည့်တရားများကို သိပြီးပြီလား?
- သကဒါဂါမ်ပုဂ္ဂိုလ် ရှုအပ်သည့်တရားများကို သိပြီးပြီလား?
- အနာဂါမ်ပုဂ္ဂိုလ် ရှုအပ်သည့်တရားများကို သိပြီးပြီလား?
- ရဟန္တာပုဂ္ဂိုလ် ရှုအပ်သည့်တရားများကို သိပြီးပြီလား?